# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday , 27 November 2016 (၈၇၅၈)


## ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့သွားရောက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ-တရုတ် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများ ဦးဆောင်ဆွေးနွေးသည့် အဆင့်မြင့်ဆွေးနွေးပွဲဆိုင်ရာ သတင်းထုတ်ပြန်

စာမျက်နှာ - ၃

# ဆောင်းရာသီ အပန်းဖြေနိုင်မည့် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းဖွင့်လှစ်



နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း၌ အပန်းဖြေရေပူစိမ်နေကြသူများအား တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၁၆ - ၂၀၁၇ ခုနှစ် ဆောင်းရာသီ၏ နေပြည်တော်ရေပူစမ်း အပန်းဖြေစခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်-ပင်လောင်းကားလမ်း တောင်ကျကျေးရွာအနီးရှိ အဆိုပါအပန်းဖြေစခန်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ကရင်တိုင်းရင်းသားရိုးရာ အကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ရေပူစမ်းအပန်းဖြေစခန်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကရင်တိုင်းရင်းသားရိုးရာ ဝါးညှပ်အက ကပြဖျော်ဖြေမှုအား ကြည့်ရှုပြီး နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းအတွင်းလှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့

# UNHCR ရုံး အမှုထမ်း John McKissick ၏ ကိုယ်ကျင့်သိက္ခာနှင့် မညီညွတ်သော စွပ်စွဲပြောကြားချက်များအပေါ် ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ကန့်ကွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox Baazaar အခြေစိုက် UNHCR ရုံး အမှုထမ်း John McKissick က ကုလသမဂ္ဂဝန်ထမ်းတစ်ဦး၏ ကိုယ်ကျင့်သိက္ခာနှင့် မညီညွတ်သော စွပ်စွဲပြောကြားချက်များနှင့် စပ်လျဉ်း၍ ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းက UNHCR ဌာနချုပ်မှ Assistant High Commissioner (Protection) Mr. Volker Turk ထံ သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ သဘောထားကို ပြောကြားကာ ကန့်ကွက်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ဘီဘီစီသတင်းဌာန၏ နိုဝင်ဘာ ၂၄ ရက် သတင်းတွင် ဖော်ပြပါရှိခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ Cox Baazaar အခြေစိုက် UNHCR ရုံးမှ အမှုထမ်းဖြစ်သူ John McKissick က ကုလသမဂ္ဂဝန်ထမ်းတစ်ဦး၏ ကိုယ်ကျင့်သိက္ခာနှင့် မညီညွတ်သော၊ UNHCR ၏ လုပ်ငန်းများအပေါ် ထားရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# မြန်မာ-တရုတ် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနများ ဦးဆောင်ဆွေးနွေးသည့် အဆင့်မြင့်ဆွေးနွေးပွဲဆိုင်ရာ သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပထမအကြိမ် မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ဦးဆောင်သည့် (၂ + ၂ ) အဆင့်မြင့်ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက်က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးတွဲသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ပထမအကြိမ် မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ၂၅-၁၁-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့ ဦးဆောင်၍လည်းကောင်း၊ တရုတ်ဘက်မှ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Liu Zhenmin နှင့် တရုတ်ဗဟိုစစ်ကော်မရှင်၊ ဒုတိယညှိနှိုင်းကွပ်ကဲရေးမှူး General Xu Fenlin တို့ ဦးဆောင်၍လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

၂။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တောတောင်ရေမြေချင်းဆက်စပ်နေကာ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပြီး နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးမှာ တိုးတက်ကောင်းမွန်လျက်ရှိပါသည်။ ဆွေးနွေးပွဲကို နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်လျက်ရှိသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုအခြေပြု၍ကျင်းပရာတွင် မြန်မာနှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သော အကူအညီများပေးအပ်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တရားမဝင် ဝင်/ထွက်သွားလာမှုများ တားဆီးရေးနှင့် တရားဝင်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသများ၏လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပါသည်။

၃။ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို နှစ်ဖက်လုံးက လွန်စွာအလေးထားကြပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၌ လက်ရှိဖြစ်ပေါ်နေသော တင်းမာမှုအခြေအနေကို အမြန်ဆုံးပြေငြိမ်းသွားစေရန်နှင့် မြန်မာ-တရုတ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ မူလပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တရုတ်ဘက်ကတိုက်တွန်းပါသည်။

၄။ ပထမအကြိမ် မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ မကျင်းပမီ ၂၄-၁၁-၂၀၁၆ ရက်နေ့တွင် ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဒုတိယဝန်ကြီး H.E Mr.Liu Zhenmin တို့ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည်လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် General Xu Fenlin တို့ ဦးဆောင်သော နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များသည်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

၅။ ဖော်ပြပါအစည်းအဝေးသည် မြန်မာနှင့် တရုတ်နိုင်ငံတို့၏နယ်စပ်ဒေသများ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှုပိုမိုရရှိစေရန်ရည်ရွယ်၍ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သည့် ဗဟိုအစိုးရအဆင့် နှစ်နိုင်ငံဆွေးနွေးမှုယန္တရားတစ်ခုဖြစ်ပါသည်။

၆။ ယင်းအဆင့်မြင့်ဆွေးနွေးပွဲအား နှစ်နိုင်ငံအကြား အလှည့်ကျနှစ်စဉ်ပုံမှန်ကျင်းပပြုလုပ်ရန်နှင့် ဒုတိယအကြိမ်ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်ရန် နှစ်ဖက်သဘောတူခဲ့ကြပါသည်။

■ **ရွှေဖုံးမှ**

ယုံကြည်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်ပျက်ပြားစေနိုင်သော၊ အခြေအမြစ်မရှိသည့် တစ်ဖက်သတ် စွပ်စွဲပြောကြားချက်များနှင့် စပ်လျဉ်း၍ ဂျီနီဗာမြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးထင်လင်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအားတွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း မဟာမင်းကြီးသည် ပြည်ပသို့ရောက်ရှိနေ၍လည်းကောင်း၊ ဒုတိယမဟာမင်းကြီးမှာ အားလပ်ခြင်းမရှိ၍လည်းကောင်း Assistant High Commissioner (Protection) ဖြစ်သူ Mr. Volker Turk နှင့် နိုဝင်ဘာ ၂၅ ရက်တွင် ဂျီနီဗာမြို့ရှိ UNHCR ရုံးချုပ်၌ သွားရောက်တွေ့ဆုံပြီး ကန့်ကွက်ပြောကြားခဲ့ခြင်းဖြစ်သည်။

### UNHCR ၏ ဂုဏ်သိက္ခာကိုထိခိုက်စေ

မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းက မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ ပထမအချက်မှာ BBC မှ ထုတ်ပြန်ခဲ့သည့် Mr. John McKissick ၏ ပြောကြားချက်ကို ၎င်းအနေဖြင့် အမှန်တကယ်ပြောကြားခဲ့ခြင်း ရှိ/မရှိ စိစစ်ပေးရန်နှင့် ဒုတိယအချက်မှာ ၎င်းအနေဖြင့် ပြောကြားခဲ့ခြင်းမရှိက ယင်းသို့ပြောကြားခဲ့ခြင်းမရှိကြောင်း သတင်းထုတ်ပြန်ပေးရန်၊ ထို့အပြင် တတိယအချက်အနေဖြင့် ၎င်းကပြောကြားခဲ့သည်ဆိုပါက ပါဝင်သည့်အချက်များသည် မှန်ကန်မှုမရှိသောကြောင့် ကန့်ကွက်ပါကြောင်း၊ ထိုသို့ပြောကြားချက်များသည် ကုလသမဂ္ဂဝန်ထမ်းများလိုက်နာရမည့် Code of Conduct နှင့် မညီညွတ်ကြောင်း၊ ယင်းသို့ပြောကြားခြင်းသည် UNHCR ၏ ဂုဏ်သိက္ခာကို ထိခိုက်စေကြောင်း၊ ၎င်း၏ပြောကြားချက်သည် မြန်မာနိုင်ငံနှင့် အစိုးရ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ၎င်း၏ပြောကြားချက်နှင့်ပတ်သက်၍ စိစစ်ပြီး ပြန်လည်ဖြေရှင်းပေးရန် မေတ္တာရပ်ခံကြောင်း၊ စာရေးသားကန့်ကွက်ရန်လိုပါက စာပေးပို့သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

### ပြန်ကြားပေးမည်

UNHCR မှ Assistant High Commissioner Mr. Volker Turk က ၎င်းမှာ ပြည်ပခရီးသွားရောက်ခဲ့ပြီး Mr. John McKissick ၏ ပြောကြားချက်ကို ယမန်နေ့ကမှ သိရှိ၍ ၎င်းအနေဖြင့် လည်းကောင်း၊ UNHCR အနေဖြင့်လည်းကောင်း အံ့သြမိပါကြောင်း၊ ယင်းပြောကြားချက်သည် Mr. John McKissick ၏ Individual capacity ဖြင့် ပြောကြားခြင်းဖြစ်ကြောင်း၊ UNHCR၏ ရပ်တည်ချက်ကို ကိုယ်စားမပြုပါကြောင်း၊ အမြဲတမ်းကိုယ်စားလှယ် မေတ္တာရပ်ခံထားသည့်အတိုင်း UNHCR အနေဖြင့် ဤကိစ္စကို မည်သို့ဆက်လက်ဆောင်ရွက်နိုင်မည်ကို ပြန်လည်စိစစ်၍ ပြန်ကြားပေးမည်ဖြစ်ပါကြောင်း၊ မြန်မာအစိုးရ၊ မြန်မာပြည်သူလူထုနှင့် UNHCRတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လိုပါကြောင်း၊ မည်သည့်အကူအညီမျိုးကိုမဆို ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

### လက်ခံနိုင်ဖွယ်ရာမရှိ

UNHCR သည် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ဖြစ်၍ ကုလသမဂ္ဂဝန်ထမ်းတစ်ဦးအနေဖြင့် ရှိသင့်ရှိအပ်သည့် ကိုယ်ကျင့်သိက္ခာ၊ လိုက်နာရသည့် စည်းမျဉ်းစည်းကမ်းများ ပြည့်ဝရန်လိုအပ်ပြီး သတင်းမီဒီယာများတွင် ကုလသမဂ္ဂအဖွဲ့အစည်းအမည်နာမကို အသုံးပြု၍ မဟုတ်မမှန်သတင်းများ ဖြန့်ချိခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိသည့် လုပ်ဆောင်ချက်ဖြစ်၍ UNHCR အနေဖြင့် Mr. John McKissick ၏ ကိုယ်ကျင့်သိက္ခာပျက်ပြားသော ယခုလုပ်ဆောင်ချက်အပေါ် စိစစ်ဖြေရှင်းမှုပြုရမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ သွားရောက်

**ရန်ကုန် နိုဝင်ဘာ ၂၆**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးလှမောင်ရွှေက "တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက လွန်ခဲ့တဲ့တစ်လလောက်ကတည်းကဖိတ်ကြားလို့ သွားတာပါ။ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းခေါင်းဆောင်ပြီး JMC က ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်လည်းပါတယ်။

ရှမ်းမြောက် ကိစ္စတွေအတွက် အထောက်အကူပြုမလားဆိုတော့ ငြိမ်းချမ်းရေး ကော်မရှင်အနေနဲ့က အစိုးရကချမှတ်ထားတဲ့ ပေါ်လစီနဲ့ မူဘောင်ထဲက ဆောင်ရွက်မှာပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က NRPC ရဲ့ ဥက္ကဋ္ဌပါ။ နိုင်ငံတော်အတိုင်ပင်ခံထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ဟာ ငြိမ်းချမ်းရေးအတွက်အစိုးရရဲ့ ပေါ်လစီပါပဲ"ဟု ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်တွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ တပ်မတော်မှ အရာရှိကြီးများ၊ အကြံပေးအဖွဲ့ဝင်နှင့် အထောက်အကူပြု အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။ **(အပေါ်ပုံ)**

**သတင်း-ရဲခေါင်ညွန့်**

**ဓာတ်ပုံ-Peace Commission**

❒ **ဆောင်းရာသီမှ**

အဆိုပါ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းသည် ပင်လောင်းမြို့နယ် တောင်ကျ ကျေးရွာအနီးတွင်တည်ရှိပြီး နေပြည်တော် - ပင်လောင်း ကားလမ်း မိုင်တိုင် ၂၄ မိုင် ၄ ဖာလုံ လမ်းခွဲမှ ၁ မိုင် ၆ ဖာလုံ ကွာဝေးကာ ၂၀၁၀ ခုနှစ် ဧပြီ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

နေပြည်တော် ရေပူစမ်းသည် ပင်လယ်ရေ မျက်နှာပြင်အထက် ၁၅၀၈ ပေ အမြင့်တွင်တည်ရှိပြီး ဝဲ၊ ယာဘက်တွင် မြင့်မားသော တောင်တန်းကြီးများက ကာရံထားကာ သဘာဝတောတောင်၏ အလှကို အားပါးတရ တွေ့မြင်ခံစားနိုင်သည်။

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် နေရာသုံးနေရာမှ သဘာဝအလျောက် ထွက်ရှိသည့် ရေပူများကို ရေပူစီးကြောင်းဖြင့်လည်းကောင်း၊ ရေအေးစီးကြောင်းမှ ရေအေးများကို ရေအေးစီးကြောင်းဖြင့်လည်းကောင်း သွယ်ယူ၍ ပြင်ပစုပေါင်းရေစိမ်ကန် လေးကန်၊ သီးသန့် (ကျား၊ မ) ရေစိမ်ခန်း လေးခန်း၊ လုံးချင်းရေစိမ်ခန်း သုံးခန်းနှင့် ခြောက်ခန်းတွဲ ရေစိမ်ခန်းများသို့ ရေပူ၊ ရေအေးရောစပ်၍ ပြည်သူအများ အသုံးပြုအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။




ထို့အပြင် ရေပူစမ်း အပန်းဖြေစခန်းအတွင်း ပတ်ဝန်းကျင်ကိုကြည့်ရှုပြီး နားနေနိုင်သည့် နားနေဆောင် (ဂါဇီဘို) သုံးခုနှင့် ကျား၊ မ သီးခြားအဝတ်လဲခန်းများနှင့် သန့်စင်ခန်းများပါ တည်ဆောက်ပေးထားကာ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပေးထားသည်။

အပန်းဖြေ အနားယူသူများ စားသောက်နိုင်စေရန် ဒေသခံတိုင်းရင်းသား စားသောက်ဆိုင်များနှင့် အဆင့်မြင့်စားသောက်ဆိုင်များရှိပြီး ဒေသထွက်သီးနှံများဖြစ်သော နနွင်းခါး၊ ဖာလာ၊ တညင်း၊ ရွှေနိုင်ငှက်ပျော၊ မျှစ်ချဉ်၊ ပျားရည်နှင့် ဆေးဖက်ဝင်သစ်ဥသစ်ဖုများ၊ သစ်ခွပန်းများကိုပါ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

■



# ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်လ် ကက်စထရို ကွယ်လွန်ရှာပြီ

**ဟာဗားနား နိုဝင်ဘာ ၂၆**
အသက်(၉၀)နှစ်ရှိပြီဖြစ်သော ကျူးဘားတော်လှန်ရေး ခေါင်းဆောင်ဖီဒယ်လ် ကက်စထရိုသည် နိုဝင်ဘာ ၂၅ ရက်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ယနေ့ ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၂၉ မိနစ်တွင် ကျူးဘားပြည်သူများနှင့် မိမိတို့အလွန် ချစ်မြတ်နိုးသော ခေါင်းဆောင်ကြီး ဖီဒယ်လ်ကက်စထရို ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ အလွန်တရာ ဝမ်းနည်းကြေကွဲစွာဖြင့် ကျူးဘားပြည်သူများအား သတင်းစကားပါးအပ်ပါကြောင်း ကျူးဘားသမ္မတ ရာအူးလ် ကက်စထရိုကလော့ချ် အသံလွှင့်ဌာနမှတစ်ဆင့် ထုတ်ပြန်ပြောကြားခဲ့သည်။



ခေါင်းဆောင်ကြီး၏ ဆန္ဒအရ ယင်း၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်သွားမည်ဖြစ်ပြီး ယင်းစျာပန ဦးဆောင်ကော်မတီမှ လုပ်ဆောင်သည့် အစီအစဉ်အသေးစိတ်အား နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဟု ၎င်းက ပြောကြားသည်။

ကျူးဘားတော်လှန်ရေးခေါင်းဆောင်ကြီး ဖီဒယ်လ် ကက်စထရိုသည် ရာစုနှစ် ထက်ဝက်နီးပါးမျှ ကျူးဘားနိုင်ငံအား ဦးစီးဦးဆောင်ပြုအုပ်ချုပ်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာအကြောင်းပြချက်များဖြင့် ၂၀၀၆ ခုနှစ်တွင် အုပ်ချုပ်မှုအာဏာများကို လက်လွှတ်ကာ ၎င်း၏ အရိုက်အရာကို ညီဖြစ်သူ ရာအူးလ်ကက်စထရိုအား လွှဲပြောင်းပေးခဲ့သူဖြစ်သည်။

၎င်းဘဝ၏ နောက်ဆုံးအချိန်များတွင် အများပြည်သူ ရှေ့မှောက်သို့ တရားဝင်ထွက်ပေါ်ခြင်းမပြုတော့ဘဲ ကျူးဘားအစိုးရ အာဘော်ဂရမ်မာသတင်းစာ၌ ကမ္ဘာ့ရေးရာ အယ်ဒီတာ့ အာဘော်ဆောင်းပါးများရေးသားကာ နေထိုင်ခဲ့သည်။ ၎င်းအနေဖြင့် နောက်ဆုံး လက်ခံတွေ့ဆုံဆွေးနွေးခဲ့သူမှာ ကျူးဘားနိုင်ငံသို့ ယခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် အလည်အပတ် ခရီးလာရောက်ခဲ့သော ဗီယက်နမ်နိုင်ငံ သမ္မတ ထရှိုင်တန်ကောင်းဖြစ်သည်။ **ဆင်ဟွာ။**

# တောင်ကိုရီးယားသမ္မတအား ရာထူးမှနုတ်ထွက်ရန် ပြည်သူများအရှိန်အဟုန်မြှင့် ဆန္ဒထုတ်ဖော်

**ဆိုးလ် နိုဝင်ဘာ ၂၆**
တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးအား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုနေကြသည့် တောင်ကိုရီးယား ပြည်သူများက နိုဝင်ဘာ ၂၆ ရက်တွင် လူစုလူဝေးဖြင့် သမ္မတရုံးသို့ ချီတက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

သမ္မတပတ်ဂွန်ဟေးသည် သူနှင့်နှစ်ပေါင်းများစွာ ခင်မင်ခဲ့သည့် သူငယ်ချင်း ချွယ်ဆွန်ဆေးနှင့် သမ္မတ လက်ထောက်နှစ်ဦးတို့၏ အရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ခဲ့ခြင်းရှိသည်ဟု နိုဝင်ဘာ ၂၀ ရက်က လွှတ်တော်အမတ်များ၏ ထုတ်ဖော်ပြောကြားချက်ထွက်ပေါ်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပြည်သူများက လူစုလူဝေးဖြင့် သမ္မတအား ရာထူးမှ နုတ်ထွက်ရန် ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာလမှစပြီး ပြည်သူများက လက်ရှိဖြစ်ပေါ်နေသော အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး စနေနေ့တိုင်း ဆိုးလ်မြို့တွင် ဆန္ဒထုတ်ဖော်လေ့ရှိကြသည်။ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အကြာက ဆန္ဒထုတ်ဖော်သူပြည်သူပေါင်း ၂၆၀၀၀၀ ခန့်ပါဝင်ခဲ့ကြပြီး ပြီးခဲ့သည့်ရက်သတ္တပတ်က ဆန္ဒထုတ်ဖော်သူအရေအတွက် ၁၈၀၀၀၀ ခန့်ရှိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။ ယခု ဆန္ဒထုတ်ဖော်မှုသည် ငါးကြိမ်မြောက်ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်တွင် တရားရုံးက ပြည်သူများအား သမ္မတရုံးအနီး မီတာ ၂၀၀ ခန့်အကွာအဝေးတွင် ပထမဆုံးအကြိမ်အဖြစ် ဆန္ဒထုတ်ဖော်ခွင့်ပြုခဲ့သည်ဟု တောင်ကိုရီးယား မီဒီယာက ဆိုသည်။

ထိုသို့ တရားရုံးကခွင့်ပြုခဲ့ခြင်းမှာ ဆန္ဒထုတ်ဖော်ပြည်သူများ၏ တောင်းဆိုသံကို သမ္မတရုံးအတွင်းမှ ကြားနိုင်စေရန်ရည်ရွယ်ခြင်းဖြစ်သည်ဟု ပြည်သူအချို့က ထင်ကြေးပေးကြသည်။

ဆန္ဒထုတ်ဖော်ပြည်သူများအနက် အတိုက်အခံပါတီသုံးခု၏ အဖွဲ့ဝင်များလည်းပါဝင်ကာ သမ္မတအား ရာထူးမှနုတ်ထွက်ရန် အပြင်းအထန်တောင်းဆိုလျက်ရှိသည်ဟု မျှော်လင့်ရသည်။

တစ်ဖက်ကလည်း သမ္မတရုံးအနေဖြင့် လွှတ်တော်အမတ်များ၏ စုံစမ်းတွေ့ရှိချက်များကို အပြင်းအထန်ငြင်းဆန်လျက်ရှိသည်။ သို့သော် သမ္မတပတ်ဂွန်ဟေးအား ထောက်ခံသည့်ရာခိုင်နှုန်းသည် ၄ ရာခိုင်နှုန်းခန့် သိသိသာသာလျော့ကျလျက်ရှိကြောင်း နိုဝင်ဘာ ၂၅ ရက်က ထုတ်ပြန်ခဲ့သော ပြည်သူ့ဆန္ဒမဲများအရ သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ဖိလစ်ပိုင်နိုင်ငံ့သူရဲကောင်းဂူဗိမာန်တွင် သမ္မတဟောင်း မာကိုးစ်၏အလောင်း မြှုပ်နှံခြင်းကို ပြည်သူများကျေနပ်မှုမရှိ

**မနီလာ နိုဝင်ဘာ ၂၆**
ဖိလစ်ပိုင်နိုင်ငံ သမ္မတဟောင်း ဖာဒီနန် မာကိုးစ်၏ အလောင်းကို နိုင်ငံ့သူရဲကောင်းဂူဗိမာန်တွင် မြှုပ်နှံခဲ့ခြင်းနှင့်ပတ်သက်ပြီး ပြည်သူများက ကျေနပ်မှုမရှိကြောင်း နိုဝင်ဘာ ၂၅ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။



မနီလာမြို့တော်ရှိလမ်းမများတွင် ဆန္ဒထုတ်ဖော်သူ ၄၀၀၀ ခန့်က အာဏာရှင်အဖြစ် ဖိလစ်ပိုင်နိုင်ငံကို အုပ်ချုပ်ခဲ့သူ ဖာဒီနန် မာကိုးစ်၏ အလောင်းကို အမွှမ်းတင်ချီးမွမ်းမှုတစ်ရပ်အဖြစ် နိုင်ငံ့သူရဲကောင်း ဂူဗိမာန်တွင် မြှုပ်နှံခြင်းကိုကျေနပ်မှုမရှိကြောင်း ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။

ပြီးခဲ့သောရက်သတ္တပတ်က မာကိုးစ် အလောင်းကို နိုင်ငံ့သူရဲကောင်း ဂူဗိမာန်တွင် မြေမြှုပ်ခဲ့သည်။ ယင်းနောက် ၁၉၈၀ ခုနှစ်လှုပ်ရှားမှုများကို ပြန်လည်အောက်မေ့ သတိရသူအချို့က မာကိုးစ်အလောင်းကို နိုင်ငံ့သူရဲကောင်းဂူဗိမာန်တွင် ထားရှိခြင်းကို ဆန့်ကျင်ကြသည်။ အဆိုပါ ဂူဗိမာန်တွင် မြှုပ်နှံခြင်းကို လက်ရှိသမ္မတ ဒူတာတေးက ထောက်ခံအားပေးခဲ့သည်။

မာကိုးစ်သည် ဖိလစ်ပိုင်နိုင်ငံကို ၁၉၈၀ ခုနှစ်လွန်ကာလထိ ဆယ်စုနှစ်နှစ်စုတိုင်တိုင် အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပြည်သူ့လှုပ်ရှားမှု တော်လှန်ရေးတစ်ရပ်ပေါ်ပေါက်ခဲ့ပြီး မာကိုးစ်အား သမ္မတရာထူးမှ ဖြုတ်ချခဲ့သည်။ ၎င်းသည် အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီးနောက် သုံးနှစ်အကြာတွင် သေဆုံးခဲ့သည်။

နိုဝင်ဘာလ အစောပိုင်းတွင် ဖိလစ်ပိုင်တရားရုံးချုပ်က မာကိုးစ်၏ အလောင်းကို အမျိုးသားဂူဗိမာန်သို့ ပြောင်းရွှေ့မြှုပ်နှံရန် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တစ်ရပ်ထွက်ပေါ်လာပြီးနောက် မာကိုးစ်လက်ထက်အတွင်း လူ့အခွင့်အရေး ဆုံးရှုံးနစ်နာသူ ပြည်သူအများက လက်ရှိသမ္မတ ဒူတာတေးအား ထိုသို့ မာကိုးစ်အလောင်းကို နိုင်ငံ့သူရဲကောင်းဂူဗိမာန်တွင် ပြောင်းရွှေ့မြှုပ်နှံရန်ခွင့်ပြုခြင်းကို ပြန်လည်စဉ်းစားသင့်ကြောင်း တောင်းဆိုကြသည်။ **အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားတွင် အမေရိကန်အထူးတပ်ဖွဲ့က အိုင်အက်စ်တို့အား ပထမဆုံးအကြိမ်တိုက်ခိုက်ရာ၌ တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးဟု ပင်တဂွန်အတည်ပြု

**ဝါရှင်တန် နိုဝင်ဘာ ၂၆**
ဆီးရီးယားနိုင်ငံတွင်းရှိ အစွန်းရောက်အုပ်စုဖြစ်သည့် အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့အား အမေရိကန်အထူးစစ်ဆင်ရေးအဖွဲ့က ပထမဆုံးအကြိမ်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က နိုဝင်ဘာ ၂၅ ရက်တွင် အတည်ပြုပြောကြားသည်။

တိုက်ပွဲတွင် ကျဆုံးခဲ့သော အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်မှာ မည်သူမည်ဝါဖြစ်ကြောင်း လတ်တလောတွင် ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယင်းတပ်ဖွဲ့ဝင်သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အန်းအစ္စဆာမြို့အနီးတွင် လက်လုပ်ဖောက်ခွဲပစ္စည်းတစ်ခု ပေါက်ကွဲထိမှန်ကာ ကျဆုံးရကြောင်း ပင်တဂွန်က ပြောကြားသည်။

အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့မှ ကျွန်ုပ်တို့၏ ရဲရင့်သောတပ်ဖွဲ့ဝင်တစ်ဦးသည် မကောင်းဆိုးဝါး အိုင်အက်စ်တို့ရန်မှ ကျွန်ုပ်တို့အား ကာကွယ်ရင်း ကျဆုံးခဲ့ကြောင်း၊ ယခုကျေးဇူးတော်နေ့တွင် မိမိသတင်းကြားမိရ၍ အလွန်အမင်းဝမ်းနည်းကြေကွဲရကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ၎င်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်အဖွဲ့နှင့် အခြားသော အကြမ်းဖက်အုပ်စုများအား တိုက်ခိုက်ရန်အတွက် အမေရိကန်အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်ဦးရေ ၃၀၀ ထက်မနည်းကို ဖြန့်ကြက်ထားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်းက အီရတ်နိုင်ငံမြောက်ပိုင်းမှ အိုင်အက်စ်တို့ သိမ်းယူထားသည့် မိုဆူးမြို့အတွင်းသို့ ဝင်ရောက်ရန် အီရတ်အစိုးရတပ်ဖွဲ့များက တိုက်ပွဲများဆင်နွှဲနေစဉ်အတွင်းမှာပင် အမေရိကန်ဦးဆောင်သော မဟာမိတ်ညွန့်ပေါင်းတပ်ဖွဲ့များက အိုင်အက်စ်တို့၏ အမာခံခြေကုပ်စခန်းတစ်ခုဖြစ်သည့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ရက်ကာမြို့အား ထိုးစစ်ဆင်ရန် ပြင်ဆင်နေသည်။

**ဆင်ဟွာ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၆

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိကြီးများ၊ သင်တန်းသားအရာရှိကြီးများနှင့် တပ်နယ်မှ အရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားသည်။**(အောက်ပုံ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအမြင်နှင့်ပတ်သက်ပြီး နိုင်ငံရေးအရ တည်ငြိမ်မှုနှင့် တိုင်းရင်းသားရေးအရ တည်ငြိမ်မှုများရှိရန်အတွက် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရခြင်း ဖြစ်ကြောင်း၊ တပ်မတော်သည် ပါတီနိုင်ငံရေးလုပ်ဆောင်ခြင်း မဟုတ်ကြောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်" များ ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ တပ်မတော်နှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအချက်အလက်များကို သိရှိထားရန်လိုကြောင်း၊ တိုင်းရင်းသားအရေးကိုလည်း အလေးထားလုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေး၍ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

စီးပွားရေးအမြင်နှင့်ပတ်သက်ပြီး စားရေးသည် အဓိကကျခြင်းကြောင့် တပ်မတော်၏ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများအား အောင်မြင်အောင် လုပ်ဆောင်ရေး၊ ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိနိုင်ငံ၏ ပြည်တွင်းဖြစ်များကို အားပေးရန်၊ မလိုအပ်သည့် အသုံးအဖြုန်းများကို ခြိုးခြံချွေတာရန်၊ အများပြည်သူတိုက်ရိုက်အကျိုးရှိပြီး သင့်တင့်သော ကုန်ကျစရိတ်ဖြင့် အလျင်အမြန်ပို့ဆောင်ပေးနိုင်သော ရထားပို့ဆောင်ရေး စနစ်ကိုလည်း အားမြှင့်လုပ်ဆောင်ရန် လိုကြောင်း။

အုပ်ချုပ်ရေးအမြင်နှင့်ပတ်သက်ပြီး အုပ်ချုပ်ရေးတွင် တရားဥပဒေစိုးမိုးရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ပါဝင်ကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့တစ်ခုတည်း၏ တာဝန်မဟုတ်ဘဲ ပြည်သူများကလည်း လိုက်နာဆောင်ရွက်မှု၊ ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း၊ တိုင်းသူပြည်သားများအနေဖြင့် ဘာသာရေးဆိုင်ရာ အဆုံးအမများ၊ လောကနီတိတရားများနှင့်အညီ နေထိုင်ကြရန် လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ဆက်စပ်နေသည့် လူမှုနီတိများ၊ စည်းကမ်းလိုက်နာမှုများအား အလေးထားလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေး၏ အခြေခံဖြစ်သည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာမြှင့်တင်မှုများ ပြုလုပ်ရန် လိုအပ်ကြောင်း။

ကာကွယ်ရေးအမြင်နှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးဟူ၍ အဆင့် ၃ ဆင့်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန အပါအဝင် စီမံခန့်ခွဲရေးအဖွဲ့များကလည်း ပါဝင်ဆောင်ရွက်ပေးကြောင်း၊ ယင်းအဖွဲ့များက တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရကြောင်း၊ လုံခြုံရေးတွင်မူ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်သည့် လုံခြုံရေးကိစ္စရပ်များတွင် တပ်မတော်က ပါဝင်ကူညီ လုပ်ဆောင်ရကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအားလည်း လုံခြုံရေးနှင့်ပတ်သက်၍ အဆင့်မြင့်လက်နက်ပစ္စည်းများ တပ်ဆင်ခြင်း၊ စနစ်တကျလေ့ကျင့်ခြင်းများအား လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကာကွယ်ရေးအပိုင်းတွင်မူ တပ်မတော်တွင် အဓိကတာဝန်ရှိကြောင်း၊ သို့သော် တပ်မတော်တစ်ခုတည်းလုပ်ဆောင်၍မရဘဲ အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ဝန်းရံလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူမပါဘဲ စစ်မနိုင်နိုင်ကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ကာကွယ်ရေးတို့တွင် ပြည်သူပူးပေါင်းပါဝင်မှုသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကားရှိစေရန်၊ တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိစေရန် Standard Army အဖြစ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်း၊ စစ်လက်နက်ပစ္စည်းများ အဆင့်မြှင့်တင်ခြင်းစသည့် တပ်မတော်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို အမြဲမပြတ်လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်နိုင်ရန်၊ ကာကွယ်ရေးစွမ်းပကားရှိစေရန်၊ ကာကွယ်ရေးကို အမြဲတည်ဆောက်နေရန်နှင့် ကာကွယ်ရေးတည်ဆောက်မှုကို အားပေးနေရန်လိုကြောင်း၊ တိုင်းပြည်၏ ပကတိအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေနှင့် တိုင်းပြည်၏ဘဏ္ဍာငွေအခြေအနေများပေါ်မူတည်၍ ကာကွယ်ရေးတည်ဆောက်မှုအခြေအနေများအား သိရှိနားလည်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိကြီးများ၊ တပ်နယ်မှ အရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမမြောက်နေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ အတွဲပေါင်း ၁၂၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည်။

အဆိုပါကျောက်စိမ်းအတွဲ ၁၂၀၀ တွင် အခြေခံဈေးယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများ ပါဝင်သည်။



ယခုနှစ်လယ်ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၅၉၈၈ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၄၃၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်များဖြင့် ရောင်းချပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်တွင် ကျောက်စိမ်းအတွဲ ၁၁၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျောက်စိမ်းအတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲ ၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိပြီး နေ့စဉ်နံနက် ၈ နာရီမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များက အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချရန် ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် အချောထည်ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက်ကြည့်ရှုရွေးချယ်ပြီး ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းကြသည်။

ယခုပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူလုပ်ကိုင်သည့် အကျိုးတူကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အသင်းများ၊ ရတနာအရောင်းဆိုင်ဖွင့်လှစ်၍ ရတနာပစ္စည်းရောင်းချခြင်း လုပ်ငန်းလိုင်စင်ရရှိသူများ၊ ကျောက်စိမ်းအချောထည်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလိုင်စင်ရယူထားသူများနှင့် ကျောက်မျက်အရိုင်းနှင့် အချောထည်ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လုပ်ငန်းလိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာကုန်သည်များကို တင်ပြရောင်းချခွင့်ပြုထားသည်။

ယနေ့ပြပွဲသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦး Hလအောင်နှင့် တာဝန်ရှိသူများ လာရောက်၍ လက်ဝတ်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ရတနာကုန်သည်များ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်) ၇/၂၀၁၆ သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၆**

အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး ဘဝရပ်တည်နိုင်စေရန်ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)၏ ၇/၂၀၁၆ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အဆိုပါကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က သင်တန်းသား သင်တန်းသူများအား ယနေ့သင်ကြားပေးလိုက်သည့် ပညာရပ်များသည် လက်တွေ့နယ်ပယ်တွင် နေ့စဉ်နှင့်အမျှ အသုံးချနေရသည့် ပညာရပ်များဖြစ်၍ မိမိတို့သင်ယူရရှိသည့် ပညာရပ်များကို ထပ်မံဆင့်ပွား၍ ဆန်းသစ်သော ကိုယ်ပိုင်ဒီဇိုင်း၊ စိတ်ကူးများဖြင့် တီထွင်ဖန်တီးတတ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ခေတ်နှင့်လိုက်လျောညီထွေ နေထိုင်တတ်စေပြီး မိမိတို့ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းပေးကြစေလိုကြောင်း သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံ၊ အဆင့်မြင့်သင်တန်းများ တက်ရောက်ပြီး ဆိုင်ဖွင့်နိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ သင်တန်းအပတ်စဉ် ၇/၂၀၁၆ သို့ တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းစိုးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းတွင် တနင်္လာမှ သောကြာနေ့ထိဖွင့်လှစ်သည့် ပုံမှန်သင်တန်းနှင့် စနေ၊ တနင်္ဂနွေသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ယူလိုသူများအနေဖြင့် ဖုန်း ၀၁ ၅၃၆၂၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

# ပီမိုးနင်း၏ ဘဝနှင့်စာပေ

## တက္ကသိုလ်တင်ခ

ပီမိုးနင်းသည် ခေတ်ပေါ်မြန်မာဝတ္ထုခေတ်ကို စခဲ့သူမျှမက နောက်လူတို့အပေါ်တွင် ဩဇာကြီးသည့် စာရေးဆရာဖြစ်သည်။

ပီမိုးနင်းသည် မြန်မာစကားပြေအရေးအသား၌ ရှေ့ဆောင်သူဖြစ်သည်။ စာပေလမ်းသစ်ကို ထွင်သူဖြစ်သည်။ အဟောင်းမှ လမ်းခွဲထွက်သူ ဖြစ်သည်။ ခေတ်သစ်ဝတ္ထုတိုရေးနည်းကို လမ်းပြခဲ့သူ ဖြစ်သည်။

ပီမိုးနင်းသည် ဝံသာနုလှုပ်ရှားမှုခေတ်တွင် ပေါ်ထွန်းခဲ့ပြီး ဝံသာနုလှုပ်ရှားမှုကို အလုပ်အကျွေးပြုခဲ့သော ဝံသာနုစာရေးဆရာကြီးဖြစ်သည်။

ပီမိုးနင်းသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံး ဇာတ်ညွှန်းရေးဆရာဖြစ်သည်။ သရုပ်ဆောင်သူလည်း ဖြစ်ရုံမက စာရေးဆရာများထဲက ပထမဆုံး ရုပ်ရှင်ဒါရိုက်တာဖြစ်ခဲ့သည်။

ပီမိုးနင်းသည် လောကီကြီးပွားတိုးတက်ရေးအတွက် အကြောင်းအကျိုးပြ၍ နည်းပေးလမ်းပြ လှုံ့ဆော်ပေးခဲ့သော ကျမ်းပြုဆရာလည်းဖြစ်ခဲ့သည်။

ပီမိုးနင်း၏ အထူးခြားဆုံးလက်ရာမွန်မှာ နိုင်ငံရေးအခြေပြုကျမ်းပင်ဖြစ်သည်။ ၁၉၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် စတင်ထုတ်ဝေခဲ့သော ဤကျမ်းသည် မြန်မာ့နိုင်ငံရေးအဘိဓာန်တွင် မော်ကွန်းဝင်၊ မော်ကွန်းတင်ခဲ့သည်။

ပီမိုးနင်းက နိုင်ငံရေးပညာဆိုသည်မှာ ဤသို့ ဖွင့်ဆိုခဲ့သည်-

"နိုင်ငံရေးပညာဆိုသည်မှာ လူသတ္တဝါတို့ စုဝေးနေထိုင်သော တိုင်းပြည်၏ အခြေအုတ်မြစ်သဖွယ် ဖြစ်သော အကြောင်းအရာများနှင့် အုပ်ချုပ်ပုံနည်းလမ်း စနစ်တို့ကို ညွှန်ပြသောပညာ ဖြစ်လေသည်။"

မျိုးချစ်စိတ်၏ အဓိပ္ပာယ်ကိုဖွင့်ပုံမှာ ဤသို့ ဖြစ်သည်။

"အမျိုးသားအားလုံးတို့၏ စည်းလုံးသော စိတ်ဆန္ဒသည် တိုင်းပြည်ဟုခေါ်ဆိုအပ်သော သတ္တဝါအကောင်အထည်ကြီး၏ အသက်ဖြစ်၏။ ထိုအသက်သည် အခါခပ်သိမ်း ထင်ရှားခြင်းသို့ မရောက်သော်လည်း တိုင်းပြည်၌ ဘေးအန္တရာယ်ကြုံတွေ့သည့်အခါ ထိုအသက်သည် ထင်ရှားစွာ လှုပ်ရှားပေါ်ပေါက်လာတတ်သည်။"

ပီမိုးနင်းသည် ခေတ်စမ်းစာပေမပေါ်မီ ခေတ်စမ်းစာပေခေတ်ရောက်အောင် လမ်းတည့်ပေးခဲ့သော ဦးဆောင်လမ်းညွှန် စာရေးဆရာတစ်ဦးဖြစ်သည်။

ပီမိုးနင်း၏ ဝတ္ထုများသည် သရုပ်မှန်သည်။ အားတက်ဖွယ်ဖြစ်သည်။ လက်တွေ့ကျသည်။ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် တီထွင်ရေးသားနိုင်သည်။

ပီမိုးနင်းသည် မြန်မာလူငယ်များအား မြန်မာစာပေကို လေ့လာရန်၊ မြန်မာစာပေကို ကမ္ဘာ့စာပေအဆင့်သို့ ရောက်ရှိဝင်ဆံ့ရန်၊ သိရှိနားလည်လေ့လာကြစေရန် စေ့ဆော်တိုက်တွန်းခဲ့သူဖြစ်သည်။

**ပီမိုးနင်းငယ်စဉ် ဘဝမှသည်**

ပီမိုးနင်းငယ်မည်မှာ "မိုးနင်း" ဖြစ်သည်။ ဆရာကြီးအား ဖွားမြင်သောနေ့သည် နံနက်ဖြစ်သည်။ နှင်းများ ထူထပ်စွာ ကျဆင်းနေသည်။ ၁၂၄၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္လာနေ့ နံနက် ၉ နာရီမှ ၁၀ နာရီအထိတိုင်အောင် နေရောင်ခြည်ကို ကောင်းစွာမမြင်ရ။ ယင်းကဲ့သို့ မိုးနှင်းများ ထူးခြားစွာကျနေသည့်ရက်မှာ မွေးခြင်းကိုအစွဲပြု၍ မိုးနင်းဟု အများက အမည်ပေးခေါ်ဝေါ်ခဲ့ကြသည်။

ဇာတာ၌ အမည်မှာ တနင်္လာသားဖြစ်၍ မောင်ကျော်ညွန့်ဖြစ်၏။ မွေးစဉ်ကာလ၏ ထူးခြားချက်ကို အစွဲပြုနာမည်မှာ မိုးနင်းဖြစ်သည်။ တစ်ဖန် ဘုရင်ဂျီဘုန်းကြီးဖြစ်စဉ်က (Phillip) ဖီးလစ်ဖြစ်ခဲ့သည်။ သို့ဖြစ်၍ လက်တင်ဆရာအဖြစ် လျှောက်ထားရန် အင်္ဂလိပ်နာမည်နှင့် ခပ်ယောင်ယောင် ဆင်တူယိုးမှားတပ်လိုက်သဖြင့် ဖီးလစ် (Phillip) အမည်မှာ ရှေ့မှ ပီ (P) ဖြင့်စရာ နှစ်မျိုးကို တစ်မျိုးပေါင်း၍ ပီမိုးနင်းဟူ၍ အမည်တပ်လိုက်ခြင်းဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် အင်္ဂလိပ်စာအရေး၊ အပြော၊ လက်တင်ဘာသာအရေး၊ အပြော၌ အလွန်ကျွမ်းကျင်သူဖြစ်၏။ ပလောပီနံသိပ္ပံ၌နေစဉ်က လက်တင်ဘာသာဖြင့် တေးသီချင်းများစွာ ရေးခဲ့ဖူးသည်။ ညဥ့်အခါတွင် မိမိထက်ငယ်သူများအား လက်တင်ပုံပြင်များကို လက်တင်ဘာသာဖြင့် ပြောပြခဲ့သည်။

ဆရာကြီးသည် လက်တင်ဆရာဖြစ်နေသော်လည်း စာပေဆောင်းပါးများ ရေးနေဆဲဖြစ်သည်။ ထိုစဉ်က ပညာ့အလင်းမဂ္ဂဇင်းထွက်ပေါ်ခဲ့သည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အကြောင်းပြချက်ဖြင့် ပညာ့အလင်းမဂ္ဂဇင်းမှ ပညာ့အလင်းသတင်းစာဟူ၍ ဆက်ထွက်ခဲ့သည်။

ဆရာကြီးသည် ပညာ့အလင်းမဂ္ဂဇင်းမှ ပညာ့အလင်းသတင်းစာ၌ ပိုက်ဆံကြီးအမည်ဖြင့် ဆောင်းပါးများကို လည်းကောင်း၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြဟူသော ဝတ္ထုရှည်ကြီးများကိုလည်းကောင်း ရေးသားခဲ့သည်။

**ပထမဆုံး ဇာတ်ညွှန်းရေးဆရာ**

ဗြိတိသျှဘားမားရုပ်ရှင်၌ သားဖြစ်သူ မောင်ကျော်စိုးသည် "တစ်ကိုယ်တော်" ဇာတ်ကားရိုက်ကူးခဲ့စဉ်ကလည်း ဆရာကြီးပီမိုးနင်းသည် များစွာကူညီခဲ့ရသည်။ သားအပေါ် အားကိုးအားထားပြု၍ မျှော်လင့်ချက်ကြီးမားခဲ့သော ဆရာကြီးသည် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ၌ ဝတ္ထုများရေး၍ အားတက်နေစဉ် "၁၀ နာရီ" ခေါ် ဇာတ်ကားကို ရိုက်ကူးနေသော သားဖြစ်သူ မင်းသား ကျော်စိုးသည် ရန်သူ့ဓားသွား၌ အသက်ပါဆုံးရှုံး၍ ရုပ်ရှင်အလုပ်မှ တစ်ပါတည်း ထွက်ခဲ့သည်။

မြန်မာ့အလင်းမှထွက်ပြီး "အောင်တော်မ" ဟူသော ခေါင်းစဉ်ဖြင့် အပတ်စဉ်ဝတ္ထုများ ထုတ်ဝေသည်။ ဤသို့ ထုတ်ဝေခြင်းမှာလည်း စာပေကိုယ်စားလှယ်ကြီးများ အားပါးတရ အမြတ်ရစားသောက်ကြရုံမှအပ ဆရာကြီးသည် ဆင်းရဲမြဲဆင်းရဲနေသည်။ သူများအကျိုးကို သက်သက်ဆောင်ရွက်၍ အလုပ်အကျွေးပြုနေသလို ဖြစ်ခဲ့သည်။ ယင်းစာအုပ်ကို ၁၄စောင်အထိ ထုတ်ဝေခဲ့သည်။

တစ်ဖန် ကိုယ်ပိုင်အလုပ်လည်းမရှိ၊ လခစားအလုပ်လည်းမရှိ၍ ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်းတို့၌ ဝတ္ထု၊ ဆောင်းပါးများရေးခဲ့သည်။ ထိုအတွင်း "သစ္စာဝါဒီသတင်းစာ" ထွက်ခဲ့ရာ၌ လည်းကောင်း၊ 'ဗန္ဓုလဂျာနယ်'မှ 'ဗန္ဓုလသတင်း'အဖြစ် ပြောင်းလဲရာ၌လည်းကောင်း ပါဝင်ရေးသားခဲ့သည်။

ဆရာကြီးပီမိုးနင်းသည် မြန်မာပြည်တွင် ပထမဆုံး ဇာတ်ညွှန်းရေးဆရာလည်းဖြစ်သည်။ ဆရာကြီးရေးခဲ့သော ဇာတ်ညွှန်းကို "မေတ္တာနှင့် သူရာ" ဇာတ်ကားအဖြစ် ပထမဆုံး ရိုက်ကူးပြသခဲ့ပေသည်။

'တစ်သက်လုံးဖုံးသမျှ ကုန်းတော့မှပေါ်"ဟူသော ဇာတ်ကားတွင် ဆရာကြီးပီမိုးနင်းသည် ပန်းချီဆရာကြီးအဖြစ်ဖြင့် ပါဝင်ရိုက်ကူးခဲ့ဖူးလေသည်။

ဆရာကြီးပီမိုးနင်းသည် ဗန္ဓုလဂျာနယ်တွင် စာပေလုပ်ငန်းများလုပ်ကိုင်နေစဉ် 'ဗန္ဓုလရုပ်ရှင်'ဟူ၍ ပြောင်းလဲခဲ့ထွင်ပြီး ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့လေသည်။

**ပီမိုးနင်း၏ ပီမိုးနင်း**

ဆရာကြီးသည် ၎င်း၏ သားမောင်ကျော်စိုးဆိုသူအား 'ချစ်တဲ့သူရယ်' ဇာတ်ကား၌ ဇာတ်လိုက်အဖြစ် အသုံးပြုခဲ့သည်။ ၎င်းအပြင် မိမိ၏သား ဇာတ်လိုက် မောင်ကျော်စိုးအား ဆရာကြီးကိုယ်တိုင် ရုပ်ရှင်ဇာတ်လိုက်ကောင်း တစ်ယောက်ဖြစ်ရန် ညွှန်ကြားပြသလျက် ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်း လုပ်ဆောင်ခဲ့သည်။

သို့သော် စာတွေရေး၊ ဇာတ်ညွှန်းတွေစီစဉ်၊ ရုပ်ရှင်ဒါရိုက်တာလုပ်၊ ကဗျာဆရာ၊ သီချင်းဆရာအဖြစ်နှင့် စာပေနယ်၊ ရုပ်ရှင်နယ်တွင် မည်မျှပင် လက်မလည်အောင် လုပ်ခဲ့သော်လည်း ဆရာကြီးသည် ရရစားစားဖြင့် ချမ်းသာသည်မရှိခဲ့ပေ။ ဆင်းရဲမြဲ ဆင်းရဲနေသည်။ စာမူခလည်း မည်သည့်အခါကမျှ တန်ရာတန်ဖိုး မရခဲ့ပေ။ 'ပီမိုးနင်း၏ ပီမိုးနင်း'တွင် ဤသို့ ရင်ဖွင့်စာရေးခဲ့သည်။

မောင်ကျော်စိုးသေသဖြင့် ဗြိတိသျှဘားမားတိုက်က ထွက်ခဲ့ကတည်းက ကျွန်ုပ်မှာ ယခုထက်တိုင် အတည်တကျ လုပ်ကိုင်ရသော အလုပ်မရှိသေးချေ။ ယခုကား ကျွန်ုပ်မှာ အသက် (၅၆) နှစ် ရှိလေပြီ။ ဆင်းရဲတုန်းပင်။ စာအုပ်များ ထွက်ပြီးသည့်နောက် ကိုယ်တိုင်အကျိုးမခံစားရဘဲ ဆင်းရဲဒုက္ခရောက်ခြင်းတည်းဟူသော နွံထဲမှာပင် တိုးလျက်နေရလေသည်။

မိုးနှင်းထဲမှာ မွေးဖွားခဲ့သော ဆရာကြီးသည် စာပေရေးရာ၊ လောကီရေးရာ အဖြာဖြာတို့၌ သူ့ခေတ်နှင့် သူ့အခါက သူမတူအောင် အောင်လံထူခဲ့သည်။ မိုးသို့ မြင့်မားခဲ့သည်။ ယနေ့တိုင် သူ့စာ၊ သူ့အတွေး၊ သူ့အရေး၊ သူ့ညွှန်ကြားချက်များ၊ သူ့လုပ်ရပ်လုပ်ထုံးတို့သည် ပြည်သူ့မျက်မှောက်မှာ နေရာယူလျက်ရှိနေပေသည်။

ပီမိုးနင်း၏ စာတို့သည် အတွေ့အကြုံအရာ၌လည်း စုံချိန်ဖြစ်သည်။ နောက်ဆုံး 'သူတောင်းစား' အဖြစ်ကိုပင် ကိုယ်တိုင်ဆွံ့အနားမကြားသူအဖြစ်နှင့် ကိုယ်တိုင်တောင်း၍ ကိုယ်တိုင်ခံစားရဟူသော အသိဖြင့်ရေးသည်။ စေ့စပ်သည်။ သေချာသည်။

သူသည် ရိုးသားလွန်းသည်။ အားနာတတ်သည်။ လောကဓံ၏ ဆင်းရဲချမ်းသာနှင့် အောင်မြင်နိမ့်ကျမှုအဝဝကို ခါးစည်း၊ ရင်စည်း၍ မညည်းမညူစိတ်နှလုံးကြည်ဖြူစွာ ခံစားသွားခဲ့သည်။

ပီမိုးနင်းအကြောင်းကို လေ့လာလျှင် ဤမျှမက များစွာရေးစရာရှိသည်။ ဆရာကြီး၏ တပည့်ကြီးငယ်အသီးသီးတို့ကလည်း ရေးခဲ့ကြသည်။ ဆရာကြီးကိုယ်တိုင်လည်း သူ့ကိုယ်သူ မညာမတာ 'ပီမိုးနင်း၏ ပီမိုးနင်း'ကို ရေးသားခဲ့သည်။

ပီမိုးနင်း၏ ကျော်ကြားသော ဝတ္ထုကြီးများထဲမှ လုံးချင်းဝတ္ထုရှည်များမှာ ဘားမားဒေး၊ ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည် မယ်မြင့်၊ သဲမြညှာ၊ နေရီရီ၊ ပွဲစားကြီး သားအဖနှင့် မြမြ၊ တဖြစ်လဲ ကျားကြီးရာဇာ၊ ကျွန်းငွေသောင်၊ တခုလတ်နှင့် တလင်ကွာ၊ ဝက်ဘာကံ၊ တို့တောင်ပေါ်၊ တက်လူကွဲ၊ ယောက်ျားကောင်း သုံးယောက်စသည့် ဝတ္ထုရှည်ကြီးများ။

ကမ္ဘာ့မင်တံကျမ်း၊ သခင်စိတ်၊ လက်တွေ့ကြီးပွားရေးကျမ်း၊ လူပျိုစိတ်ကျမ်း၊ အပျိုစိတ်ကျမ်း၊ အင်္ဂလိပ်စကားပြောနည်း၊ အချစ်ဖြတ်လမ်းအောင်စိတ်၊ သားဂုဏ်ရည်၊ သမီးဂုဏ်ရည်၊ မိန်းမစိတ်ကျမ်း၊ ကြီးပွားရေးကျမ်း၊ လွတ်လပ်မှုစသည့် လောကီလမ်းညွှန်ကျမ်းများ။

ငါ့သမီး၊ မယားထူး၊ တို့ဘာသာ၊ မော်ဘုရင်၊ စာရေးဆရာ မျိုးချစ်စိတ်စသော ဝတ္ထုတိုများ စသည်ဖြင့် မြောက်မြားအောင်မြင်စွာ ရေးသားခဲ့သည်။ တချို့ဆုံးပါးပျောက်ကွယ်နေသော စာမူများစွာရှိသေးသည်။ စာအုပ်ဖြစ်မလာဘဲ စာမူအဖြစ် လက်လွန်ကျန်ရှိသော စာမူများလည်းရှိသေးသည်။

ဆရာကြီးပီမိုးနင်းကို ၁၂၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် နံနက် ၉ နာရီတွင် သာယာဝတီခရိုင် သုံးဆယ်မြို့အပိုင် ရွာမရွာတွင် မွေးဖွားခဲ့သည်။

ဆရာကြီးသည် ၁၃၀၁ ခုနှစ် နတ်တော်လဆုတ် ၁၂ ရက် ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီ ၁၉ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး အခန်းနံပါတ် ၁၂ ခုတင်နံပါတ် ၁၉ တွင် ကွယ်လွန်ခဲ့ရရှာသည်။

ဆရာကြီးနောက်ဆုံးနေသွားခဲ့သော အိမ်အမှတ် (၄၅)၊ (၁၂၆) လမ်းဖြစ်၍ ၎င်းအိမ်မှာ ဆင်းရဲချို့တဲ့စွာဖြင့် ငှားရမ်းနေထိုင်စဉ် (၁၉) ကြိမ်မြောက် အမျိုးသားနေ့တွင် စက်ဘီးအတိုက်ခံရ၍ ပေါင်ကျိုးသောဒဏ်ရာဖြင့် သေဆုံးသည်အထိ ခံစားသွားရရှာသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံစာပေလောက၊ ရုပ်ရှင်လောကတို့တွင် ရှေ့ဦးစွာ စံပြအဖြစ် ပါဝင်လှုပ်ရှားခဲ့သော မြန်မာစာပေ၏ မှတ်တိုင်အဖြစ် မော်ကွန်းစိုက်ထူထားအပ်ပေသည်။ ။

**စာတွေရေး၊ ဇာတ်ညွှန်းတွေစီစဉ်၊ ရုပ်ရှင် ဒါရိုက်တာလုပ်၊ ကဗျာဆရာ၊ သီချင်းဆရာအဖြစ်နှင့် စာပေနယ်၊ ရုပ်ရှင်နယ်တွင် မည်မျှပင် လက်မလည်အောင် လုပ်ခဲ့သော်လည်း ဆရာကြီးသည် ရရစားစားဖြင့် ချမ်းသာသည်မရှိခဲ့ပေ။ ဆင်းရဲမြဲ ဆင်းရဲနေသည်။ စာမူခလည်း မည်သည့်အခါကမျှ တန်ရာတန်ဖိုး မရခဲ့ပေ။ "ပီမိုးနင်း၏ ပီမိုးနင်း"တွင် ဤသို့ ရင်ဖွင့်စာရေးခဲ့သည်. . . .**

# အပတ်စဉ် မြင်းစီးပြိုင်ပွဲများ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club တို့၏ အပတ်စဉ်မြင်းစီးပြိုင်ပွဲအတွက် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ Nature's Life မြင်းစီးအသင်းနှင့် မိသားစု အပန်းဖြေစခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြင်းစီးပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲအမျိုးအစား၊ စည်းမျဉ်းစည်းကမ်းများစသည့် ပြိုင်ပွဲအကြောင်းကို ဒေါက်တာဆန်းထွန်းဦးက ရှင်းလင်းတင်ပြသည်။ မြန်မာ့မြင်းစီးအားကစားကို ကမ္ဘာနှင့်နိုင်ငံတကာအဆင့်မီ ရင်ပေါင်တန်းနိုင်ရန်၊ မြင်းမျိုးကောင်း မျိုးသန့်ပြီး အရည်အချင်းမီမြင်းများထွက်ပေါ်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး မြင်းစီးအားကစားကို စိတ်ဝင်စားပြီး ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ နိုင်ငံတကာအဆင့်မီ မြင်းစီးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် မြင်းပိုင်ရှင်များအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး အကျိုးအမြတ်ခံစားနိုင်စေရန်ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club နှင့် Royal Bird's Nest တို့မှ အကောင်အထည်ဖော်ကာ ပထမအကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အပတ်စဉ်မြင်းစီးပြိုင်ပွဲများကိုလည်း စနေ၊ တနင်္ဂနွေနေ့တိုင်း ၂၀၁၇ ခုနှစ် မတ်လအထိ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများကို မြန်မာ့ရိုးရာ အသားကျ အသက် (၄၈)လအထက်၊ သွားလေးချောင်းအထက်၊ အသက်(၄၈)လအောက် သွားလေးချောင်းအောက်နှင့် ဒုန်းအကြီးတန်းပြိုင်ပွဲ (၄ပေ၉လက်မ)အထက်နှင့် ဒုန်းအငယ်တန်းပြိုင်ပွဲ (၄ပေ၉လက်မ)အောက်ဟူ၍ သတ်မှတ်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း အသင်းများအပါအဝင် ကလပ်အသင်းများလည်းလာရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ)**

# မြန်မာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုညီလာခံ (၂၀၁၆)သို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့သို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ အနာဂတ်စီးပွားရေးဆက်သွယ်မှုများ ပိုမိုတိုးတက်လာရေးတို့ကို အထောက်အကူဖြစ်စေရေးအတွက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပမည့် မြန်မာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုညီလာခံ(၂၀၁၆)သို့ တက်ရောက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပသည့် မြန်မာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုညီလာခံ (၂၀၁၆) တက်ရောက်သည့်ခရီးစဉ်တွင် နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး Mr. Mark Garnier နှင့်လည်းကောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုဦးစီးဌာနမှ ပြည်နယ်ဝန်ကြီး Mr. Rory Stewart MP OBE နှင့်လည်းကောင်း၊ Mr. Paul Scully MP အဖွဲ့နှင့်လည်းကောင်း၊ Minister for Asia and the Pacific,FCO မှ Mr. ALOK Sharma MP တို့နှင့် အသီးသီးတွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ၁၉၉၅-၂၀၀၂ ပညာသင်နှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

၁၉၉၅-၂၀၀၂ (၁၁/၉၅)ပညာသင်နှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁) အပန်းဖြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကာ ကန်တော့ပစ္စည်းများပေးအပ်ကြရာ ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား ဆရာမကြီးများက ဆုံးမဩဝါဒစကားများ ပြောကြားကြပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန်အတွက် ၁၉၉၅-၂၀၀၂ ပညာသင်နှစ် ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများက အလှူငွေပေးအပ်သည်။

ယခင်ဆေးတက္ကသိုလ်(၁) ဆေးပညာဌာန ဌာနမှူး ယခုဆေးတက္ကသိုလ်(၁)၏ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွန့်သိန်းက "ဆရာကန်တော့ပွဲဆိုတာ ကမ္ဘာပေါ်မှာ မြန်မာပြည်ပဲရှိပါတယ်။ ဒီလိုအင်မတန်ကောင်းတဲ့ အစဉ်အလာကို ဆေးတက္ကသိုလ် (၁) ကျောင်းသား ကျောင်းသူတွေက ပုံမှန်ဆက်လက်လုပ်ဆောင်နေကြတာတွေ့ရတော့ စိတ်ထဲမှာအင်မတန်ကြည်နူးဝမ်းသာဖြစ်ရတယ်" ဟုပြောသည်။

မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးဦးဆောင်စီစဉ်သူတစ်ဦးဖြစ်သည့် ဒေါက်တာခင်ရဝေအောင်ကလည်း "တစ်နှစ်ခွဲလောက်အချိန်ယူပြီးစီစဉ်ခဲ့ရတယ်။ကျောင်းသားကျောင်းသူ ၂၀၀ လောက်ရှိတဲ့အထဲမှာ အခုပွဲကို တက်ရောက်ကြတာ ၁၀၀ လောက်ရှိတယ်။ နိုင်ငံခြားကလည်း ခွင့်ရတဲ့သူတိုင်း လာကြတာတွေ့ရတယ်။ သူတို့ကိုများသောအားဖြင့်ကတော့ Facebook ကနေ ဆက်သွယ်ရတယ်။ ကန်တော့တဲ့အထဲမှာ ဆေးတက္ကသိုလ် ပထမနှစ်တုန်းက သင်ကြားပေးခဲ့တဲ့ ဆရာဝန်မဟုတ်တဲ့ ဆရာ ဆရာမတွေလည်း ပါဝင်ပါတယ်။ ခုလို ဆရာ ဆရာမတွေကို မြင်ခွင့်၊ ကန်တော့ခွင့်ရတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာမိတယ်။ ကျန်းမာရေး စောင့်ရှောက်မှုတွေပေးဖို့ ပိုပြီး လက်လှမ်းမီသွားပါတယ်"ဟုပြောသည်။

အနုဇီဝဗေဒဌာန ပါမောက္ခဌာနမှူး(ငြိမ်း) ယခု ဆေးတက္ကသိုလ်(၁) ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာကြည်ကြည်သင်းက "ဒီအခမ်းအနားကို မတက်ရောက်နိုင်တဲ့ အသက်အရွယ်ကြီးတဲ့ ဆရာ ဆရာမကြီးတွေကိုလည်း အိမ်တိုင်ရာရောက် သွားကန်တော့မယ်ဆိုတဲ့အတွက် အခုလိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနေကြတာကိုလည်း ဝမ်းမြောက်မိပါတယ်"ဟုပြောသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ ကန်တော့ခံ ဆရာ ဆရာမကြီး ၂၄၀ ခန့်နှင့် ကျောင်းသား ကျောင်းသူ ၁၀၀ခန့် တက်ရောက်ကြသည်။ မြတ်ဆရာပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း မကျင်းပနိုင်သော်လည်း သုံးနှစ်သို့မဟုတ် ငါးနှစ်ခြား တစ်ကြိမ် ဆက်လက်ကျင်းပနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။ **သတင်း-မြတ်စန္ဒီ ဓာတ်ပုံ-ဇော်မင်းလတ်**

# ဒက္ခိဏခရိုင်အတွင်း ညအချိန် လှည့်ကင်းယာဉ်တန်းများဖြင့် အထူးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ လမ်းညွှန်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧရိယာအတွင်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရေးအတွက် မှုခင်းကြိုတင်ကာကွယ်ရေးအဖြစ် ညအခါ လှည့်ကင်းယာဉ်တန်းများဖြင့် စုဖွဲ့၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးလေးစိုး အနီးကပ်ကြီးကြပ်၍ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မရဲစခန်းမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီမှ ည ၁၂ နာရီအထိ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်တို့ရှိ လူစည်ကားရာနေရာများ၊ ညစျေးဝန်းကျင်လမ်းမတစ်လျှောက်တွင် လှည့်ကင်းယာဉ်များစုဖွဲ့၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# ပထမဆုံးကျင်းပမည့် အမျိုးသမီးလိဂ်အတွက် Title sponsor စာချုပ်

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အမျိုးသမီးလိဂ်ပြိုင်ပွဲအား Title sponsor အဖြစ်ပံ့ပိုးကူညီမည့် KBZ Bank တို့ စာချုပ်ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲပိုင်းက နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေးက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး KBZ Bank Senior General Manager ဦးမြင့်ဦးက ပြိုင်ပွဲအား ကူညီပံ့ပိုးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် KBZ Bank တို့ Title sponsor စာချုပ်ချုပ်ဆိုပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာအသင်းဂျာစီအား အမှတ်တရလက်ဆောင်ပေးအပ်သည်။ ယင်းနောက် ပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေးနှင့် တာဝန်ရှိသူများက မီဒီယာများ၏မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားသည်။

ပထမဆုံးအကြိမ်ကျင်းပမည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းခုနစ်သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်များကို မကြာမီ ထုတ်ပြန်မည်ဖြစ်ကာ ဒီဇင်ဘာ ၁၀ ရက်တွင် ဖွင့်ပွဲအခမ်းအနားကိုပါ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကျင်းပရန် KBZ Bank က Title sponsor အဖြစ် ကျပ်သိန်း ၁၀၀၀ ပံ့ပိုးကူညီမည်ဖြစ်ပြီး အား/ကာသိပ္ပံ၊ ဂန္ဓာမာ၊ ဇွဲကပင်၊ YREO F.C Sport & Education F.C၊ မြဝတီနှင့် ပြည်ထဲရေးအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံး အဆင့်အတန်းကိုတိုးတက်စေရန် အမျိုးသမီးလိဂ်ပြိုင်ပွဲကို စတင်ကျင်းပခြင်းဖြစ်သည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် Title Sponsor ဖြစ်သည့် KBZ Bank အား မြန်မာအသင်းဂျာစီ လက်ဆောင်ပေးအပ်စဉ်။

**သတင်း - ရဲရင့်ရှိန်း၊ ဓာတ်ပုံ - ဖိုးသော်ဇင်**



ရထားရဲတပ်ဖွဲ့ အမှတ် (၁၅)တပ်ခွဲ (မော်လမြိုင်)နယ်မြေအတွင်း ရထားနှင့်ယာဉ်တိုက်မှု၊ ရထားကြိတ်/တိုက်/ပြုတ်ကျဖြစ်စဉ်များ လျော့နည်းရေးနှင့် ရထားကို ခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများ အရေးယူခံရမည့်ပြစ်ဒဏ်များကို တပ်စု(၂)ရေးမှူး တပ်စုမှူးရဲအုပ်စန်းလွင်ဦး နိုဝင်ဘာ ၂၃ ရက်က ဟောပြောဆွေးနွေးစဉ်။ (ရထားရဲတပ်ဖွဲ့)

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)ကကြီးမှူး၍ တတိယအကြိမ် အသက်(၇၅)နှစ်ပြည့် သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ Orchid Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) ဥက္ကဋ္ဌ ဦးသီဟစောက သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသီဟစောနှင့် ဒုဥက္ကဋ္ဌ ဦးမြတ်ခိုင်တို့က အလှူငွေများနှင့် ပစ္စည်းများကိုလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ ဒီဇင်ဘာ ၁၀ ရက်တွင်ကျင်းပမည့် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) အမှတ် ၁၇၃/၁၇၅ (၆)လွှာပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၂၄၉၅၁၉၊ ၀၉၄၂၁၀၉၄၆၅၉ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောင်သူရ)**

# မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံချစ်ကြည်ရေးပြိုင်ပွဲဝင် မော်တော်ယာဉ်များ မန္တလေးမြို့မှ နေပြည်တော်သို့ထွက်ခွာ

**မန္တလေး နိုဝင်ဘာ ၂၆**
မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ ချစ်ကြည်ရေးနှင့်စီးပွားရေး၊ ခရီးသွားလာရေးမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့်မော်တော်ကားပြိုင်ပွဲ ပြိုင်ပွဲဝင်မော်တော်ယာဉ်များသည် နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီခွဲက မန္တလေးမြို့သို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မန္တလေးမြို့မှနေပြည်တော်သို့ ထွက်ခွာခြင်း တာလွှတ်အခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Dr.Nandakumar Nagendranနှင့်အိန္ဒိယနိုင်ငံအဝေးပြေးလမ်းများ ဖွံ့ဖြိုးရေးဌာနညွှန်ကြားရေးမှူးShri Anand Kumar တို့ တက်ရောက်အားပေးပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အလံရိုက်၍ပြိုင်ပွဲဝင်မော်တော်ယာဉ်များအား တာလွှတ်ပေးသည်။ ချစ်ကြည်ရေးပြိုင်ပွဲဝင် မော်တော်ယာဉ်များသည် နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှထွက်ခွာလာပြီး မြန်မာနိုင်ငံ တမူးမြို့ကိုဖြတ်ကာ ကလေးမြို့၊ ပုဂံညောင်ဦးမြို့၊ မန္တလေးမြို့တို့တွင် ညအိပ်ရပ်နားခဲ့ပြီး နေပြည်တော်သို့ ခရီးဆက်လက်ထွက်ခွာခြင်းဖြစ်ကြောင်း ပြိုင်ပွဲဝင်မြန်မာအဖွဲ့မှ ရုပ်ရှင်သရုပ်ဆောင်ဝေဠုကျော်က ပြောပြသည်။



မော်တော်ကားမောင်းပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံထုတ် TATA အမျိုးအစား 4Wheel ယာဉ်အစီး ၂၀ ဖြင့် တစ်စီးလျှင် နှစ်ဦးနှုန်းပါဝင်သည်။ ပြိုင်ပွဲဝင်မော်တော်ယာဉ်များသည် နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည်ဖြစ်ပြီးမှ မော်လမြိုင်၊ ဘားအံ၊ မြဝတီမှ ထိုင်းနိုင်ငံမဲဆောက်သို့ သွားရောက်မည်ဖြစ်ကြောင်း ခရီးစဉ်တစ်လျှောက် ၁၉ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်အသင်းမှ ဒီဇင်ဘာလ ပထမပတ်၏ ဗုဒ္ဓဟူးနေ့တွင် အခမဲ့ပြေးဆွဲပေးကာ နိဗ္ဗာန်ဈေးအလှူ ပြုလုပ်မည်

**ကျိုက်ထို နိုဝင်ဘာ ၂၆**
မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်သော ဘုရားဖူးများအတွက် တောင်တက်မော်တော်ယာဉ်အသင်းမှ လာမည့် ဒီဇင်ဘာလ ပထမပတ်၏ ဗုဒ္ဓဟူးနေ့တွင် အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

အဆိုပါ အခမဲ့ပြေးဆွဲပေးမည့်နေ့သည် ဒီဇင်ဘာ ၇ ရက်(ဗုဒ္ဓဟူးနေ့)ဖြစ်ပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဘုရားဖူးပြည်သူများအား အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကာ တောင်တက်မော်တော်ယာဉ်အသင်း နှစ်ပတ်လည်အထိမ်းအမှတ်အနေဖြင့် ယာဉ်စီးခ အခမဲ့အလှူအပြင် နိဗ္ဗာန်ဈေးအလှူကိုပါ ပြုလုပ်သွားမည်ဟု တောင်တက်မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နှစ်တိုင်း အခမဲ့ပြေးဆွဲတာ လုပ်ပေးပြီး ဒီနှစ်ကို နိဗ္ဗာန်ဈေးအလှူပါ လုပ်ပါမယ်။ လာရောက်တဲ့ ဘုရားဖူးပြည်သူတွေအားလုံးကို လှူဒါန်းသွားမှာပါ။ ပြေးဆွဲနေတဲ့ ယာဉ်အစီးရေ စုစုပေါင်းက ၁၅၀ ရှိပါတယ်။ လုံခြုံစိတ်ချစွာ စီးနင်းနိုင်ဖို့အတွက် မော်တော်ယာဉ်ကြံ့ခိုင်မှုတွေကိုလည်း ပုံမှန်ဆောင်ရွက်စေပါတယ်"ဟု ကျိုက်ထီးရိုးစေတီတော် တောင်တက်မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်တက်မော်တော်ယာဉ်အသင်းမှ ယခုနှစ် သီတင်းကျွတ်လပြည့်နေ့မှစတင်ကာ ကင်မွန်းစခန်းတောင်ခြေမှ ရင်ပြင်တော်အထိ ကားခနှုန်းထားကို တစ်ဦးလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၀၀၀ သို့ လျှော့ချပေးခဲ့ကြောင်း တောင်တက်မော်တော်ယာဉ်အသင်းမှ သိရသည်။

ယင်းအပြင် ယခုနှစ် ဘုရားဖူးရာသီတွင် တောင်တက်မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှု၊ အင်ဂျင်၊ စက်ပစ္စည်းများ ကောင်းမွန်မှုတို့အပြင် အဓိကကျသည့် မော်တော်ယာဉ်များ၏ တာယာများ ကြံ့ခိုင်မှုနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက်လည်း တောင်တက်ခရီးလမ်းတွင် စိတ်ချရသော တာယာများ တပ်ဆင်အသုံးပြုနိုင်ရေးကို ထူးမော်ကုမ္ပဏီ (Yangon Tyre)နှင့် ချိတ်ဆက်ဆောင်ရွက်ကာ ပြင်သစ်နိုင်ငံအခြေစိုက် Michelin Tubeless Radial တာယာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုးစေတီတော် ဘုရားပွဲတော်ကာလသည် သီတင်းကျွတ်လပြည့် ပွဲတော်ဖွင့်ပွဲမှ ပွင့်လင်းရာသီကာလတစ်လျှောက်လုံးနှင့် မိုးရာသီအထိ တစ်နှစ်ပတ်လုံး ပြည်တွင်း ပြည်ပ ဧည့်သည်များ လာရောက်မှုရှိသောကြောင့် ဘုရားဖူးအများဆုံး လာရောက်သည့် ခရီးသွားဒေသဖြစ်သည့်အတွက် လာရောက်သည့် ဧည့်သည်နှင့် ဝန်ဆောင်မှုမမျှတသည့်ပြဿနာမှာ ကြုံတွေ့ရလေ့ရှိသည်ဟု သိရသည်။

ပြည်တွင်းဧည့်သည်များအပြင် ပြည်ပဧည့်သည်များ စိတ်ဝင်တစား လာရောက်မှုများပြားသောကြောင့်လည်း စည်းကမ်းမဲ့ဖြစ်ရပ်များ၊ အထင်သေးဖွယ်ရာ လုပ်ဆောင်ချက်များကို မပြုလုပ်သင့်ဘဲ ဒေသဖွံ့ဖြိုး၍ ရေရှည်တည်တံ့ကောင်းမွန်သော ခရီးသွားဆွဲဆောင်ရာဒေသအဖြစ် ဒေသခံများနှင့် သက်ဆိုင်ရာတို့မှ ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း ဘုရားဖူးများက အကြံပြုကြသည်။

ယခုနှစ်တွင် တင်ဒါစနစ် အလျှုခံမှုများဖျက်သိမ်းကာ တည်းခိုခန်းနှင့် အဆောင်များ၊ ဇရပ်များ၊ စားသောက်ဆိုင်များအပါအဝင် ဈေးနှုန်းနှင့် ဝန်ဆောင်မှုများ စနစ်တကျဖြစ်စေရေးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ **(ဝဝ၁)**



# မြန်မာနိုင်ငံ၏ လက်ရှိရုပ်သေးအခြေအနေမှာ ရှေးရိုးသမားစဉ်များကို ထိန်းသိမ်းနေရသဖြင့် ခေတ်လူငယ်များ စိတ်ဝင်စားမှုနည်းပါးနေ

**မန္တလေး နိုဝင်ဘာ ၂၆**
နိုင်ငံတကာတွင် မော်ဒန်ရုပ်သေးဖျော်ဖြေမှုများ ခေတ်စားလျက်ရှိနေပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ရှေးရိုးသမားစဉ်ကို အခြေခံထိန်းသိမ်းပြီး မော်ဒန်ရုပ်သေးဖြင့် တွဲဖက်ဖျော်ဖြေမှုများ ပြုလုပ်နေရသဖြင့် ခေတ်လူငယ်များ၏ စိတ်ဝင်စားမှုနည်းပါးလျက်ရှိနေသေးကြောင်း ရုပ်သေးပညာရှင် ဒေါ်မမနိုင်က ပြောသည်။

"ဒီလို ရှေးရိုးသမားစဉ်နဲ့ တွဲဖက်ဖျော်ဖြေပေးမှ ပြည်သူလူထုနဲ့ ပရိသတ်ကို ဆွဲဆောင်မှုကောင်းပြီး လက်ရှိမှာလည်း ဒီပုံစံနဲ့က အောင်မြင်လျက်ရှိပါတယ်။ နိုင်ငံတကာမှာ ခေတ်စားနေတဲ့ မော်ဒန်ရုပ်သေးဆိုတာ အကောင်အထည်မပါဘူး။ မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းနဲ့ သရုပ်ဖော်ပြီး ဖျော်ဖြေပေးတာပါ။ မြန်မာ့ရုပ်သေးမှာကျတော့ သမားစဉ်အတိုင်း ဇော်ဂျီတို့၊ မျောက်တို့၊ ဘီလူးတို့ အခြေခံပြသပြီးတော့မှ မော်ဒန်ရုပ်သေးနဲ့ တွဲဖက်ရတာပါ"ဟု ၎င်းက ရှင်းပြသည်။

မြန်မာရုပ်သေးအား ကလေးများ စိတ်ဝင်စားမှုရှိလာစေရန် ကလေးများကိုင်တွယ်နိုင်သည့် ရုပ်သေးအရွယ်ကို ဖန်တီးပေးရမည်ဖြစ်ပြီး စာသင်ကျောင်းများသို့ သွားရောက်ကာ ကလေးများကိုယ်တိုင် ဖန်တီးနိုင်မည် အသိပညာပေးမှုများလည်း ပြုလုပ်ပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

မြန်မာရုပ်သေးပညာရပ်အား ပိုမိုကျယ်ပြန့်တိုးတက်လာစေရန် ပြည်တွင်းပြည်ပ ပညာရှင်များ အပြန်အလှန်ချိတ်ဆက်၍ မတူကွဲပြားသော စိတ်ကူးစိတ်သန်းများ ပိုမိုတီထွင်လာရန်နှင့် နိုင်ငံတကာဖြင့် ယှဉ်ကျေးမှုဖလှယ်သော အစီအစဉ်များပေါ်လာပြီး ပိုမိုအသစ်အဆန်းများ တီထွင်ရမည်ဖြစ်ကြောင်း ဂျာမန်မော်ဒန်ရုပ်သေးပညာရှင် Ms.Anne Klatt က ပြောသည်။

"မော်ဒန်ရုပ်သေးအဖြစ် ပတ်ဝန်းကျင်ပစ္စည်းများတွေနဲ့ ပေါင်းစပ်ပုံဖော်ဖန်တီးတင်ဆက်တာပါ။ စက္ကူနဲ့ ရုပ်သေးရုပ် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုပေါင်းစပ်ဖန်တီးမလဲဆိုတာတွေကို သူတို့ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ ရုပ်သေးအနုပညာတစ်ခုအဖြစ် တင်ဆက်တာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ရုပ်သေးပညာတွင် သမားစဉ်ပိုင်ဆိုင်ရာ စည်းမျဉ်းပုံစံများဖြင့် သတ်မှတ်ထားပြီး အနောက်တိုင်း ရုပ်သေးပညာသည် အစဉ်ဆန်းသစ်သော အတွေးအမြင်များဖြင့် ပေါင်းစပ်ထားသဖြင့် ၎င်းနှစ်ခုမှာ ကွဲပြားခြားနားလျက်ရှိကြောင်း သိရသည်။

**(မင်းထက်အောင်)**

# မိုးညှင်းမြို့တွင် အဝေးပြေး ယာဉ်ရပ်နားစခန်း ဆောက်လုပ်မည်

**မိုးညှင်း နိုဝင်ဘာ ၂၆**
ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ဒီဂရီကောလိပ်အရှေ့ဘက် မြို့ရှောင်လမ်းဘေးတွင် ၁၀ ဒသမ ၅၀ ဧကအကျယ်အဝန်းရှိ အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ရန် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ ယန္တရားများဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်အစိုးရထံမှ တင်ဒါအောင်မြင်ခဲ့သော မိုးညှင်းဒေသရှမ်းနီဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက ပုဂ္ဂလိကလုပ်ငန်းရှင်များ ကမ်းလှမ်းဖိတ်ခေါ်၍ သုံးနှစ် စီမံကိန်းဖြင့်ဆောင်ရွက်မည်ဖြစ်သည်။ ယာဉ်ရပ်နားစခန်းအတွင်း ပါဝင်မည့် အဆောက်အအုံများမှာ သုံးထပ်ဆောင် ဟိုတယ်တစ်လုံး၊ ဆီဆိုင်တစ်ဆိုင်၊ နှစ်ထပ်ဆောင် အုပ်ချုပ်ရေးမှူးရုံးတစ်ရုံး၊ ရေဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်၊ မော်တော်ယာဉ်ပြုပြင်ရုံတစ်ရုံ၊ ၁၂ ခန်းတွဲ တစ်ထပ်ဂိုဒေါင်၊ ရှစ်ခန်းတွဲနှစ်ထပ်ဆိုင်ခန်း၊ လေးခန်းတွဲ တစ်ထပ်ဂိုဒေါင်၊ ၁၂ ခန်းတွဲ နှစ်ထပ်ဆိုင်ခန်း၊ ရှစ်ခန်းတွဲနှစ်ထပ်ဆိုင်ခန်း၊ လေးခန်းတွဲ နှစ်ထပ်ဆိုင်ခန်း၊ အများပြည်သူနားနေဆောင်၊ ဟိုတယ်အဆောက်အအုံ သုံးလုံး စသည့် အဆောက်အအုံများ ပါဝင်ဆောက်လုပ်မည်ဖြစ်သည်။



မိုးညှင်းအဝေးပြေးယာဉ်ရပ်နားစခန်းပုံစံငယ်။

ယခုဆောက်လုပ်မည့် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ပြီးပါက မိုးညှင်းမြို့ကို ဗဟိုပြုပြီး ဆက်သွယ်သွားလာရမည့် မိုးညှင်း-ကသာ၊ မိုးညှင်း-အင်းတော်၊ မိုးညှင်း-မြစ်ကြီးနား၊ မိုးညှင်း-ဖားကန့် စသည့် ယာဉ်လိုင်းများအပါအဝင် မိုးညှင်းမြို့ကို ဖြတ်သန်းသွားမည့် ခရီးသည်တင်ယာဉ်များ ရပ်နားရမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အခြေခံပန်းရန် သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၂၆**
နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျွန်းရောင်းအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံပန်းရန်သင်တန်း အမှတ်စဉ်(၃/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ သင်တန်းသား ၂၀ အား သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦ....

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အကျိုးပြုမည့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း

### ဒုဋ္ဌဝတီမြစ်ပေါ်မှ ရေအားလျှပ်စစ်ဝန်ထမ်းတစ်ဦး



ရေလွှဲဥမင်လိုဏ်မှ မြစ်ရေလွှဲခြင်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

နိုင်ငံတော်အနေဖြင့် ရေအားလျှပ်စစ် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ် တောင်ဘက်မိုင် ၂၀ ခန့်အကွာ၊ မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်)ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

မြစ်ငယ်မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၁၉၅၄ ခုနှစ်တွင် ဗြိတိသျှကုမ္ပဏီ Sir Alexzandra Gibb & Partners က ဦးစွာစူးစမ်းလေ့လာမှုကို စတင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဌာန မှလည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် Burma Umbrella Project အစီအစဉ်အရ ဂျပန်နိုင်ငံ NewJec ကုမ္ပဏီမှ လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd. တို့မှလည်း ကောင်း စူးစမ်းလေ့လာမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd ၏ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြခဲ့သော Preliminary Layout Design Studies Report အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ခြေကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ၂၈၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ ကို ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့်မြန်မာတစ်နိုင်ငံလုံးသို့ထုတ်လုပ်ဖြန့်ဖြူးသွားရန် သင့်လျော်သောစီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်းဒေသရှိ ကျေးရွာများတွင် လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ အကျိုးဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ရန် သင့်လျော်သော စီမံကိန်းတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၃)တည်ဆောက်ရေးမှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး အဓိကအားဖြင့် တည်ဆောက်ရေးလုပ်ငန်းကြီး ရှစ်ခု ပါဝင်ပါသည်။ အဆိုပါလုပ်ငန်းများမှာ ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ စက်ရုံရေထုတ်မြောင်းနှင့် ဆွစ်ယာဒ်လုပ်ငန်းတို့ဖြစ်ကြပါသည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာပိုင်း လက်ဆင့်ကမ်းရေးအစီအမံနှင့် စီမံကိန်းလုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အတိုင်ပင်ခံအင်ဂျင်နီယာလုပ်ငန်းအား ဆွစ်ဇာလန်နိုင်ငံ The Consortium Lahmeyer International and Stucky SA မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစ၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ အဓိကလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းစတင်ဆောင်ရွက်စဉ်ကပင် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် စီမံကိန်းလုပ်ငန်းခွင်သို့ ပင်မချဉ်းကပ် လမ်းမိုင် ၂၀ ကျောက်ချောခင်းလမ်းအား ဖောက်လုပ်ထားပြီးဖြစ်ရာ ချဉ်းကပ်လမ်းတစ်လျှောက် ဒေသအတွင်း ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ရာသီမရွေး အဆင်ပြေချောမွေ့စွာသွားလာနိုင်သည့် အပြင် ဒေသထွက် ကုန်စိုက်ပျိုးသီးနှံများကိုလည်း လျင်မြန်စွာ ရောင်းဝယ်နိုင်သည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိပါသည်။ စီမံကိန်းဧရိယာအနီး တောင်ခြေကျေးရွာနှင့် မန်ထန်ကျေးရွာ နှစ်ရွာတည်ရှိရာ စီမံကိန်းလုပ်ငန်းခွင်မှ လျှပ်စစ်ဓာတ်အားကို တောင်ခြေကျေးရွာသို့ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် 11/0.4 ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းလျက်ရှိရာ မကြာမီကာလတွင် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်တော့မည်ဖြစ်ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပင်မတမံအပါအဝင် ရေအားလျှပ်စစ်အဆောက်အအုံများ တည်ဆောက်နိုင်ရန် ပထမဦးစွာ မြစ်ရေလွှဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပါသည်။ မြစ်ရေလွှဲနိုင်ရန်အတွက် ရေလွှဲဥမင်လိုဏ်လုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လတွင် မြစ်ရေလွှဲခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ နှစ်အလိုက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အရ ယခုအခါ ပင်မတမံမြေကြီး / ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်မြေကြီး/ကျောက်သားတူးဖော်ခြင်း လုပ်ငန်း၊ ရေယူအဆောက်အအုံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ မြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်းများကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၃) တည်ဆောက်ရေးမှ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ မိုင်း၊ ဘူမိဝန်ထမ်းများဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ရဲရွာစီမံကိန်းတွင် တည်ဆောက်မည့် RCC (Roller Compacted Concrete) ကွန်ကရစ်တမံအတွက် ကနဦးဒီဇိုင်းလေ့လာမှုများပြုလုပ်ခြင်း၊ သုံးစွဲမည့် ဘိလပ်မြေ၊ ကျောက်၊ သဲများအား စမ်းသပ်ဓာတ်ခွဲခြင်း၊ ပစ္စည်းစမ်းသပ်မှုရလဒ်များကို အခြေခံ၍ ဓာတ်ခွဲခန်းတွင် RCC ကွန်ကရစ် စမ်းသပ်ဖျော်စပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ Hydraulic Steel Structure & Electromechanical ပစ္စည်းများ (တာဘိုင်နှင့်ဂျင်နရေတာအပါအဝင် စက်မှုလျှပ်စစ်တပ်ဆင်ရေးပစ္စည်းများ) ကို တရုတ်နိုင်ငံ ZIB (Zhejiang International Business Group Co.,Ltd )နှင့် စာချုပ်ချုပ်ဆို မှာယူထုတ်လုပ်ခဲ့ပြီး ပစ္စည်းတချို့မှာ စီမံကိန်းသို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဓာတ်အားလိုအပ်ချက်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် စီမံကိန်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်လျက်ရှိရာ အဆိုပါစီမံကိန်းများတည်ဆောက်မှုကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကိုလည်း မူလအခြေအနေထက် ပိုမိုကောင်းမွန်သောအဆင့်ရရှိအောင် ဆောင်ရွက်ခြင်းကို ဂရုတစိုက်ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်လက်ဖော်ပြပါမည်**



ရေလွှဲဥမင်လိုဏ်ဖောက်လုပ်နေမှုကို တွေ့ရစဉ်။

## ရှမ်းပြည်နယ် အစိုးရအဖွဲ့က မူဆယ်ဒေသအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေပေးအပ်

**မူဆယ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်ဒေသအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပြည်သူအများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြသကဲ့သို့ သေဆုံးမှုလည်း ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်များကြောင့် ရဲတပ်ဖွဲ့ဝင်အချို့သည် ဒဏ်ရာရရှိကြသကဲ့သို့ သေဆုံးမှုများလည်းရှိခဲ့သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က သေဆုံးခဲ့သော ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် တပ်ဖွဲ့ဝင်သုံးဦးအတွက် သိန်း ၃၀၊ ပြင်းထန်ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့် တပ်ဖွဲ့ဝင်ခြောက်ဦးအတွက် ၁၈ သိန်းနှင့် သာမန်ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းဖြင့် တပ်ဖွဲ့ဝင်လေးဦးအတွက် လေးသိန်း စုစုပေါင်း ငွေကျပ် ၅၂ သိန်းကိုလည်းကောင်း၊ ခရိုင်မိခင်နှင့် ကလေးအသင်းက သေဆုံးသူနှင့် ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဒဏ်ရာရရှိသော ရဲတပ်ဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မူဆယ်မြို့ ခရိုင်ရဲတပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ဆက်လက်ပြီး မူဆယ်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း မုံးကိုးမြို့မှ စစ်ဘေးရှောင်ပညာရေးဝန်ထမ်းမိသားစုများအား တာဝန်ရှိသူများမှ ရင်းနှီးနွေးထွေးစွာ အားပေးနှစ်သိမ့်ခဲ့ကြပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးအမေများအား ခရိုင်/မြို့နယ် မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌက တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းဖြင့် ပညာရေးဝန်ထမ်း ၁၀ ဦးအတွက် တစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးရုံးခန်း၌ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သော ပြည်သူများအား



ရှမ်းပြည်နယ်အစိုးရအဖွဲ့က တစ်ဦးလျှင် ကျပ်ငါးသိန်းဖြင့် ငါးဦးအတွက် ကျပ် ၂၅ သိန်း၊ ခရိုင်မိခင်နှင့် ကလေးအသင်းဥက္ကဋ္ဌကလည်း တစ်ဦးလျှင် ကျပ် ငါးသောင်းနှုန်းဖြင့် ကျပ် နှစ်သိန်းငါးသောင်းအား သေဆုံးသူများ၏ မိသားစုဝင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ၊ ပြည်ထောင်စုကားလမ်းမကြီးတွင်လည်း မိုင်းခွဲဖျက်ဆီးမှုပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း ယမန်နေ့က KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ပြည်ထောင်စုကားလမ်းမကြီးတွင်လည်း မိုင်းဖြင့်ဖောက်ခွဲဖျက်ဆီးခံရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် ကောင်ခါးမိန်ပြိန်းအုပ်စု ပန်နိမ်ရွာမှ ဒေါ်အေမန်သည် မန်လွယ်ကျေးရွာနှင့် နမ့်ဖလွန်းကျေးရွာကြားရှိ ၎င်းပိုင်ပြောင်းခြံတွင် ပြောင်းဖူးချိုးနေစဉ် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲခန့်က KIA၊ TNLA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဝဲဘက်ရင်အုံတွင် သေနတ်ဖောက်ဝင်ပြီး စိုးရိမ်ရ ဒဏ်ရာရရှိခဲ့သဖြင့် နမ့်ဖတ်ကာရွာရှိ မေတ္တာရှင်လူမှုကူညီရေးအသင်းက နမ့်ဖတ်ကာဆေးရုံမှတစ်ဆင့် မူဆယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က ကွတ်ခိုင်မြို့နယ် နမ့်ခိုင်ရွာအနီးရှိ နမ့်ခိုင်တံတားရဲကင်းအား KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့က မန်လွယ်ကျေးရွာဘက်မှ လက်နက်ငယ်များဖြင့် ၃ မိနစ်ခန့် လာရောက်ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် ပြန်လည်ဆုတ်ခွာသွားကြောင်း၊ ၎င်းဖြစ်စဉ်တွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု



မရှိကြောင်း သိရသည်။

KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များသည် ယမန်နေ့ ည ၈ နာရီ မိနစ် ၅၀ ခန့်ကလည်း လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(၂၃) တစ်ဝိုက်ရှိ စံလောင်းကျေးရွာအနီးတွင် ကားလမ်းအား မိုင်းဖောက်ခွဲဖျက်ဆီးခဲ့ရာ အချင်း ၁ ပေ၊ အနက် ၈ လက်မခန့်ရှိ မြေကျင်းနှစ်ခု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် တောင်ယာရှင်းလင်းနေသည့် ရွာသားတစ်ဦး လက်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် မန်လွယ်ကျေးရွာနေ ဦးကျန်ရီချမ်း (၆၃)နှစ်သည် မန်လွယ်ကျေးရွာအနီး ကြံစိုက်ခင်း၌ တောင်ယာလုပ်ကိုင်နေစဉ် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဦးကျန်ရီချမ်း၏ ယာဘက်လက်ခုံ ထိခိုက်ဒဏ်ရရှိခဲ့သဖြင့် ကွတ်ခိုင်ဆေးရုံမှတစ်ဆင့် မူဆယ်ဆေးရုံသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမာရွတ်မြို့နယ် ရထားသံလမ်းပေါ်၌ မိန်းကလေးငယ်တစ်ဦး ဒဏ်ရာများဖြင့်သေဆုံးခဲ့မှု ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၆)ရပ်ကွက် ဟံသာဝတီဘူတာနှင့် လှည်းတန်းဘူတာအကြား မိုင်တိုင်အမှတ်(၄/၁၂)ရထားသံလမ်းပေါ်တွင် နိုဝင်ဘာ ၂၄ ရက် ည ၇ နာရီခွဲခန့်က အသက်(၁၀)နှစ်ခန့်ရှိ မိန်းကလေးငယ်တစ်ဦးမှာ လည်ပင်းပြတ်ရှဒဏ်ရာများ၊ ဦးခေါင်းပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေပြီး ၎င်းနေရာအနီးတွင် လွယ်အိတ်များနှင့် ခဲတံချွန်ခေါက်ဓားတစ်ချောင်းတို့အား တွေ့ရှိရသဖြင့် ကမာရွတ်မြို့မရဲစခန်းမှ အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ကမာရွတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ လှိုင်သာယာမြို့နယ် မီးခွက်ဈေးအောက်ထိပ်နေ မဝင်းဝင်းအေး(၁၀)နှစ်ဖြစ်ပြီး ၎င်း၏မိခင် မငွေးနှင့်အတူ လှည်းတန်းခုံးတံတားအောက်တွင် ပန်းရောင်းသည့် အလုပ်လုပ်ကိုင်ကြောင်း၊ နိုဝင်ဘာ ၂၄ ရက်က မငွေးနှင့်သမီးဖြစ်သူတို့ လှည်းတန်းခုံးတံတားအောက်၌ ပန်းရောင်းနေစဉ် ညီမဖြစ်သူ၏ခင်ပွန်းဟောင်း ပြာဂလောင်(ခ) ကျော်ကြီးရောက်ရှိလာပြီး ၎င်းတစ်ဦးတည်း ပိုက်ဆံတောင်းရမ်းရသည်မှာ အဆင်မပြေသဖြင့် သမီးဖြစ်သူအား ထည့်ပေးရန်ပြောရာမှ သမီးဖြစ်သူ မဝင်းဝင်းအေးအား ထည့်ပေးလိုက်ကြောင်း၊ ည ၇ နာရီ ၄၅ မိနစ်တွင် ပြာဂလောင်(ခ)ကျော်ကြီးမှာ တစ်ဦးတည်း ပြန်လည်ရောက်ရှိလာသဖြင့် သမီးဖြစ်သူအား မေးမြန်းရာ အရင် ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်းပြောဆိုသော်လည်း ၎င်းမှသမီးဖြစ်သူမှာ ပြန်လည်ရောက်ရှိခြင်းမရှိသေးကြောင်း ပြန်လည်ပြောကြားရာ ပြာဂလောင်(ခ) ကျော်ကြီးမှ လိုက်ရှာဦးမည်ဟုပြောဆို၍ အင်းလျားကန်ပေါင်ဘက်သို့ ထွက်သွားခဲ့ကြောင်း၊ ၎င်းမှလည်း သမီးဖြစ်သူအား လိုက်လံရှာဖွေစဉ် ရဲတပ်ဖွဲ့ဝင်များက မိန်းကလေးငယ်တစ်ဦးသေဆုံးနေကြောင်း ဓာတ်ပုံအားပြသရာမှ သမီးဖြစ်သူသေဆုံးမှုကို သိရှိခဲ့ကြောင်း၊ ၎င်းအနီးတွင် ပြာဂလောင်(ခ) ကျော်ကြီးလွယ်သွားသော အပြာအဖြူစိမ်း ပတ်လည်စင်းပါ ချည်လွယ်အိတ်အား တွေ့ရှိရကြောင်း ဖော်ထုတ်သိရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက နိုဝင်ဘာ ၂၅ ရက် ည ၇နာရီခွဲတွင် ဝါးတန်းဆိပ်ကမ်းမှ ဒလမြို့နယ် မှော်စက်ရပ်ကွက် မင်းရဲကျော်သူလမ်းနေ ကျော်အောင် (ခ) ကျော်ကြီး(ခ)ပြာဂလောင်(၂၉)နှစ်အား ဖမ်းဆီးပြီး စစ်ဆေးရာ ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုသဖြင့် လိုအပ်သည်များ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျေးလက်လမ်း ကွင်းဆင်းစစ်ဆေး

**ရွှေတောင် နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့် ဦးဆောင်သော QC & WD အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် AH ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ရွှေနတ်တောင်-ညောင်စာရေး လမ်း ကျောက်ချောလမ်းခင်းခြင်း (၁/၃ ဒသမ ၄)မိုင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

■

☆ **ကျောဖုံးမှ**

မြန်မာအသင်းသည် ကမ္ဘောဒီးယားကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ နန္ဒကျော်၊ ဇော်မင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ ရန်အောင်ကျော်၊ မျိုးကိုထွန်း၊ ဒေးဗစ်ဒန်း၊ အောင်သူ၊ မောင်မောင်လွင်၊ ကောင်းဆက်နိုင်တို့ ပါဝင်ခဲ့သည်။ ပွဲအစပိုင်းတွင် အမ်မရီ၏ အဝေးကန်ချက် တိုင်ထိထွက်ခဲ့၍ မြန်မာအသင်း သက်သာရာရခဲ့သည်။ မြန်မာအသင်းသည် ပွဲအစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး ၁၁ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့သော်လည်း အောင်သူက ၎င်းကြောင့်ရသည့်အခွင့်အရေးကို ဝင်အောင် မသွင်းနိုင်ခဲ့ပေ။ နောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းတိုက်စစ်ကို မလေးရှားအသင်း ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ၄၃ မိနစ်တွင် အောင်သူ၏ပြစ်ဒဏ်ဘောကန်ချက်မှာလည်း ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အမှားမခံဘဲ ထိန်းကစားခဲ့သလို ယခုပွဲအနိုင်ရမှ ဆီမီးဖိုင်နယ်တက်မည့် မလေးရှားအသင်းမှာ ဝါရင့်တိုက်စစ်မှူး ဆာဖီဆာလီကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မလေးရှားအသင်း ဂိုးရရှိရန် ကြိုးစားလာသော်လည်း မြန်မာအသင်း ခံစစ်ပိုင်းအမှားမရှိခဲ့သလို ဂိုးသမား ကျော်ဇင်ဖြိုးကလည်း ဂိုးသွင်းခွင့်အချို့ကို ကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် ဒေးဗစ်ဒန်းက ညာတောင်ပံမှဆွဲဝင်ကာ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဒန်းသည် ယခုပွဲတွင်ခြေစွမ်းပြနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး အနိုင်ဂိုးပါသွင်းယူခဲ့ခြင်း ဖြစ်သည်။

ယခုပွဲကို မြန်မာဘောလုံးပရိသတ် ၃၂၀၀၀ ကျော် ကွင်းလုံးပြည့်လာရောက်အားပေးခဲ့ပြီး မြန်မာအသင်းအနိုင်ရစေရန်တစ်ခဲနက်အားပေးခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် မြန်မာအသင်းအား ဆူဇူကီးဖလားပြိုင်ပွဲတွင်ဆီမီးဖိုင်နယ်သို့ပို့ဆောင်ပေးခဲ့သည့် ဒုတိယမြောက်နည်းပြဖြစ်လာခဲ့သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲတွင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ရာနှုန်းပြည့်နိုင်ပွဲရယူခဲ့သည်။ ဗီယက်နမ်အသင်းသည် အုပ်စုသုံးပွဲစလုံးအနိုင်ယူခဲ့ခြင်းဖြစ်ပြီး ပထမနေရာကို ရယူနိုင်ခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့သော်လည်း အမှတ်မရယူနိုင်ခဲ့ဘဲ သုံးပွဲဆက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စု(ခ) ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး မလေးရှားနှင့် ကမ္ဘောဒီးယားတို့ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မြန်မာနှင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတွေ့ဆုံနေပြီး ပထမအကျော့ကို ဒီဇင်ဘာ (၃၊ ၄) ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ (၇၊ ၈) ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ကွင်းတွင် စတင်ကစားရမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မောင်တောခရိုင်အတွင်း လမ်းကွန်ရက်များ အဆင့်မြှင့်တင်ပေးမည်

**မောင်တော နိုဝင်ဘာ ၂၆**

မောင်တောခရိုင်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက် လမ်းကွန်ရက်များ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံက ပြောကြားသည်။

"မောင်တောခရိုင်အတွင်းမှာရှိတဲ့ လမ်းတွေဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ခဲ့တဲ့ လမ်းတွေများပါတယ်။ လမ်းကွန်ရက်တွေ တော်တော်များများ ပြည့်ပြည့်စုံစုံရှိပေမယ့် လမ်းတွေရဲ့ အရည်အသွေးတွေဟာ အတော်လေးဆိုးပါတယ်။ အများအားဖြင့်တော့ ကျောက်ကြမ်းလမ်းတွေဖြစ်ပါတယ်။ အဲဒီလမ်းတွေကို ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေအဖြစ် အဆင့်မြှင့်တင်ပေးခြင်းဖြင့် အဲဒီဒေသမှာ လုံခြုံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို တစ်ပြိုင်တည်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လမ်းအတွက်ရရှိထားတဲ့ ဘတ်ဂျက်အပေါ်မှာမူတည်ပြီး လမ်းတွေကို ကျောက်ပြုန်းတွေနဲ့ ခင်းသွားမယ့်အနေအထားရှိပါတယ်" ဟု ဦးအောင်ကျော်ဇံက ပြောကြားသည်။

အဆိုပါလမ်းကွန်ရက်များ တိုးတက်အောင်ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် လမ်းများကို ကျဉ်းကျဉ်း၊ ခရီးမိုင်ရှည်ရှည်ရရှိအောင် ကျောက်ပြုန်းလမ်းများအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကွန်ရက်အဆင့်မြှင့်တင်ရေး စီမံကိန်းကို ယခုပွင့်လင်းရာသီတွင် နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းကွန်ရက်များ တိုးတက်ကောင်းမွန်လာခြင်းသည် နယ်မြေစိုးမိုးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ- အေဝမ်းစိုး**



# မောင်တောမြို့ မြောက်ဘက်ပိုင်း ဝေးလံခေါင်ဖျားသည့်ကျေးရွာများသို့ စားနပ်ရိက္ခာများ ထပ်မံထောက်ပံ့

**မောင်တော နိုဝင်ဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် စားနပ်ရိက္ခာများကို မောင်တောမြို့မြောက်ဘက်ပိုင်းရှိ လမ်းပန်းဆက်သွယ်ရေးအရ ခက်ခဲသည့်ကျေးရွာများသို့ ယနေ့တွင် သွားရောက်ထောက်ပံ့ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



"ကျွန်တော်တို့ မနေ့က မောင်တောမြို့ တောင်ဘက်ပိုင်းရှိ ရွာလေးရွာကို သွားရောက်ထောက်ပံ့ခဲ့ပြီး ဒီနေ့ ဒုတိယနေ့အစီအစဉ်အနေနဲ့ မောင်တောမြို့ မြောက်ဘက်ပိုင်းရှိ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရေးခက်ခဲတဲ့ ရန်အောင်မြင်၊ တမန်းသား၊ မင်းခမောင်း၊ သက်ကိုင်ညာနဲ့ ရေနောက်ငါးသားကျေးရွာတွေကို ဆန်၊ ဆီ၊ ဆား စတဲ့ စားနပ်ရိက္ခာတွေ သွားရောက်ထောက်ပံ့ခဲ့ပါတယ်။ ကျွန်တော်တို့ သွားရောက်ခဲ့တဲ့ရွာတွေမှာ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းပိုင်းဆိုင်ရာမှာ ထိခိုက်ပျက်စီးမှုမရှိတာကို တွေ့ရပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူတွေအနေနဲ့ လတ်တလောအခြေအနေမှာတော့ ဆိုးဆိုးရွားရွားဖြစ်စဉ်တွေ မရှိဘူးဆိုတာ တွေ့ရပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ ဒေသခံပြည်သူတွေကို သတိဝီရိယနဲ့ စုစည်းနေထိုင်ဖို့ အကြံပြုအားပေးစကားပြောကြားခဲ့ပါတယ်" ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းက ပြောကြားသည်။

တမန်းသားကျေးရွာမှ ဦးဇော်ထွန်းက "အခုလိုလာရောက်ထောက်ပံ့တာတွေ သုံးခါလောက်ရှိပြီ၊ အခုဟာနဲ့ဆိုလေးခါပေါ့။ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် နောက်ပြီး မာမီးခေါက်ဆွဲတွေ လာရောက်ထောက်ပံ့ကြပါတယ်။ အရင်လာထောက်ပံ့တာက ဆန်ခုနစ်ပြည် တစ်ခါ၊ ဆန်ငါးပြည် ငါးပြည် နှစ်ခါရပါတယ်။ အခုလိုလာရောက်ထောက်ပံ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ အားတစ်ခုလည်းဖြစ်ပါတယ်။ ရပ်ရွာလုံခြုံရေးပိုင်းမှာ အခုတော့ တည်တည်ငြိမ်ငြိမ်ဖြစ်နေပါပြီ"ဟု ပြောကြားသည်။

ထို့ပြင် ခမောင်းဆိပ်မြို့ မင်းခမောင်းကျေးရွာမှ မယဉ်နုကလည်း "အခုလိုစားနပ်ရိက္ခာတွေ လာထောက်ပံ့တာ သုံးခါလေးခါလောက်ရှိပါပြီ။ ငါးခြောက်ရတယ်၊ ဆီရတယ်၊ ဆန်ရတယ်။ လာရောက်ထောက်ပံ့တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ခမောင်းဆိပ်မြို့ အရှေ့ခမောင်းဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချစ်လှိုင်က "ကျွန်တော်တို့နယ်မြေဒေသမှာ ယခင့်ယခင်ကလည်း ပြဿနာမရှိပါဘူး။ ဒီနေ့ဒီအချိန်ထိလည်း ဘာပြဿနာမှမရှိပါဘူး။ ဒေသခံတိုင်းရင်းသားတွေနဲ့ အခြားဘာသာဝင်တွေ ညီအစ်ကိုအရင်းလိုပေါင်းလာတာ ဘာပြဿနာမှမရှိခဲ့ပါဘူး။ ကျွန်တော်တို့ နယ်မြေဒေသမှာ အေးအေးဆေးဆေးပါပဲ။ နောင်ကိုလည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် အုပ်ချုပ်ရေးပိုင်းကို ဌာနဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

တမန်းသား ကျေးရွာသည် မောင်တောမြို့မြောက်ဘက် မိုင် ၃၀ ကျော်ကွာဝေးပြီး မင်းခမောင်းကျေးရွာသည် မောင်တောမြို့မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ-အေဝမ်းစိုး**

# မင်းပြားမြို့ ဦးစိုးတင့်ရပ်ကွက် မီးဘေးသင့်အိမ်ထောင်စုများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်

**မင်းပြား နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မင်းပြားမြို့ ဦးစိုးတင့်ရပ်ကွက်တွင် နိုဝင်ဘာ ၂၅ ရက်က ဓာတ်ဆီဆိုင်မှ စတင်ကာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၆ ရက် ညနေ ၃ နာရီက ဦးစိုးတင့်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် တစ်လုံး၊ ဆိုင်ခန်းကိုးခန်း၊ အိမ်ဆိုင် ၁၁ ဆိုင်တို့ မီးလောင်ပျက်စီးဆုံးရှုံးမှုအတွက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ စည်ပင်သာယာရေး ဝန်ကြီး ဦးမင်းအောင်၊ မြောက်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မီးဘေးသင့်ပြည်သူများအား အိမ်တစ်အိမ်အတွက် ငွေကျပ် သုံးသိန်း၊ အိမ်ဆိုင် ၁၁ ဆိုင်အတွက် ငွေကျပ် ၂၂ သိန်းနှင့် ဆိုင်ကိုးဆိုင်အတွက် ငွေကျပ် ကိုးသိန်း စုစုပေါင်း ငွေကျပ် ၃၄ သိန်း၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးများနှင့် ပစ္စည်းကိုးမျိုးပါ မိသားစု အိမ်သုံးပစ္စည်း ၁၁ ထုပ်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စုများကိုယ်စား ဦးမောင်သောင်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မီးလောင်ပျက်စီးဆုံးရှုံးသွားသည့် လူနေအိမ်၊ ဆိုင်ခန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာတစ်ဝိုက်မှ မသင်္ကာသူသုံးဦး ဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာတစ်ဝိုက်တွင် သတင်းအရ နယ်မြေရှင်းလင်းစဉ် မသင်္ကာသူသုံးဦး ဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်ခဲ့သူများ ခိုအောင်းနေကြောင်း သတင်းအရ ယနေ့ နံနက် ၉ နာရီခန့်က မောင်တောမြို့နယ် ဝါးပိတ်ကျေးရွာတစ်ဝိုက် ရှင်းလင်းစဉ် မသင်္ကာသူများဖြစ်သည့် ဆွေတာမောက်စ (၅၈)နှစ်၊ ဆွေယော့ဟူဆောင်း (၆၅)နှစ်နှင့် ဆာလီအာမွတ်(၅၁)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအား တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ပိုမိုဖြည့်ဆည်းပေးမည်

**မောင်တော နိုဝင်ဘာ ၂၆**

မောင်တောခရိုင်အတွင်း ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပိုမိုဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

"ရခိုင်ပြည်နယ်အစိုးရအနေနဲ့ မောင်တောဒေသတည်ငြိမ်စွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေမှာ ယခင်ကထက် ပိုမိုအားထည့် လုပ်ဆောင်နေပါတယ်။ မကြာခင်က ပြည်ထောင်စုအစိုးရက ရိတ်သိမ်းခြွေလှေ့စက်တွေ၊ ပြည်နယ်အစိုးရက ရန်ပုံငွေနဲ့ ရိတ်သိမ်းခြွေလှေ့စက်တွေကိုလည်း မောင်တောခရိုင်တစ်ခုလုံး ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ဒေသက တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ မောင်တောဒေသမှာရှိတဲ့ တောင်သူတွေအတွက် နည်းပညာတွေ၊ သွင်းအားစုတွေပါ ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်" ဟု ဦးကျော်လွင်က ပြောသည်။

မောင်တောဒေသရှိ ပျက်စီးနေသော ရေငန်တားတာများအသစ်ဆည်ဖို့ပေးရန် ဘတ်ဂျက်ချထားပေးပြီးဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍လည်း နွားမျိုးမြှင့်တင်ရေးကိစ္စ၊ ဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများကိုလည်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ထို့ပြင် မောင်တောဒေသတွင် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် တွန်းအားပေးလျက်ရှိကြောင်း၊ မကြာမီ ရခိုင်ပြည်နယ်မှ ထွက်ရှိသော ဆန်စပါးများကို တစ်ဖက်နိုင်ငံသို့ တိုက်ရိုက်ရောင်းချနိုင်အောင်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် မောင်တောခရိုင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**(မြင့်မောင်စိုး)**

## ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလီဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***

### လမ်းခွဲလိုက်ပြီဆိုပြီးမှ အတူတွဲတွေ့ရပြန်တဲ့ ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်း



ပေါ့ပ်အဆိုတော် ကတ်တီပါရီနဲ့ ဟောလီဝုဒ်ကြယ်ပွင့် ထိပ်တန်းမင်းသား အော်လန်ဒိုဘလွန်းတို့ရဲ့ အချစ်ခရီးလမ်းဟာ တစ်ခန်းရပ်လိုက်ပြီဖြစ်ကြောင်း ဟောလီဝုဒ်မီဒီယာတွေက အတိအလင်းဖော်ပြခဲ့ကြပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၆ ရက်မှာ ကျေးဇူးတော်နေ့ကို သူတို့နှစ်ဦးအတူတကွ ဆင်နွှဲနေပုံကို ကတ်တီပါရီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့်ဖော်ပြခဲ့တာဖြစ်ပါတယ်။

ကတ်တီပါရီက ကျေးဇူးတော်နေ့ဆင်နွှဲနေတဲ့သူ့ရဲ့ပုံရိပ်အစအဆုံးကို ဗီဒီယိုရိုက်ကူးဖော်ပြခဲ့ရာ အဆိုပါဗီဒီယိုမှာ အော်လန်ဒိုဘလွန်းရဲ့ ပုံရိပ်တွေလည်း ပါဝင်နေတာကြောင့် ပြီးခဲ့တဲ့သီတင်းပတ်အတွင်းထွက်ရှိခဲ့တဲ့ သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဆိုတဲ့ ကောလာဟလတွေကို အဆုံးသတ်သွားစေခဲ့ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်ကထွက်ရှိခဲ့တဲ့ တက်ချ်အပတ်စဉ်ထုတ်ဂျာနယ်က အသက်(၃၉)နှစ်အရွယ်မင်းသားဟာ (၃၂)နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့်နဲ့ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲခဲ့ရတာဟာလည်း ကတ်တီပါရီကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်။ ကတ်တီပါရီဟာ အော်လန်ဒိုဘလွန်းနဲ့ စိတ်သဘောထားချင်းမတိုက်ဆိုင်တာတွေများလွန်းတဲ့အတွက် အချစ်ခရီးကို တစ်ခန်းရပ်ခဲ့ချင်တာ ဖြစ်ပြီး မင်းသားကလည်း တရားဝင်လက်ထပ်ကာ မိသားစုဘဝကို တည်ထောင်ဖို့ ငြင်းဆိုခဲ့တာကြောင့် ရှေ့ဆက်ဖို့မဖြစ်နိုင်ကြောင်း မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။ မကြာသေးမီကလည်း အော်လန်ဒိုဘလွန်းကို အခြားအမျိုးသမီးတစ်ဦးနဲ့ အတူတွေ့ခဲ့ရပြီးတဲ့နောက် ယခုလိုကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

အော်လန်ဒိုဘလွန်းဟာ ၂၀၁၃ ခုနှစ်က လမ်းခွဲခဲ့တဲ့ မရန်ဒါကားနဲ့ ဖလင်းလို့အမည်တွင်တဲ့ သားလေးတစ်ဦးရခဲ့ပြီး ယခုအခါမှာတော့ ဖလင်းဟာ အသက်ငါးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ကတ်တီပါရီကတော့ ဟာသသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ရက်စ်စဲလ်ဘရန်းဒ်နဲ့ လက်ထပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် ဂီတကြယ်ပွင့် ဂျွန်မေရာနဲ့ လက်တွဲခဲ့ပြီး ပြီးခဲ့တဲ့ ဆယ်လခန့်ကမှ အော်လန်ဒိုဘလွန်းနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတာပါ။ ဇာတ်လမ်းတွေများတဲ့ ဟောလီဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးဟာလည်း မီဒီယာတွေအတွက် စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး ကောလာဟလတွေ မှန်၊မမှန်ဆိုတာကလည်း စောင့်ကြည့်ရဦးမှာပဲဖြစ်ပါတယ်။

### ဖိအားတွေနဲ့ အန်ဂျလီနာဂျိုလီ



ဟောလီဝုဒ်ထိပ်တန်းကြယ်ပွင့် အန်ဂျလီနာဂျိုလီက ဆယ်နှစ်ကျော်ကြာလက်တွဲလာခဲ့တဲ့ ထိပ်တန်းမင်းသားဘရက်ပစ်နဲ့ လမ်းခွဲဖို့စီစဉ်ပြီးတဲ့နောက် သူ့ရဲ့ဘဝဟာ ဖိအားမျိုးစုံနဲ့ ရင်ဆိုင်နေရပြီး အဆိုပါစိတ်ပင်ပန်းမှုတွေကို ကျော်လွှားဖို့ ဆေးလိပ်တွေကို အလွန်အကျွံသောက်သုံးနေကြောင်း အွေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်က ရင်သွေးလေးတွေကို နှိပ်စက်မှုတွေပြုခဲ့တယ်ဆိုတဲ့စွပ်စွဲချက်နဲ့ သူ့ဘက်ကစတင်ပြီး ကွာရှင်းခွင့်တောင်းဆိုခဲ့တဲ့ အန်ဂျလီနာဂျိုလီဟာ လတ်တလောမှာ ဘရက်ပစ်နဲ့ကွာရှင်းဖို့ တရားရင်ဆိုင်နေရပြီး စိတ်ဓာတ်ကျဆင်းနေပါတယ်။ ဆေးလိပ်ကိုမပြတ်သောက်သုံးနေကာ သူ့ပါးစပ်ကမီးခိုးတွေ အမြဲထွက်နေတာကြောင့် မီးခိုးခေါင်းတိုင်တစ်တိုင်နဲ့တောင် တင်စားခံနေရတယ်လို့ သိရပါတယ်။

အန်ဂျလီနာဂျိုလီဟာ အစားအသောက်တွေကိုတောင်မစားဘဲ ဆေးလိပ်ချည်းသောက်နေတာကြောင့် တစ်နေ့ကို ဆေးလိပ်နှစ်ဘူးခန့်ကုန်အောင် သောက်သုံးနေတာ ဖြစ်ပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦးဟာ ကွာရှင်းပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မိသားစုတွေစုံစုံညီညီနဲ့ ကျေးဇူးတော်နေ့ကို ဆင်နွှဲမှာဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့ သားသမီးခြောက်ဦးရဲ့ ဆန္ဒအရ ကျေးဇူးတော်နေ့ကို ယခင်မိသားစုပုံစံအတိုင်း ပြန်လည်ဖြတ်သန်းဖို့ ရည်ရွယ်ထားတာကြောင့် အန်ဂျလီနာဂျိုလီက ဘရက်ပစ်ကို မိသားစုတွေဆီလာရောက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဘရက်ပစ်ကလည်း ထိုနေ့အတွက် ကြက်ဆင်တစ်ကောင် သယ်ဆောင်လာမှာဖြစ်ကြောင်းနဲ့ ကမ်းလှမ်းမှုကို လက်ခံခဲ့ကြောင်း သိရပါတယ်။ အဆိုပါ ဟောလီဝုဒ်ထိပ်တန်းကြယ်ပွင့်စုံတွဲရဲ့ ရှေ့ဆက်မယ့်ခရီး ဘယ်လိုဖြစ်မလဲ ဆိုတာကလည်း စိတ်ဝင်စားစရာပါပဲ။




## အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်လိုက်တဲ့ 2NE1

တောင်ကိုရီးယားရဲ့ ထိပ်တန်းအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1ဟာ အဖွဲ့ကိုဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း 2NE1ရဲ့ ဖျော်ဖြေရေးအေဂျင်စီ ဝိုင်ဂျီအန်တာတိန်းမန့်က ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၅ ရက်က တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

တစ်ချိန်က တောင်ကိုရီးယားရဲ့လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ဟာ ယခုလို ရုတ်တရက် အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာလိုက်တဲ့အပေါ် ပရိသတ်များအထူးအံ့အားသင့်ခဲ့ရပါတယ်။ အဖွဲ့ဖျက်သိမ်းရတာနဲ့ပတ်သက်ပြီး ဝိုင်ဂျီအန်တာတိန်းမန့်က အဖွဲ့ဝင်တွေအနေနဲ့ စာချုပ်သက်တမ်းပြည့်ပြီးနောက် အဖွဲ့ဝင်အားလုံး စုံလင်စွာ စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိတဲ့အတွက်ကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

2NE1ရဲ့ ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ချုပ်ဆိုထားတဲ့ ခုနစ်နှစ်စာချုပ်ဟာ ပြီးခဲ့တဲ့ မေလက ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့်အဖွဲ့ဝင်တွေနဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ 2NE1 အဖွဲ့ရဲ့ အသက်အငယ်ဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်ဇီက ပြီးခဲ့တဲ့မေ ၅ ရက်က အဖွဲ့ကနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပြီး ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ စာချုပ်သစ်ချုပ်ဆိုခြင်းမရှိခဲ့ပါဘူး။ မင်ဇီဟာလတ်တလောမှာ ကိုယ်ပိုင်အကသင်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ပါ့ခ်ဘွန်က ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းက သူ့ဆီကိုပို့လိုက်တဲ့ ပါဆယ်ထုပ်ဟာ တားမြစ်ဆေးဝါးတွေဖြစ်နေတာကြောင့် တောင်ကိုရီးယားရဲမျှားရဲ့ စုံစမ်းစစ်ဆေးခြင်းခံခဲ့ရပါတယ်။ အဆိုပါဖြစ်ရပ်အပြီးမှာ ပါ့ခ်ဘွန်ဟာ အရေးယူခံရခြင်းမရှိခဲ့ပေမယ့် သူ့ရဲ့ပုံရိပ်တွေကတော့ ထိခိုက်ကျဆင်းခဲ့ရပါတယ်။ ဒါ့ကြောင့် ပါ့ခ်ဘွန်ဟာလည်း ဝိုင်ဂျီအန်တာတိန်းမန့်နဲ့ စာချုပ်သစ်ချုပ်ဆိုခြင်း မရှိခဲ့ပါဘူး။

ကျန်အဖွဲ့ဝင်နှစ်ဦးဖြစ်တဲ့ စီအယ်လ်နဲ့ စန်ဒရာပါ့ခ်တို့ကတော့ လက်ရှိဖျော်ဖြေရေးအေဂျင်စီနဲ့ စာချုပ်သစ်ချုပ်ဆိုခဲ့ပေမယ့် အဖွဲ့အနေနဲ့မဟုတ်ဘဲ သီးခြားတစ်ကိုယ်တော်အနုပညာရှင်တွေအနေနဲ့ အနုပညာလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ စီအယ်လ်က သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို အမေရိကန်နိုင်ငံမှာ ထုတ်လုပ်ခဲ့ပြီး ယခုနှစ်အစပိုင်းမှာ အမေရိကန်နိုင်ငံတစ်ဝန်း နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ စန်ဒရာပါ့ခ်ကလည်း သရုပ်ဆောင်နယ်ပယ်မှာအောင်မြင်မှုတွေရလာပြီးနောက် သရုပ်ဆောင်ဘက်ကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

၂၀၀၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့ဝင်လေးဦးပါဝင်တဲ့ 2NE1 ဟာ ၂၀၁၆ နိုဝင်ဘာ ၂၅ ရက်မှာ တရားဝင်အဆုံးသတ်ခဲ့ပြီဖြစ်ပေမယ့် အဖွဲ့ရဲ့ထူးခြားတဲ့ဖျော်ဖြေတင်ဆက်မှုတွေကြောင့် အာရှတစ်လွှားက 2NE1 ပရိသတ်တွေကတော့ အမြဲအမှတ်တရရှိနေမှာ ဖြစ်ပါတယ်။

တောင်ကိုရီးယားတေးဂီတအဖွဲ့တွေဟာ ယခုလိုခုနစ်နှစ်စာချုပ်အပြီး အဖွဲ့ဖျက်သိမ်းခဲ့ရတာ များပါတယ်။ မကြာသေးမီကလည်း ထိပ်တန်းအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရိန်းဘိုးဟာ အဖွဲ့ဖျက်သိမ်းကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလိုဖျက်သိမ်းရတာကလည်း အဖွဲ့ဝင်တစ်ဦးချင်းစီဟာ သီးခြားရည်မှန်းချက်တွေနဲ့ အနုပညာခရီးဆက်လိုတာကြောင့်ဖြစ်ပါတယ်။ ဒီလိုဖျက်သိမ်းခဲ့တဲ့အဖွဲ့တွေရှိသလို ဆက်လက်ရပ်တည်နိုင်ခဲ့တဲ့ "Girls' Generation"နဲ့ "Wonder Girls"တို့လို တေးဂီတအဖွဲ့တွေလည်း ရှိပါတယ်။

အေးပြည့် - စုစည်းရေးသားသည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၇-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business News
- ၈း၃၅ "ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်"
- ၈း၅၀ "စိတ်အပန်းဖြေစရာတို့ချောင်းသာ"
- ၉း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၅၀ ကဗျာရိပ်မြုံ "ပျားနဲ့ပန်း"
- ၁၀း၀၀ Sunday Talk
- ၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၃၅ ထိုင်း PRD "Parchuab City of Bays"
- ၁၂း၃၅ This Week's Special Interest
- ၁၂း၅၀ ဖြူ/မည်းရုပ်ရှင် "အပယ်ရတနာ" (ညွန့်ဝင်း၊ စမ်းစမ်းအေး) (ဒါရိုက်တာ-ရှုမဝဦးကျော်)
- ၄း၃၅ "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ" (နောက်နှောင်းဆီက ကောက်ကြောင်းဂီတ) (ဂီတရိပ်သာ) (အပိုင်း-၁၇၇)
- ၅း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၆း၃၅ အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀) ပြည့်တေးဂီတအစီအစဉ် (အပိုင်း-၁)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့မာယာကလဲ့စား" (အပိုင်း-၁၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "ရှန်းကန်လှုပ်ရှားဘဝများ" "စိန်ခေါ်လာသောဘဝရဲ့တည်မှု"
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံသဘင်ပြိုင်ပွဲ) "ကုလိသိဒ္ဓိစိတ္တဇာတ်တော်ကြီး" (တော်ဝင်ရုပ်စုံ) (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၂၇-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၅ ခမ္မပူဇာတေး
- ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၉း၁၀ World Wide Web
- ၉း၄၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၀း၂၀ Guide For You
- ၁၀း၃၀ Cooking Art
- ၁၀း၄၅ မြန်မာသံစဉ်ချိုနှားဝင်
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင် (အပိုင်း-၈)
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရေသူမရဲ့ခြေရာများ (အပိုင်း-၁၇)
- ၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၁၅ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၅၀ Run & Cook
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၇၄)
- ၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွမ်းစားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အိန္ဒိယချစ်သူ (အပိုင်း-၃)
  - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - ပဟေဠိနန်းတော်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း"(အပိုင်း-၂၅)

# အမ်ခီတာယန်တွင် အရည်အချင်းရှိသော်လည်း ကိုယ့်အခွင့်အရေး ကိုယ်ဖန်တီးတတ်ရန် လိုအပ်ဟု မိုဗ်ချ်ယူဆ

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်က ကွင်းလယ်ကစားသမား အမ်ခီတာယန်မှာ အရည်အချင်းရှိသူဖြစ်သော်လည်း ထိုအရည်အသွေးကို အမြဲတမ်းထိန်းသိမ်းပြသနိုင်ပါမှသာ အခွင့်အရေးများ ရရှိလာမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ အမ်ခီတာယန်သည် ဖီယင်နော့ဒ်အား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အထူးခြေစွမ်းပြသနိုင်ခဲ့ရာ မန်ယူ၏ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းတွင် အမြဲတမ်း ပါဝင်လာမည်ဟု အများစုကမျှော်လင့်နေခြင်းဖြစ်သည်။

အီဗရာဟီမိုဗစ်ချ်က အမ်ခီတာယန်ကို လေ့ကျင့်ရေးကွင်းတွင် အမြဲတမ်းတွေ့ဆုံနေရသဖြင့် မည်သို့သော ကစားသမားဖြစ်သည်ကို သိရှိထားကြောင်း၊ သို့သော် တကယ်တမ်းဝင်ရောက်ကစားသည့်အခါ လေ့ကျင့်ရေးကွင်းအတွင်းပြသနိုင်သော အရည်အသွေးကို ပရိသတ်များကို ပြသနိုင်စွမ်းရှိပါမှသာ ပုံမှန်ပွဲထွက်ရနိုင်မည်ဖြစ်ကြောင်း ဆိုလိုက်သည်။

"သူ( အမ်ခီတာယန်) ဒဏ်ရာရရှိပြီး လေ့ကျင့်ရေးပြန်ဆင်းခွင့် ရချိန်မှာ ပြင်းပြင်းထန်ထန်အားထုတ်မှုတွေ လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် သူ့အနေနဲ့ အခွင့်အရေးတွေ ရလာဖို့စောင့်ရုံပဲရှိပါတော့တယ်။ ဒါပေမယ့် တကယ်တမ်း အခွင့်အရေး ရလာချိန်မှာလည်း ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြနိုင်ဖို့ လိုပါတယ်။ သူဟာ အရည်အသွေးရှိတဲ့ ကစားသမားပါ။ ဒါပေမယ့် ကျန်တဲ့ကစားသမားတွေလည်းပဲ အရည်အသွေးရှိကြတာချည်းပါပဲ။ အသင်းမှာ ကစားသမား ၂၅ဦးရှိတာကြောင့် အားလုံးကတော့ ဝင်ကစားချင်ကြတာပေမယ့် နည်းပြက နေရာပေးဖို့ စဉ်းစားတဲ့အခါ အမြဲတမ်းအရည်အသွေးပြသနိုင်သူကိုသာ ရွေးချယ်ပါလိမ့်မယ်" ဟု အီဗရာဟီမိုဗစ်ချ်က ပြောကြားခဲ့သည်။

အမ်ခီတာယန်သည် နွေရာသီအပြောင်းအရွှေ့ကာလ ဒေါ့မွန်မှ မန်ယူသို့ ပေါင် ၂၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်ယူပရိသတ်အများစုက အမ်ခီတာယန်ကို များစွာမျှော်လင့်ခဲ့သော်လည်း တကယ်တမ်းတွင် ထင်သလို ဖြစ်မလာခဲ့ပေ။ ထို့ကြောင့် မော်ရင်ဟိုက မန်ယူအသင်း အစောပိုင်း ပွဲစဉ်များတွင် ချန်လှပ်ထားခဲ့ပြီး ဖီယင်နော့ဒ်နှင့်ပွဲစဉ်ရောက်မှသာ ပွဲထွက်ကစားသမားအဖြစ် ပြန်လည်အသုံးပြုခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့ပြီး အဆိုပါပွဲစဉ် အကောင်းဆုံးကစားသမားအဖြစ်ပါ ရွေးချယ်ခံခဲ့ရသည်။ အမ်ခီတာယန်သည် ဒေါ့မွန်အသင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနိုင်ခဲ့ပြီး ဒေါ့မွန်သို့မရောက်ရှိမီက ရှက်တာဒိုးနက်အသင်းနှင့်အတူ ယူကရိန်းပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(မေလွဲ့သင်း)**



## နိုဝင်ဘာ ၂၆ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ်-၁၃** | | | | |
| ဘန်လေ | ၁ | - | ၂ | မန်စီးတီး |
| ဟားလ်စီးတီး | ၁ | - | ၁ | ဝက်စ်ဘရွန်း |
| လက်စတာ | ၂ | - | ၂ | မစ်ဒယ်ဘရော့ |
| လီဗာပူး | ၂ | - | ၀ | ဆန်းဒါးလန်း |
| ဆွမ်ဆီး | ၅ | - | ၄ | ခရစ္စတယ်ပဲလေ့စ် |
| **လာလီဂါ ပွဲစဉ်-၁၃** | | | | |
| အီဘား | ၃ | - | ၁ | ဘက်တစ် |
| မာလာဂါ | ၄ | - | ၃ | ဒီပို့တီဗို |
| **ဘွန်ဒက်လီဂါ ပွဲစဉ်-၁၂** | | | | |
| ဖရိုင်းဘတ် | ၁ | - | ၄ | လိုက်ပ်ဇစ် |
| မိုချင်ဂလက်ဘတ် | ၁ | - | ၁ | ဟော့ဖန်ဟိမ်း |
| ကိုလုံး | ၀ | - | ၀ | အော့စ်ဘတ် |
| ဟမ်းဘတ် | ၂ | - | ၂ | ဝါဒါဘရီမင် |
| အင်ဂေါ့စတက် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | ဒေါ့မွန် |

## နိုဝင်ဘာ ၂၇/၂၈ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၃** | |
| ဝက်ဖို့ဒ် - စတုတ်စီးတီး | ည-၆း၃၀ |
| အာဆင်နယ် - ဘုန်းမောက် | ည-၈း၄၅ |
| မန်ယူ - ဝက်စ်ဟမ်း | ည-၁၁း၀၀ |
| ဆောက်သမ်တန် - အဲဗာတန် | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် - ၁၂** | |
| ဗီလာရီးယဲလ် - အလာဗက်စ် | ညနေ-၅း၃၀ |
| အိုဆာဆူနာ - အက်သလက်တီကို | ည-၉း၄၅ |
| **စီးရီးအေ ပွဲစဉ် - ၁၃** | |
| ပါလာမို - လာဇီယို | ည-၆း၀၀ |
| အိုလော့နာ - အတ္တလန္တာ | ည-၈း၃၀ |
| ကက်ဂလီယာရီ - အူဒီးနိစ် | ည-၈း၃၀ |
| ခရိုတိုနီ - ဆမ်ဒိုးရီးယား | ည-၈း၃၀ |
| ဂျီနိုအာ - ဂျူဗင်တပ် | ည-၈း၃၀ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂** | |
| ရှော်လ်ကေး - ဒမ်စတက် | ည-၉း၀၀ |
| ဟာသာဘာလင် - မိန့်ဇ် | ည-၁၁း၀၀ |

**မောင်မောင်ဇော်**

## ဝီရှိုင်းယားအား စာချုပ်သစ် အာဆင်နယ်ကမ်းလှမ်းမည်

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဝီရှိုင်းယားအား စာချုပ်သစ်တစ်ရပ်ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၄)နှစ်အရွယ် ကွင်းလယ်ကစားသမားဝီရှိုင်းယားသည် ဩဂုတ်လအတွင်းကတည်းက အာဆင်နယ်အသင်းမှ ဘုန်းမောက်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားနေခဲ့သူဖြစ်ပြီး ဘုန်းမောက်အသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲအထိ ပါဝင်ကစားပေးထားသည်။

ကွင်းလယ်ကစားသမားဝီရှိုင်းယား၏ အာဆင်နယ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် တစ်နှစ်ခွဲ ကျန်ရှိနေသေးပြီး လာမည့်နှစ်စပိုင်းခန့်တွင် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်ရန်စီစဉ်ထားကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ဆိုသည်။

ဝီရှိုင်းယားသည် မကြာသေးသည့်ဘောလုံးရာသီများအတွင်းက ဒဏ်ရာပြဿနာများဖြင့်သာ ရင်ဆိုင်ခဲ့ရပြီး ၂၀၁၅-၂၀၁၆ ဘောလုံးရာသီကမူ အာဆင်နယ်အသင်းနှင့်အတူ သုံးပွဲသာလျှင် ပွဲထွက်ကစားနိုင်ခဲ့သည်။ ဘုန်းမောက်အသင်းနှင့် အာဆင်နယ်အသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကွင်းလယ်ကစားသမား ဝီရှိုင်းယားအနေဖြင့် မိခင်ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့စဉ်တွင် ဘုန်းမောက်အသင်း အနိုင်ရရှိရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။ **(ငွေကြယ်)**



## စီရိုနယ်လ်ဒိုရဲ့ ပရိသတ်ဆိုတဲ့ ဂရစ်ဇ်မန်း





အက်သလက်တီကိုစတား ဂရစ်ဇ်မန်းက စီရိုနယ်လ်ဒိုက သူ့ကို ပြိုင်ပွဲကြီးနှစ်ပွဲစလုံး(ချန်ပီယံလိဂ်ဗိုလ်လုပွဲ၊ ယူရို၂၀၁၆ ဗိုလ်လုပွဲ)တွင် အနိုင်ယူနိုင်ခဲ့သူဖြစ်ပေမယ့် သူက စီရိုနယ်လ်ဒိုရဲ့ ပရိသတ်တစ်ယောက် ဖြစ်တယ်လို့ L'Equipe နဲ့ အင်တာဗျူးမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဂရစ်ဇ်မန်းနဲ့ စီရိုနယ်လ်ဒိုတို့ဟာ ခါးသီးတဲ့ မက်ဒရစ်မြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်တဲ့ အက်သလက်တီကိုနဲ့ ရီးယဲလ်အသင်းနှစ်သင်းမှာ ကစားနေသူတွေ ဖြစ်ကြပြီး စီရိုနယ်လ်ဒိုဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ လာလီဂါပွဲစဉ်မှာ အက်သလက်တီကိုအသင်းဘက်ကို သွင်းဂိုး သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြခဲ့သူပါ။

သူတို့ဟာ နိုင်ငံအသင်း၊ ကလပ်အသင်းတွေမှာ ပြိုင်ဘက်တွေအဖြစ် ရင်ဆိုင်နေရပေမယ့် မက်ဒရစ်မြို့ ရပ်ကွက်တစ်ခုတည်းမှာ နေထိုင်နေသူတွေဖြစ်ပြီး စီရိုနယ်လ်ဒိုဟာ လူတိုင်းကို ဖော်ရွေစွာ နှုတ်ခွန်းဆက်တတ်သူဖြစ် တယ်ဆိုတာ သတိထားမိခဲ့တယ်လို့ ဆိုပါတယ်။ ဂရစ်ဇ်မန်းဟာ စီရိုနယ်လ်ဒိုရဲ့ အိမ်နားကို ပြီးခဲ့တဲ့နှစ်က ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စီရိုနယ်လ်ဒိုဟာ မနက်တိုင်း ဂရစ်ဇ်မန်းရဲ့ အိမ်နားကနေ ဖြတ်သွားလေ့ရှိတာကြောင့် သူတို့နှစ်ဦး အပြန်အလှန်နှုတ်ဆက်လေ့ရှိကြတယ်လို့ ဂရစ်ဇ်မန်းက ဖောက်သည်ချပါတယ်။

ဂရစ်ဇ်မန်းက သူဟာ စီရိုနယ်လ်ဒို၊ မက်ဆီတို့ရဲ့ ပရိသတ်ဖြစ်ပြီး သူတို့ကစားတဲ့ ပွဲစဉ်တွေကို စောင့်ကြည့်ရတာကို ကြိုက်နှစ်သက်သူတစ်ဦးဖြစ်သလို မိုင်ယာမီကမ်းခြေမှာဆုံတော့ သူ့နဲ့ဆုံတိုင်း အနိုင်ရလေ့ရှိတဲ့ စီရိုနယ်လ်ဒိုကို မုန်းတယ်လို့ ဟာသလုပ်ပြီး စခဲ့တာလို့ဆိုပါတယ်။**(မေလွဲ့သင်း)**

## ကွန်ပနီ သီတင်းလေးပတ်မှ ခြောက်ပတ်အထိ အနားယူရမည်

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီသည် မန်စီးတီးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒူးအရွတ်ဒဏ်ရာရရှိခဲ့ခြင်း ဒူးဒဏ်ရာပြဿနာကြုံတွေ့နေခဲ့ခြင်းကြောင့် သီတင်းပတ် လေးပတ်မှ ခြောက်ပတ်ကြာအထိ အနားယူရမည်ဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက အခိုင်အမာ ပြောကြားခဲ့သည်။

အသက်(၃၀)အရွယ်ရှိ ကွန်ပနီသည် လက်ရှိတွင် ဘာစီလိုနာမြို့၌ မန်စီးတီးအသင်း၏ ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါက်တာ ရာမွန်ကူဂတ်၏ အနီးကပ်ဆေးဝါးကုသမှုကိုခံယူလျက်ရှိပြီး ဒေါက်တာကူဂတ်၏ ပြောကြားချက်အရ ကွန်ပနီမှာ သီတင်းပတ်လေးပတ်မှ ခြောက်ပတ်အထိအနားယူရမည်ဖြစ်ကြောင်း ဂွါဒီယိုလာက ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကွန်ပနီသည် ၂၀၁၆ ခုနှစ်အတွင်း ခြေသလုံး၊ ပေါင်နှင့် ပေါင်ခြံစသည့် ဒဏ်ရာအသီးသီးရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ လိဂ်ပွဲနှစ်ပွဲသာလျှင် ပါဝင်ကစားထားနိုင်ခဲ့သည်။ လက်ရှိတွင်လည်း ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် အနားယူရမည်ဖြစ်ရာ ၂၀၀၈ ခုနှစ်အတွင်းက ဂျာမန်ကလပ် ဟမ်းဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာပြီးနောက်ပိုင်း မတူကွဲပြားသော ဒဏ်ရာပြဿနာ ၃၅ မျိုး ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

## ဒါလေဘာလိုင်း၏ အပြောင်းအရွှေ့အားလုံး အီးမေးလ်မှတစ်ဆင့် ဆောင်ရွက်ခဲ့

ဒါလေဘာလိုင်းသည် ၂၀၁၄ ခုနှစ်တွင် နယ်သာလန်ကလပ် အေဂျက်စ်မှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင်၁၄ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး ထိုအပြောင်းအရွှေ့ကိစ္စတစ်ခုလုံးကို အီးမေးလ်မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း အေဂျက်စ်အားကစား ဒါရိုက်တာ မာ့ခ်အိုဗာမားစ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ယေဘုယျအားဖြင့် ကစားသမား အပြောင်းအရွှေ့ကိစ္စရပ်များကို တာဝန်ရှိသူ လူပုဂ္ဂိုလ်ချင်းတိုက်ရိုက်ဆက်သွယ်ဆော်ရွက်လေ့ရှိသော်လည်း ဘလိုင်း၏ အပြောင်းအရွှေ့အစအဆုံးကိုမူ အီးမေးလ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အိုဗာမားစ်က "ကျွန်တော်တို့ မျက်နှာချင်းဆိုင်ဆွေးနွေးခဲ့တာ မလုပ်ဆောင်ရဘဲ အီးမေးလ်ကတစ်ဆင့် ဆက်သွယ်ပြီးနောက်မှာ ဒီအပြောင်းရွှေ့ဖြစ်လာတာပါ။ မန်ယူအသင်းက ကျွန်တော်တို့တောင်းဆိုတဲ့ ဈေးကိုပေးဖို့သဘောတူလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်က ဘဏ္ဍာရေး ဒါရိုက်တာကို အကြောင်းကြားပြီး ဥပဒေဌာနစိတ်နဲ့ စာချုပ်စာတမ်းကိစ္စဆောင်ရွက်ဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အပြောင်းအရွှေ့ လျင်လျင်မြန်မြန် ဖြစ်လာတာကလည်း မန်ယူလို အသင်းကြီးအနေနဲ့ ဒီလောက်ငွေပမာဏကို လွယ်လွယ်ကူကူ အသုံးပြုနိုင်တာကြောင့် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒါလေဘာလိုင်း နယ်သာလန်အသင်းအတွက် ခြေစွမ်းပြနိုင်ခြင်းကြောင့် နယ်သာလန်လက်ရွေးစင်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ မန်ယူနည်းပြ ဗန်ဟားလ်က မန်ယူအသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မန်ယူနည်းပြ ဗန်ဟားလ် အပါအဝင်မည်သည့် မန်ယူအသင်းကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ ဒါလေဘာလိုင်းနှင့် တွေ့ဆုံရန် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သို့ လာရောက်ခဲ့ခြင်းမရှိကြောင်း အိုဗာမားစ်၏ အဆိုအရ သိရသည်။ ဘလိုင်းသည် မန်ယူနည်းပြ မော်ရင်ဟိုလက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့်ရသည့် ကစားသမားဖြစ်သလို မော်ရင်ဟို စိတ်ကြိုက်နောက်ခံကစားသမားတစ်ဦးလည်းဖြစ်ရာ ယခုနှစ် ဘောလုံးရာသီမှာပင် မန်ယူအတွက် ၁၅ ပွဲ ဝင်ရောက်ကစားပေးခဲ့ပြီး ဖြစ်သည်။ **(မေလွဲ့သင်း)**



## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**ပင်လောင်း နိုဝင်ဘာ ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်စိတ်မှူး ရဲအုပ်မင်းနိုင်ဦးက မူးယစ်ဆေးဝါး စတင်ရောက်ရှိလာခြင်း သမိုင်းကြောင်းနှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မစ္စူလွင်က မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယစခန်းမှူး ရဲအုပ်အောင်နိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးအရေးယူမှု အခြေအနေများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဇီကာဗိုင်းရပ်စ်ရောဂါ အကြောင်းများကို လည်းကောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးချစ်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အဆိုပါဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၈၀ တက်ရောက်ကြကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် အသိပညာပေးဗီနိုင်းများအား လေ့လာမှတ်သား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# စျေးဝယ်စင်တာများ၊ စူပါမားကက်များတွင် လူ၊ ပစ္စည်း ဝင်/ထွက်မှုများ လုံခြုံရေး စောင့်ကြည့်စစ်ဆေးရေး အသိပညာပေးဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ စျေးဝယ်စင်တာများ၊ စူပါမားကက်များတွင် လူ အဝင်-အထွက် မှတ်တမ်းနှင့် စီစီတီဗွီမှတ်တမ်းများအား စနစ်တကျ မှတ်တမ်းတင် ပြုစုထားရှိရေး၊ လုံခြုံရေး တာဝန်ရှိသူများ၏ ဆောင်ရွက်မှုများ၊ ပစ္စည်း ဝင်-ထွက် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ လုံခြုံရေးဂရုပြု စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအား လုံခြုံရေးအသိ ပိုမိုသတိပြု ပူးပေါင်းပါဝင်လာစေရန် အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်က ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းရှိ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သည့် အသံမိုင်းပေါက်ကွဲမှု ဖြစ်စဉ်များအား ချပြရှင်းလင်းခြင်း၊ မှုခင်းရဲတပ်ဖွဲ့ခွဲ(၃)(မန္တလေး) ခေတ္တတပ်ဖွဲ့ခွဲမှူးရဲမှူးစိုးနိုင်က ယခင်မန္တလေးမြို့နှင့် စစ်ကိုင်းတို့တွင် မိုင်းတွေ့ရှိမှုများ၊ မိုင်းပေါက်ကွဲမှုဖြစ်စဉ်များနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေး ပြည်သူများက ပူးပေါင်းဆောင်ရွက်ရမည့် အချက်များအားလည်းကောင်း၊ နယ်မြေခံစစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ကြီးဇော်ဇော်ဦးနှင့် ဗိုလ်ကြီးအောင်သူဝင်းတို့က ဒေသန္တရ လက်လုပ်မိုင်းအမျိုးမျိုးနှင့် အန္တရာယ်များ၊ သတိပြုလိုက်နာရမည့်အချက်များ၊ မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က မိုင်းပေါက်ကွဲမှု၊ မီးလောင်မှု ဖြစ်စဉ်များတွင် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းက စျေးဝယ်စင်တာများ၊ စူပါမားကက်များတွင် လူ အဝင်-အထွက် မှတ်တမ်းနှင့် စီစီတီဗွီမှတ်တမ်းများ စနစ်တကျပြုစုထားရှိရေး၊ ပစ္စည်း အဝင်-အထွက် ဆောင်ရွက်မှုနှင့် လုံခြုံရေးဂရုပြုစောင့်ကြည့်စစ်ဆေးရမည့် အချက်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်း၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မနှင့် နယ်မြေရဲစခန်းမှူးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စျေးနှင့် သားသတ်ဌာန ဌာနမှူးနှင့် ဌာနခွဲမှူးများ၊ စျေးဝန်ထမ်းများ၊ စီမံရေးရာဌာန စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးတပ်စုမှူးနှင့် ဝန်ထမ်းများ၊ မန္တလေးမြို့ပေါ်ရှိ စျေးကြီးများ၊ ပလာဇာများမှ စျေးအကျိုးတော်ဆောင်များ၊ စူပါမားကက်များ၊ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## စဉ့်ကိုင်မြို့နယ် အ-မ-က (ကြက်စိမ့်)ကျောင်း၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**စဉ့်ကိုင် နိုဝင်ဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကျောင်းသား လူငယ်လေးများ အသိပညာပြည့်စုံပြီး ဉာဏ်ရည် ဉာဏ်သွေးထက်မြက်စေရေး၊ အတွေးခေါ်များ ရင့်သန်၍ ပင်ကိုယ်အတွေးခေါ်များ ထက်မြက်လာစေရန်ရည်ရွယ်၍ စဉ့်ကိုင်မြို့နယ်ရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၂၅ ရက်က ကြက်စိမ့်ကျေးရွာ အ-မ-က ကျောင်းတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများသည် ကြက်စိမ့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး တတိယတန်း၊ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူလေးများကို စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပပေးခဲ့ပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

“ဆရာ၊ ဆရာမတို့ လာတာကို သမီးတို့ သားတို့ပျော်ပါတယ်။ ကာတွန်းလည်း ဖတ်ရတယ်။ ပုံပြင်လည်း နားထောင်ရတယ်။ ပန်းချီလည်းဆွဲရတယ်။ သားတို့ သမီးတို့ ကျောင်းကို မကြာမကြာလာခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်” ဟု ကျောင်းသား၊ ကျောင်းသူများက ပြောပြခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများသည် ကြက်စိမ့်ကျေးရွာ စိမ့်စမ်းရေစာကြည့်တိုက်တွင် ကော်မတီဝင်များ၊ စာပေဝါသနာရှင်များတွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ဟောပြောဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဝင် ဦးဟန်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## မြန်မာ–အိန္ဒိယနယ်စပ်ဂိတ်ပေါက်မှ ကုန်တင်ကုန်ချခြင်းလုပ်ငန်းများဆောင်ရွက်

**ရိခေါဒါရ် နိုဝင်ဘာ ၂၆**
ချင်းပြည်နယ် ကုန်တင်ကုန်ချ ကြီးကြပ်မှုကော်မတီ၏ တရားဝင်ဖွဲ့စည်းထားသည့် ရိခေါဒါရ်မြို့နှင့် ဟိုင်မှာလ် ကုန်တင်-ကုန်ချအဖွဲ့များက ကုန်တင်ကုန်ချခြင်းလုပ်ငန်းကို နိုဝင်ဘာ တတိယပတ်မှစ၍ လုပ်ငန်းတာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ကြသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်လမ်းတစ်ခုဖြစ်သည့် ရိခေါဒါရ်နယ်စပ်ဂိတ်ပေါက်ကိုဖြတ်ကျော်၍ ကုန်သွယ်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံဘက်မှ တရုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ အထည်အလိပ်များ၊ စာသုံးကုန်ပစ္စည်းများ၊ ပြည်တွင်းထုတ်ကုန်တချို့နှင့် ကွမ်းသီးများကို တင်ပို့ကြပြီး သွင်းကုန်ပစ္စည်းများအဖြစ် အိန္ဒိယနိုင်ငံဘက်မှ ဆံပင်၊ ဓာတ်မြေသြဇာများ တင်သွင်းကြသည်။

အဆိုပါ ကုန်ပစ္စည်းများကို ကုန်တင်ကုန်ချအဖွဲ့များ၏ စီမံကြီးကြပ်မှုဖြင့် လုပ်သားပြည်သူများက လုပ်ဆောင်ကြပြီး ကုန်ပစ္စည်းများအား နယ်စပ်ဂိတ်တံတား ဖြတ်ကျော်ပို့ဆောင်ရာတွင် ချင်းကားဟု လူသိများသည့် လက်တွန်းလှည်းများဖြင့် ပို့ဆောင်ကြကြောင်း၊ ကုန်ထမ်းလုပ်သားပြည်သူတစ်ဦးအနေဖြင့် တစ်နေ့ ပျမ်းမျှဝင်ငွေကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ ခန့်ရရှိနိုင်ကြောင်း၊ ကုန်တင်ကုန်ချ လုပ်သားပြည်သူတစ်ဦး အနေဖြင့် တစ်နေ့ ပျမ်းမျှငွေ ကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ ခန့် ရရှိနိုင်ကြောင်း သိရသည်။

**ချင်းတွင်းသား**



## ကသာ အနောက်သစ်ထုတ်ရေး နတ်ပေါက်ဆင်စခန်းတွင် အပန်းဖြေစခန်းဖွင့်

**ကသာ နိုဝင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာ-အင်းတော်ကားလမ်းဘေးရှိ နတ်ပေါက် ဆင်စခန်းတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေစခန်းကို စတင်ဖွင့်လှစ်နေပြီဖြစ်ကြောင်း သိရသည်။

နတ်ပေါက်ဆင်စခန်းသည် ကသာအနောက်သစ်ထုတ်ရေးလက်အောက်တွင်ရှိ၍ ဆင်ကောင်ရေ ၂၇ ကောင်ရှိပြီး အနောက်ကသာသစ်ထုတ်ရေးတွင် ဆင်ကောင်ရေ ၁၂၉ ကောင်ရှိကြောင်း သိရသည်။



နတ်ပေါက်ဆင်စခန်းတွင် ပြည်တွင်းခရီးသွားများအတွက် ဝင်ကြေး ၃၀၀၀ နှင့် နိုင်ငံခြားခရီးသွားများအတွက် တစ်ဦးလျှင် ၂၀၀၀၀ ကောက်ခံသည်ဟုသိရသည်။ ခရီးတို ဆင်စီးလျှင် ပြည်တွင်းဧည့်သည်အတွက် ၃၀၀၀ နှင့် နိုင်ငံခြားခရီးသွားအတွက် ၂၀၀၀၀ ယူပြီး ခရီးရှည်ဆင်စီးခြင်းအတွက် မည်သူမဆို ၅၀၀၀၀ ယူကြောင်း သိရသည်။

နတ်ပေါက်ဆင်စခန်းမှ ဒေါက်တာအောင်သူရစိုးက “ခရီးသွားကုမ္ပဏီများအနေဖြင့် ကျွန်တော်တို့ဆင်စခန်းကို လာမယ်ဆိုရင် ဖုန်းနံပါတ် ၀၉၄၀၀၄၇၂၁၄၆ ကို တစ်ရက်ကြိုပြီးဆက်ပါ။ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက် ပေးချင်လို့ပါ။ အလွန်တရာသာယာလှပတဲ့ ဆင်စခန်းကိုလည်း လာရောက်ဖို့ဖိတ်ခေါ်ပါတယ်” ဟုပြောကြားသည်။


**အေးလွင်(ကသာ)**


## ပန်းချီပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ဆုပေးပွဲကျင်းပ


**တောင်ငူ နိုဝင်ဘာ ၂၆**
အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီနှင့် ပုံပြောပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက တောင်ငူခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ပြိုင်ပွဲများ ကျင်းပရခြင်းမှာ ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေး၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရေး၊ ရဲရင့်တက်ကြွစေရေးနှင့် ပျော်ရွှင်မှု ရရှိစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး မြို့နယ်စာရေးဆရာအသင်း၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများက တောင်ငူခရိုင် ပြည်သူ့စာကြည့်တိုက်မှ ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။


**တောင်ငူခရိုင်ပြန်ဆက်**
















# တရုတ်နဂါး ကုန်သွယ်ရေးလားရာ

ကိုရင်နု koyinau.mirrordaily@gmail.com




တရုတ်နှင့် ပီရူးသမ္မတတို့ နှုတ်ဆက်ကြစဉ်။ **ဓာတ်ပုံ–** straitstimes.com

ယခုတလော ကမ္ဘာကို လှုပ်နိုးလိုက်သော အမေရိကန်နိုင်ငံရေး ဇာတ်ခုံကြီးပေါ်မှ မင်းသားသစ်ကြီးဟု ချစ်စနိုးခေါ်ဝေါ်နိုင်သည့် ဒေါ်နယ်ထရန့်သည်ကား ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် အစွမ်းပေါက်သော လုံ့လဝီရိယရှိသူပေတည်းဟူ၍ ကျွန်ုပ် သတိမူမိရင်း အနီ ကုဋေကြွယ် သူဌေးကြီးက နိုင်ငံတကာစီးပွားရေးကို သူ၏ ဘုန်းမီးနေလဖြင့် မည်သို့ ပြောင်းလဲစေဦးမည်နည်းဟု တွေးတောမိလေသည်။

အိမ်ဖြူတော်သို့ ရောက်ရှိပြီးသည့်အခါ 'တီပီပီ' ဟု အမည်တွင်လေသည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို မိမိဖဲကြဦမည်ဟု သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ထရန့်က အပီအပြင် ကြေညာခဲ့ပေရာ နိုင်ငံရေး ဘောဂဗေဒအရ သာမန်ပြည်သူတို့၏ အကျိုးစီးပွားကို သည်ပိုးပေးမည့်၊ သာမည လုပ်သားပြည်သူတို့၏ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးမည့် အမျိုးသားစီးပွားရေးပုံစံကို ကိုင်စွဲမည့် ပုဂ္ဂိုလ်ကြီးအဖြစ် သူ့ကို ကမ္ဘာက နိမိတ်ပုံဖော်ကြလေသည်။

နိုင်ငံတော်အတွင်း ဘူဇွာလူတန်းစား (လူ့မလိုင် လူတန်းစား)တို့၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ လုပ်သားပြည်သူတို့အနေဖြင့် စီးပွားရေးတွင် ပိုမိုဝင်ဆန့်လာပြီး ဝင်ငွေအရ ဆူကြုံနိမ့်မြင့် ကွာဟမှုကို လျှော့ချပေးရန် ရည်ရွယ်သည့် စီးပွားရေးပုံစံဘက်သို့ ထရန့်က ဦးတည်နေသည်ဟု ရှုမြင်ရလေသည်။

'ကြီးမြတ်ထည်ဝါသည့် အမေရိကန်ပြည်ထောင်စုကြီးကို တစ်ကျော့ပြန် ထူထောင်ကြလော့' (Make America Great Again) ဟူသော ကြွေးကြော်သံဖြင့် မဲဆွယ်စည်းရုံးခဲ့သူ ထရန့်သည်ကား 'ဂလိုဘယ်လိုက်ဇေးရှင်း' (ဝါ) ကမ္ဘာလွှမ်းခြုံမှု လုပ်ငန်းစဉ်ကို ကြောင့်ကြစိုက်မှု ရှိပါဦးမည်လောဟူ၍လည်း ကမ္ဘာ့နိုင်ငံများက စလုံးစခုဖြစ်ကြရသည်ဟု ကျွန်ုပ်တွေးတောမိလေသည်။

ထရန့်အာဏာရရှိလာသည့်အခါ မတူကွဲပြားလေသည့် ကမ္ဘာ့ပြည်သူများ၊ ကမ္ဘာ့ကုမ္ပဏီများ၊ ကမ္ဘာ့အစိုးရအဖွဲ့များအတွင်း ကူးလူးယှက်နွယ် ပေါင်းစည်းမှု လုပ်ငန်းစဉ်ကြီး မည်သို့ဆက်လက်စခန်းသွားမည်ကို စောင့်ကြည့်ကြရပေဦးမည်။ ပစ္စုပ္ပန်ကာလတည်ရှိဆဲ ကမ္ဘာ့အခင်းအကျင်းကို ထရန့်ကသူ၏ အာဏာဖြင့် တခဏချင်း ပြောင်းလဲခြင်းဖြစ်စေမည်လောဟူ၍ ကမ္ဘာသူကမ္ဘာသားတို့က တစိမ့်စိမ့်တွေးတောနေကြချိန် မဟုတ်ပါလား။

နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ မောင်းနှင်အားကို သတင်းအချက်အလက်နည်းပညာက အားထည့်ပေးလိုက်သည့်အခါ ကမ္ဘာကို ပတ်နေသည့် 'ဂလိုဘယ်လိုက်ဇေးရှင်း' ရထားကြီး သွက်သွက်လက်လက်ဖြင့် ခုတ်မောင်းနေနိုင်ခဲ့သည်။ သို့ရာတွင် ယခုတွင်မှာတော့ မောင်းနှင်သူ ပြောင်းလဲတော့မည်ဖြစ်ရာ ယင်းရထားကြီး အရှိန်အဟုန် နှေးကွေးသွားတော့မည်လောဟု ကျွန်ုပ် မဖြစ်ညစ်ကျယ် စဉ်းစားမိလေသည်။

**တီပီပီ၏ လားရာ**

တီပီပီဟူသည်ကား 'ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုရေး' အမည်ရှိ နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ပေတည်း။

တီပီပီသည် ကမ္ဘာပေါ်တွင် အသက်သွင်းဖူးသမျှ ကုန်သွယ်ရေး သဘောတူညီချက်များအနက် အရှုပ်အထွေးဆုံးအပွေလီဆုံး အခင်းအကျင်းဖြစ်၏။ အမေရိကန် ကွန်ဂရက်လွှတ်တော်က တီပီပီကို အတည်ပြုခြင်းမရှိသေး။

**အမေရိကန် ဦးဆောင်မှု**

အကယ်၍ ထရန့်က တီပီပီကို ကျောခိုင်းစွန့်ခွာလိုက်ပြီဆိုလျှင် သဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများမှာ ကာလ၊ ဒေသ၊ ပယောဂနှင့် ယှဉ်၍ ပြင်ဆင်ဖို့ လိုလာပါတော့မည်။

ထရန့်၏ နိုင်ငံတကာ စီးပွားရေးမူဝါဒ အရွေ့သည် ဒေသဆိုင်ရာ စီးပွားရေးပုံစံကို အသစ်ထုဆစ်ရန် အကြောင်းတရားဖြစ်ပေလိမ့်မည်။

အမေရိကန်၏ မူဝါဒအသစ်အရ အာရှ-ပစိဖိတ်ဒေသကို 'ဝင်ရိုး' တစ်ခုအဖြစ် သတ်မှတ်ခြင်း မရှိတော့လျှင် ဤဒေသ၏ စီးပွားရေး ဦးဆောင်မှု အခန်းကဏ္ဍကို အမေရိက ရယူခြင်းမရှိတော့ပြီ။

ဤတွင်ရွေ့ကား အာရှ-ပစိဖိတ်ဒေသ စီးပွားရေးရထား၏ မောင်းနှင်သူ အခန်းကဏ္ဍကို တရုတ်နိုင်ငံက လွှဲပြောင်းရယူလာနိုင်သည်ဟု ရှုမြင်ကြရ၏။ အကျိုးရလဒ်အဖြစ် အာရှနိုင်ငံများ၏ စီးပွားရေးလောကအတွင်းသို့ အမေရိကန် ကုမ္ပဏီများ လွယ်လင့်တကူ ဝင်ရောက်နိုင်ခြင်းမှ တားဆီးခံရမှုဖြစ်လာနိုင်၏။

တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်ရေးဆက်ဆံမှုကို ထရန့်ချဉ်းကပ်ပုံနှင့် ပတ်သက်၍ မိမိတို့ လေ့လာစောင့်ကြည့်နေသည်ဟု တရုတ်နိုင်ငံတကာ ကုန်သွယ်ရေး ဒုတိယဝန်ကြီး ကျန်ရှောက်ချန်းက ပြောကြားခဲ့သည်။

ပြစ်ဒဏ်ခတ်သည့်အနေဖြင့် တရုတ်ကုန်ပစ္စည်းများအပေါ် ကြီးလေးစွာ အခွန်ကောက်ခံရန် ထရန့်က လုပ်ဆောင်လာမည်ဆိုလျှင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အခွန်အကောက် စည်းမျဉ်းများအရ မိမိ၏ ပိုင်ခွင့်များကို ကာကွယ်ရလိမ့်မည်ဟု ကျန်က ပြောကြားခဲ့သည်။

ထရန့် စွပ်စွဲသလို ကုန်သွယ်ရေးတွင် အသာစီးရရှိရေးအတွက် ယွမ်ငွေကို ဈေးကစားခြင်းမရှိဟု တက္ကသိုလ်ပညာရှင်များ၊ စီးပွားရေးသမားများနှင့် အစိုးရတာဝန်ရှိသူများက တစ်ညီတစ်ညွတ်တည်း ထောက်ခံပြောဆိုခဲ့သည်ဟု ဝါရှင်တန်တွင် နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ကျန်က ပြောကြားခဲ့လေသည်။

တရုတ်နိုင်ငံနည်းတူ အမေရိကန်သည်လည်း ဒဗလျူတီအိုအဖွဲ့ဝင် နိုင်ငံဖြစ်သဖြင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်းကြီးက ချမှတ်ထားသော တာဝန်ဝတ္တရားများကို ထရန့်လေးစားသင့်သည်ဆို၏။

ကုန်သွယ်ရေးအရ တရုတ်နိုင်ငံက မိမိတို့ကို သတ်နေသည်ဟု ထရန့်ပြောကြားခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြနေမှုကို လျှော့ချနိုင်အောင် လုပ်ဆောင်ရလိမ့်မည်ဟု ဆိုသည်။

ဇန်နဝါရီလတွင် သမ္မတအာဏာရသည့်အခါ အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သော တီပီပီမှ တရားဝင် နုတ်ထွက်မည်ဟု ထရန့်က နိုဝင်ဘာ ၂၁ ရက်က ပြောကြားခဲ့လေသည်။

ဝါရှင်တန်တွင် အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေး တာဝန်ရှိသူများ၏ နှစ်ရက်ကြာ ညှိနှိုင်းဆွေးနွေးပွဲအပြီး ကျန်က တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ဖော်ထုတ်ခဲ့သည်။ သို့ရာတွင် ဒဗလျူတီအို စည်းမျဉ်းများအရ မိမိ၏ ပိုင်ခွင့်များကို မည်သို့ ကာကွယ်စောင့်ရှောက်မည်ကို သူက အတိအကျမပြောကြားပေ။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အကောက်ခွန် နှုန်းထားမြှင့်တင်မှုကို တစ်ဖက်သတ် မလုပ်ကြရန် တားမြစ်ထားလေသည်။

အကယ်၍ ထရန့်က တရုတ်ကုန်သွယ်ပစ္စည်းများအပေါ် ၄၅ ရာခိုင်နှုန်း အခွန်တပ်လျှင် နှစ်နိုင်ငံကုန်သွယ်ရေး ချိနဲ့သွားစရာအကြောင်းရှိလေသည်။

**ပါးကိုက်လျှင် နားကိုက်**

ထရန့်က ရှေ့ဆက်ဖို့ ဇွတ်တိုးလျှင် ဖြစ်ပေါ်လာနိုင်သည်ကား ကုန်သွယ်ရေးစစ်ပွဲပေတည်း။ ပါးကိုက်လျှင် နားကိုက်မည့် မူကို ထရုတ်က စွဲကိုင်လာနိုင်သည်။ အမေရိကန် ဘိုးအင်းလေယာဉ်များအစား ဥရောပ အဲဘတ်စ်လေယာဉ်များကို ပြောင်းလဲဝယ်ယူလာနိုင်သည်။ တရုတ်နိုင်ငံ၏ ဈေးကွက်အတွင်း ဝင်ရောက်နေရာယူထားသော အမေရိကန် မော်တော်ကားများနှင့် အက်ပဲ(ပန်းသီး) အင်တာနက်ဖုန်းများ မာန်စွယ်ကြိုးသွားနိုင်သည်။ အမေရိကန်၏ ပဲပိစပ်နှင့် ပြောင်းဖူးသွင်းကုန်များ အဝင်ရပ်သွားလိမ့်မည်။

သမ္မတ အိုဘားမား အသက်သွင်းခဲ့သော တီပီပီကို ထရန့်က သေလိုက်ပါတော့ဟု ပြောသလိုဖြစ်ခဲ့ရပြီ။ ပစိဖိတ်သမုဒ္ဒရာဖြတ် မိတ်ဖက်ပြုရေး အစီအစဉ်ကို အိုဘားမား အသက်သွင်းခဲ့သည်က အာရှတိုက်ကို ဘောင်ချိန်ကိုက်စေရန် ရည်ရွယ်ခဲ့သည့် ဆောင်ရွက်ချက်ဖြစ်သည်။

ယခုအခါတွင်မှာတော့ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်၏ လေဟာနယ်ကို တရုတ်နိုင်ငံက ဝင်ရောက်လာမည့် သဘောဖြစ်သည်။ တီပီပီကို တရုတ်နိုင်ငံက ပခုံးပြောင်းတာဝန်အဖြစ် လွှဲယူအံ့သို့ ရှိနေချေပြီ။

တရုတ်နိုင်ငံက ထရန့်ကို ပျားရည်နှင့် ဝမ်းချရသည့် အချိန်ဖြစ်ပြီး ကုန်သွယ်ရေးစစ်ပွဲကို တားဆီးလိုသည်။

**မျက်စောင်းချိတ်သည့်ပွဲ**

နိုဝင်ဘာ ၁၉-၂၀ က ပီရူးနိုင်ငံ လီမာမြို့၌ ဝှဲချီးသဘင် ဆင်ယင်ကျင်းပခဲ့သော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ညီလာခံကြီးမှာ ထရန့်ကို မျက်စောင်းချိတ်ကာ စောင့်ကြည့်ခဲ့ကြရသည့် ပွဲကြီးဖြစ်ခဲ့သည်။ လှုပ်လီလှုပ်လဲ့ နိုင်ငံတကာကုန်သွယ်ရေး ဝန်းကျင်အနေအထားဖြစ်ပေါ်နေခိုက် အေပက်ခေါင်းဆောင်များ တွေ့ဆုံကြခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများက အကြီးအကျယ် ဝေဖန်တိက ပြုခဲ့ရသော ရီပတ်ဘလေကန် ပလက်ဖောင်း (မူဝါဒလမ်းစဉ်)က ဟီလာရီကလင်တန်ကို ရှေ့ဆက်မတိုးနိုင်အောင် လုပ်ဆောင်နိုင်ခဲ့ပြီးလျှင် တီပီပီနှင့် အခြားလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များကို ထရန့်က ပေါ်ပေါ်ထင်ထင် ဝေဖန်ထိုးနှက်ခဲ့လေသည်။

**ရှေ့ဆက်ရမည့် ခရီး**

ထရန့်၏ မျှော်မှန်းချက်မှာ အမေရိကန်ပြည်ထောင်စုသို့ စက်ရုံများ ပြန်လည်ရောက်ရှိလာရေးဖြစ်သည်။ နှစ်ဘက်မျှတသော ကုန်သွယ်ရေး ဖြစ်စေဖို့ တစ်နိုင်ငံချင်းအလိုက် ပြန်လည်ဆွေးနွေးလိုသည်။ ထရန့်သည် ရာထူးလက်ခံအပြီး ပထမရက်ပေါင်း ၁၀၀ ကာလအတွင်း အဓိက ဦးစားပေးဆောင်ရွက်ချက်အဖြစ် တီပီပီကို ကိုင်တွယ်မည်ဟုဆိုသည်။

တီပီပီ ကုန်သွယ်ရေး သဘောတူညီချက်၌ ပါဝင်သော နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တရုတ်နိုင်ငံ မပါဝင်ပေ။ ယင်းသဘောတူညီချက်ကို ဘရူနိုင်း၊ ချီလီ၊ နယူးဇီလန်နှင့် စင်ကာပူနိုင်ငံတို့က ၂၀၀၅ ခုနှစ်တွင် ကနဦးလက်မှတ်ရေးထိုးခဲ့ကြသည်။ ပိုမိုကျယ်ပြန့်သော သဘောတူညီချက်တစ်ရပ်အဖြစ် ဆွေးနွေးပွဲအတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြသည့် နိုင်ငံများမှာ သြစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ ပီရူး၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။

တီပီပီတွင် မမေရိကန် မပါတော့လျှင် ယင်းသဘောတူညီချက်မှာ အဓိပ္ပာယ်မရှိတော့ဟု ဂျပန်ဝန်ကြီးချုပ် အာဘေးက ပြောကြားခဲ့သည်။ အမေရိကန် ဈေးကွက်သို့ ပို့ကုန်များ တင်ပို့နေသော သြစတြေးလျမှာလည်း စိုးရိမ်သောက ရှိရလေပြီ။

တီပီပီအပေါ် ထားရှိသည့် ထရန့်၏ ရပ်တည်ချက်ကို စိတ်ပျက်မိသည်ဟု နယူးဇီလန်က ဆိုသော်လည်း အခြားရွေးလမ်းများ ရှိနိုင်ပါသေးသည်ဟု ထောက်ပြထားသည်။ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားတို့မှာ တီပီပီအသက်မဝင်တော့လျှင် အထိအနာဆုံး နိုင်ငံများဖြစ်လာပေမည်။

တီပီပီအလုပ်မဖြစ်တော့လျှင် တရုတ်နဂါးကြီးက အမေရိကန်၏ နေရာ၌ အစားထိုးဝင်ရောက်လာမည်ကို တွေးတောမိရင်း "တရုတ်နဂါး ကုန်သွယ်ရေးလားရာ" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

## လှိုင်မြို့နယ် ရန်ကုန်-ပြည်လမ်းရှိ နှစ်ထပ်ကွေ့တွင် လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးအချို့ ပျက်စီးမှုအား အသစ်လဲလှယ်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြို့တွင် ယာဉ်ကြောပြောင်းပြန်မောင်းနှင်မှု မရှိစေရေးနှင့် အန္တရာယ်ရှိသော အချိုးအကွေ့များတွင် လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးများ ဆောင်ရွက်ထားသော်လည်း ယာဉ်မောင်းအချို့က မဆင်မခြင်မောင်းနှင်မှုကြောင့် မကြာခဏ လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးများကို ဝင်ရောက်တိုက်မိပြီး အချို့မှာ ပျက်စီးမှုများရှိနေသဖြင့် သက်ဆိုင်ရာမှ ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်လဲလှယ်အစားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်-ပြည်လမ်းရှိ နှစ်ထပ်ကွေ့တွင် လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးများ ပြန်လည်ပြင်ဆင်ထားမှုကို မြင်တွေ့ရသည်။

"လှိုင်မြို့နယ်ရဲ့ အဓိကလမ်းမကြီးတွေဖြစ်တဲ့ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-အင်းစိန်လမ်း၊ ဗဟိုရ်လမ်း၊ ဘုရင့်နောင်လမ်းမကြီးတွေမှာ လမ်းလယ်ကွန်ကရစ်တုံးတွေချထားပါတယ်။ အထူးသဖြင့် ရန်ကုန်-ပြည်လမ်းမှာရှိတဲ့ နှစ်ထပ်ကွေ့မှာ ဆင်ဆင်ခြင်ခြင် မောင်းစေချင်တယ်"ဟု လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းက ပြောသည်။

ရန်ကုန်-ပြည်လမ်းရှိ နှစ်ထပ်ကွေ့သည် နှစ်ဆစ်ချိုးအကွေ့ ဖြစ်သောကြောင့် အန္တရာယ်မဖြစ်စေရေးအတွက် လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးများချထား၍ လမ်းညွှန်ဆိုင်းဘုတ်များ အသိပေးစိုက်ထူထားမှုကို မြင်တွေ့ရသည်။

အလားတူ အချို့သော မြို့နယ်များ၌ စာသင်ကျောင်းများ၊ ရထားသံလမ်းကူးများရှိသည့် နေရာများတွင် ရှေ့ကိုက်တစ်ရာအတွင်း ကျောင်းရှိသည်၊ ရထားသံလမ်းကူးရှိသည်ဟူသော အသိပေးဆိုင်းဘုတ်များ စိုက်ထူထားမှုကို မြင်တွေ့ရပြီး ယာဉ်မောင်းအချို့က မဆင်မခြင်မောင်းနှင်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းနှင့် ကွန်ကရစ်တုံးများကို တိုက်မိပြီး ပျက်စီးယိုယွင်းမှု ဖြစ်ပေါ်ရကြောင်း သိရသည်။

**မောင်သုည**

## ဂျပန်နိုင်ငံမှ လုပ်ငန်းများနှင့် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများ ဆက်သွယ်ချိတ်ဆက်ပေးနိုင်ရန် စီးပွားရေးဌာနဖွင့်

**မန္တလေး နိုဝင်ဘာ ၂၆**

Myanmar-Japan Centre(MJC) Alumni Business Association(MABA)နှင့် Nobeoka City တို့ ပူးပေါင်းကျင်းပသောNOBEO Cafe စီးပွားရေးဌာနဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က စီးပွားရေးလုပ်ငန်းဆိုင်ရာများကို အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ Nobeoka City ဒုတိယမြို့တော်ဝန် Mr.Iwamoto Shinichi က မြန်မာ-ဂျပန်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ မြန်မာ-ဂျပန်စင်တာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က စီးပွားရေးအခွင့်အလမ်းများကိုလည်းကောင်း၊ Myanmar-Nobeoka ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက စီးပွားရေးလုပ်ငန်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဂျပန်နိုင်ငံ Nobeoka City



ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်များက ခန်းမအတွင်း ခင်းကျင်းပြသထားသော မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းများပြသထားမှုကို ကြည့်ရှုကြကြောင်း သိရသည်။

**မောင်ပြည်သူ**

## အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနား လွိုင်ကော်မြို့၌ပြုလုပ်

**လွိုင်ကော် နိုဝင်ဘာ ၂၆**

Launching Ceremory on End TB Strategy and National TB Strategic Plan (2016-2020) အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(တီဘီ) ဒေါက်တာအိအိချောက မြန်မာနိုင်ငံ တီဘီရောဂါ ဖြစ်ပွားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် Launching Ceremory on End TB Strategy and National TB Strategic Plan (2016-2020) အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ပြခန်းငယ်အား ကြည့်ရှုသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ပြည်နယ်ပြန်/ဆက်**



လှိုင်မြစ်ကို ဖြတ်ကျော်ပြီး အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်ကို ပေအရှည် ၃၀၀၀ ကျော်ဖြင့် ဆက်သွယ်တည်ဆောက်ထားသည့် အောင်ဇေယျလှိုင်မြစ်ကူး ကြိုးတံတားကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ညောင်ပင်များ တွယ်ကပ်ပေါက်ရောက်နေလျက်ရှိကြောင်း နိုဝင်ဘာ ၂၁ ရက်က တွေ့မြင်ရပြီး အပင်ကြီးလာပါက တံတားကြီး၏ ကြံ့ခိုင်မှုအား ထိခိုက်လာနိုင်မည် ဖြစ်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၆၈၄

## နွေစပါးရေပေးဝေနိုင်ရေး စစ်ပင်ဆိပ်ချောင်းပိတ်တမံတည်ဆောက်



**ပဲခူး နိုဝင်ဘာ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့်အတူ ပဲခူးခရိုင်အတွင်း ၂၀၁၆-၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရေး ရေပေးဝေရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသော ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာအနီးရှိ ပဲခူးမြစ်ခွဲ စစ်ပင်ဆိပ်ချောင်းအား နွေစပါးရေရရှိရေး ယာယီမြေသားတမံပိတ်ခြင်းလုပ်ငန်းအတွက် မြေတူးစက် (Back Hoe) သုံးစီး၊ မြေထိုးစက် (Dozer) သုံးစီး၊ မြေသယ်ယာဉ် (Dump Truck) ခြောက်စီးတို့ဖြင့် ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုသည်။

ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စစ်ပင်ဆိပ်ချောင်းပိတ်တမံသည် ပဲခူးခရိုင် နွေစပါးစိုက်လယ်မြေများ ရေပေးဝေရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် အထူးအလေးထားဆောင်ရွက်ရန်နှင့် အခြားဆက်စပ်ရေပေးမြောင်းများ ကြိုတင်ရှင်းလင်းခြင်း၊ ရေပေးတူးမြောင်း အဆောက်အအုံများ ကြံ့ခိုင်ရေးအတွက် ကြိုတင်စစ်ဆေး ဆောင်ရွက်ခြင်းများအားလည်း တစ်ပြိုင်တည်းကြိုတင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယခု ဆောင်ရွက်နေသည့် စစ်ပင်ဆိပ်ချောင်းပိတ်တမံသည် နှစ်စဉ်မြေသားဖြင့်ဆောင်ရွက်နေရသည့်အတွက် Borrow မြေသားရှားပါးလာခြင်းအပြင် ပဲခူးမြစ်ရေလျော့ကျမှသာ ဆောင်ရွက်၍ရသဖြင့် ရာသီဥတုဖောက်ပြန်သည့်နှစ်များတွင် နွေစပါးစိုက်ရာသီအမီ ပြီးစီးအောင် ဆောင်ရွက်ရခြင်းတွင် အခက်အခဲများကြုံတွေ့ရသော်လည်း နှစ်စဉ် ဒီဇင်ဘာလဆန်းတွင် ဖောင်းတူရေလွှဲဆည်မှ အောင်မြင်စွာ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းပိတ်တမံလုပ်ငန်းသည် နှစ်စဉ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပြီး ချောင်းပိတ်တမံဆောင်ရွက်ပြီးမှသာ ပဲခူးမြစ်ရေအား ဘောနတ်ကြီးကျေးရွာအနီးရှိ (အမြန်လမ်းမိုင်တိုင် ၃၉/၄) ဖောင်းတူရေလွှဲဆည်မှတစ်ဆင့် ရေပေးမြောင်းအတိုင်း ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ် အတွင်းရှိ လယ်မြေများ စိုက်ပျိုးရေ ပေးဝေရရှိနိုင်မည်ဖြစ်ပြီး မိုးယွန်းကြီးရေလှောင်ကန်နှင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ ရေဖြည့်သွင်း၍ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အထိ စုစုပေါင်း ရေပေးလမ်းကြောင်း ၆၈ ဒသမ ၉၄ မိုင် အရှည်ရှိပြီး နွေစပါးစိုက်ဧက ၁၆၀၀၀ ကျော်အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နှစ်စဉ်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

**သူရအောင် (ပြည်)**

## မအူပင်ခရိုင် စားသုံးသူရေးရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အသိပညာပေးဟောပြော

**မအူပင် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်စားသုံးသူရေးရာအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲကို အမှတ်(၃)ရပ်ကွက်ရှိ မအူပင်မြို့မစည်ပင်သာယာဈေး ဈေးတာဝန်ခံရုံးခန်း အပေါ်ထပ်၌ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးဇော်မင်းက စားသုံးသူရေးရာ အငြင်းပွားမှုပြဿနာနှင့် လုပ်ငန်းရှင်များ၊ ဈေးဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများတွင် အန္တရာယ်ဖြစ်စေသည့် တားမြစ်အစားအစာများ၊ မီးဖိုချောင်သုံးပစ္စည်းများအား မရောင်းချရန်နှင့် ရောင်းချပါက သတ်မှတ်ဥပဒေများနှင့်အညီ စစ်ဆေးအရေးယူမှုများကို ရှင်းလင်းပြောကြားအသိပေးသည်။ ၎င်းနောက် တားမြစ်ထားသည့် စားသောက်ကုန်နှင့် မုန့်များအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

အသိပညာပေးဟောပြောပွဲသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ဦးသက်ထွန်း၊ စားသုံးသူကိုယ်စားလှယ် ဦးစိုး၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဆွေ၊ ဈေးအရာရှိ ဦးဘိုဘိုနှင့် အရောင်းဆိုင်များမှ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မအူပင်ခရိုင် ပြန်/ဆက်**

# (၁၇) ကြိမ်မြောက် ကချင်ပြည်နယ်လုံးဆိုင်ရာ စာအောင်ဆုနှင်းသဘင်နှင့် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**မြစ်ကြီးနား နိုဝင်ဘာ ၂၆**

ကချင်ပြည်နယ် ပရိယတ္တိသာသနာ့နုဂ္ဂဟဆရာတော်ကြီးများအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် (၁၇) ကြိမ်မြောက် ကချင်ပြည်နယ်လုံးဆိုင်ရာ ဝိနယသဒ္ဓမ္မပါလစာမေးပွဲကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပခဲ့ရာ အဆိုပါစာမေးတွင် ဖြေဆိုအောင်မြင်ခဲ့သည့် စာအောင်သံဃာတော်များအား စာအောင်ဆုနှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့၌ ကျင်းပခဲ့သည်။

စာအောင်သံဃာတော်များအား စာအောင်ဆုနှင်းသဘင်ပေးအပ်ပွဲ အခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကေတုမာလာအမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ သီလခံယူဆောက်တည်ကြပြီး ဩဝါဒကထာနာယူကြကာ လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။


ယင်းနောက် အထူးအောင်သံဃာတော်များနှင့် စာအောင်သံဃာတော် စုစုပေါင်း ၁၁၈ ပါးတို့အား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် အလှူရှင်များက စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဝန်းသိုကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် စာအောင်သံဃာတော်များအား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာအလှူရှင်များ၊ ဓမ္မစကူးကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့တော်ခန်းမမှ သာသနာ့ဗိမာန်တော်ကြီးထိ လမ်းတစ်လျှောက် စည်ကားသိုက်မြိုက်စွာ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ယခုနှစ် မုန်လာဥစိုက်ခင်း ပိုးအနည်းငယ်ကျသော်လည်း ပေါ်ဦးပေါ်ဖျားချိန်တွင် ဈေးကောင်းရ



**ပေါင် နိုဝင်ဘာ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဒေသခံတောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥများကို နှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင်စိုက်ပျိုးထားသော မုန်လာဥများ ပိုးအနည်းငယ်ကျသော်လည်း ပေါ်ဦးပေါ်ဖျားချိန်၌ ဈေးကောင်းရကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

"ဒီပေါ်ဦးပေါ်ဖျားချိန်မှာ ဈေးတော့အနည်းငယ်ကောင်းနေပါတယ်။ ခရမ်းချဉ်သီး၊ ပန်းဖူးတို့ပေါလာရင်သူက ဈေးပြုတ်ကျလာတယ်။ ဒီနှစ်က ရာသီဥတုကြောင့် မနှစ်ကထက် အပျက်အစီးများတယ်။ ကျွန်တော်တို့ဘက်မှာက ပိုးကျရင် ယိုးဒယားဘက်ကလာတဲ့ဆေးပဲ သုံးတာများတယ်။ နောက်ထပ်ထပ်စိုက်မယ့်အပင်တွေတောင် အများကြီးထပ်မစိုက်ရဲတော့ဘူး။ ဈေးကောင်းတော့ ရနေပါတယ်။ ပိုးကျမှာကြောက်တယ်" ဟု ကျုံကကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

မုန်လာဥစိုက်ပျိုးရာတွင် မြေဧက (သုည ဒသမ ၃၀) ဧကလျှင် အစီး ၂၀၀၀ ကျော်ထွက်ရှိပြီး စိုက်ပျိုးချိန်မှ ခူးယူရောင်းချနိုင်ချိန်အထိ ၄၅ ရက်ခန့်ကြာကြောင်း၊ အပင်များအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျအသုံးပြုနိုင်မှုနှင့် အပူချိန်များအပေါ် ရောဂါကျရောက်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားကြောင်း သိရသည်။

၎င်းမုန်လာဥများကို အနီးပတ်ဝန်းကျင်ရွာများနှင့် မော်လမြိုင်ဈေးကြီးများသို့ တင်ပို့ရောင်းချကြောင်း၊ ယခင်နှစ်က အရွယ်အစားပေါ်မူတည်၍ မုန်လာဥ ၄ လုံး/၄လုံးပါ တစ်စီးလျှင် ၂၅၀ကျပ်ခန့်ရှိကာ ယခုနှစ်တွင် သီးနှံစပေါ်ချိန် မုန်လာဥ ၃ လုံး/၄ လုံးပါ တစ်စီးလျှင် ၃၅၀ ကျပ်နှုန်းဖြင့် ရောင်းချနေရသောကြောင့် ယခုနှစ်တွင် မုန်လာဥစိုက်ခင်းများ ရာသီဥတုဒဏ်ကြောင့် ပိုးအနည်းငယ်ကျရောက်သော်လည်း ပေါ်ဦးပေါ်ဖျားချိန်တွင် ယခင်နှစ်ကထက် ဈေးကောင်းရနေကြောင်း တောင်သူများကပြောသည်။

**ကိုဟိန်း(ပေါင်)**

# တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဆေးပေးခန်းသွားလမ်း တံတားတည်ဆောက်

**ခင်ဦး နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကန်သစ်စံပြကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းသွားလမ်းတံတားကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မတည်ကာ အလှူရှင်များ စုပေါင်းထည့်ဝင်ငွေများနှင့် တံတားတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဆေးပေးခန်းသွားလမ်းတံတားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ခင်ဦးမြို့နယ် ဒုအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများက တံတားတည်ဆောက်မည့်မြေနေရာ၌ ပန္နက်တင်ပေးကြသည်။

ယင်းတံတားကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀ သိန်း၊ တံတားအလှူရှင် ဦးကျော်ဝင်းနှင့် ဒေါ်တင်မြင့် ကျပ် ၂၀ သိန်း၊ အများထည့်ဝင်ငွေ ကျပ် ၁ သိန်း၊ စုစုပေါင်း ကျပ် ၃၁ သိန်းဖြင့် အလျား ၁၈ ပေ၊ အမြင့် ၅ ပေ၊ အကျယ် ၅ ပေရှိကွန်ကရစ်တံတားတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က ၎င်းကျေးရွာတွင် ကျန်းမာရေးဝန်ကြီးဌာနခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၀ ကျော်ဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးပေးခန်း ဂုဏ်အင်္ဂါနှင့်အညီ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဆက်စပ်လိုအပ်သည်များ ဆောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတွင် ဘက်စုံသားဖွားဆရာမတစ်ဦးနှင့် ကျန်းမာရေးကြီးကြပ်(၂)တစ်ဦးတို့က ကန်သစ်၊ ငွေးကုန်း၊ နှောကုန်း၊ ဥစ္စာတွင်းစသည့်ကျေးရွာလေးရွာရှိ လူဦးရေပေါင်း ၃၇၁၂ ဦးအား အချိန်ကုန် ငွေကြေးအကုန်အကျ သက်သာရလေအောင် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ရောင်နီ တင်ဝင်း**

# သရက်မြို့၌ ကျေးရွာပြည်သူများသို့ ထင်း၊ တိုင်၊ မျှောများ အခမဲ့ဝေငှခြင်းများဆောင်ရွက်

**သရက် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ (၅) နှစ်ပြည့်၍ ရှမ်းရွာကျောကျေးရွာသို့ လွှဲပြောင်းပေးခဲ့ပြီးသော စိုက်ခင်းအမှတ်(၁/၂၀၀၇) ကျေးရွာသုံးစိုက်ခင်းဧက ၂၈၀ မှ ဒေသခံများအတွက်လိုအပ်သည့် ထင်း၊ တိုင်၊ မျှောများအား ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါစိုက်ခင်းတွင် ကျင်းပခဲ့ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဝေငှရာ ရှမ်းရွာကျောကျေးရွာနေပြည်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးက ကျေးရွာများသို့ စိုက်ခင်းလွှဲပြောင်းပေးခြင်းသည် စိုက်ပျိုးထားသောသစ်ပင်များကိုသာ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် ၎င်းစိုက်ခင်းဟောင်းအတွင်း စိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး ယခုနှစ်တည်ထောင်ခဲ့သည့် (၁/၂၀၁၆) ကျေးရွာသုံး စိုက်ခင်းဧက(၆၀)ကို ဝိုင်းဝန်းထိန်းသိမ်းပေးရေးနှင့် ၂၀၁၇ ခုနှစ်တွင် ဆက်လက်တည်ထောင်မည့် ကျေးရွာသုံးစိုက်ခင်းဧက (၃၀) ကိုလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ရန် ပြောကြားပြီး စိုက်ခင်းဟောင်းဧက ၂၈၀ အနက်မှ ဧက ၅၀ အတွင်း ခုတ်ယူရရှိသော ထင်း (၁၀ ဒသမ ၅) တန်၊ တိုင် ၈၈ လုံးနှင့် မျှော ၁၃၅ လုံးတို့ကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**သရက်ခရိုင်(ပြန်/ဆက်)**

# မင်းဘူးမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မင်းဘူး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး၏ လမ်းညွှန်ချက်အရ မင်းဘူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့် ဝန်ထမ်းများမှ မင်းဘူးမြို့နယ် နန်းတော်ကုန်းအုပ်စုရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် နိုဝင်ဘာ ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ကျေးရွာပြည်သူ ၂၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(မင်းဘူး)**

# မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စစ်ဆေး

**သာစည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျောက်အိုး၊ ကျောက်ပြားတောင်၊ ဇဝင်း၊ မြိုင်သာ စသည့်ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်ခဲ့ကြရာလုပ်ငန်းများအောင်မြင်ဖြစ်ထွန်း၍လူနေမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုကို မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးခဲ့ခဲ့ကြောင်းသိရသည်။

အဆိုပါကျေးရွာများတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ထားရှိသည့်စာရင်းဇယားများနှင့် ငွေစာရင်းပုံစံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်မှုများကို ဖြည့်စွက်အကြံပြု ဆောင်ရွက်ပေးခဲ့သည်။

**မောင်ကို(သာစည်)**



# သမင်ခြံကျေးရွာ၌နယ်လှည့်ဆေးကုသရေးဆောင်ရွက်

**ကော့မှူး နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာဘုန်းတော်ကြီးကျောင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဗိုလ်မှူးကျော်လင်းဦး ဦးဆောင်သော ဆေးကုသရေးအဖွဲ့ဝင်များသည် သမင်ခြံကျေးရွာနှင့်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးကုရာသို့ ရေတပ်ပင်မစက်မှုလက်မှုတပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးဦး၊ ဧရာဝတီရေတပ် စခန်းဌာနချုပ် ဒလတပ်နယ်မှ ဗိုလ်မှူးအေးချမ်းအောင်တိုးတို့ကလာရောက်ကုသော ဝေဒနာရှင်လူနာများကို အားပေးစကားပြောကြားခဲ့ပြီး အထွေထွေရောဂါသည် ကျား ၁၈၂ ဦး၊ မ ၁၇၁ ဦးတို့အား တစ်ရက်တာအခမဲ့လာရောက်ကုသပေးကြောင်း သိရသည်။

**ကော့မှူးသားလေး**

# မြန်မာနိုင်ငံနှင့် အနီးဆုံးနယ်စပ်မြို့တစ်မြို့ဖြစ်သည့် တရုတ်နိုင်ငံ လင်ချန်းမြို့

## ဖြိုးစန္ဒာမြင့်

လေယာဉ်ပေါ်မှ ဆင်းလိုက်တာနဲ့ တောင်ပတ်လည်ကာရံထားပြီး စိမ်းလန်းစိုပြည်တဲ့ မြို့လေးတစ်မြို့ကို အတိုင်းသားမြင်လိုက်ရပါတယ်။ လေဆိပ်ခန်းမမှ စတင်ထွက်ခွာလိုက်တာနဲ့ အေးမြစိုစွတ်တဲ့ လေနုအေးလေးကရင်ကိုလာရိုက်ခတ်သဖြင့် လူကို တက်ကြွလန်းဆန်းစေခဲ့တာ အမှန်ပါ။ နေရာကား တရုတ်နိုင်ငံရဲ့ ကုန်းမြင့်ဒေသတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အတွင်းက လင်ချန်းမြို့လေးပဲဖြစ်ပါတယ်။ အဲဒီမြို့လေးကို မြန်မာနိုင်ငံမှ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့လေ့လာရေးခရီးအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။

လင်ချန်းမြို့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရဲ့ အနောက်တောင်ဘက်မှာတည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၄၂၉ ပေအမြင့်တွင် တည်ရှိသည့် ချမ်းအေးပြီး နေချင်စဖွယ် မြို့လေးတစ်မြို့ဖြစ်သလို တရုတ်နိုင်ငံအတွင်းမှာ သက်တမ်းရင့် အဖိုးတန်လက်ဖက်ပင်များ အများအပြားပေါက်ရောက်ရာ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ အဲဒီမြို့လေးတွင်နေထိုင်ကြသူတို့မှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ပြီး အခြားသီးနှံအမယ်များကိုလည်း တွင်တွင်ကျယ်ကျယ်စိုက်ပျိုးတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။

စိုက်ပျိုးရေးဖြစ်ထွန်းတဲ့မြို့တစ်မြို့ဖြစ်သလို စက်မှုလုပ်ငန်းများကိုလည်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနဲ့ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကိုလည်း တစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက်ရှိနေကြတာကို တွေ့ခဲ့ရပါတယ်။ လင်ချန်းမြို့မှာ အဓိကထွက်ရှိတာကတော့ ကျောက်မီးသွေး၊ ယူရေနီယမ်နဲ့ Germanium တို့ပဲဖြစ်ပါတယ်။

မြို့ပတ်လည်တွင်လည်း စိမ်းစိုလှသည့် သီးနှံစိုက်ခင်းများ၊ သစ်မွှေးစိုက်ခင်းများနဲ့ တောင်စောင်းနေရာများတွင်လည်း လှေကားထစ်စိုက်ခင်းများဖြင့် စိမ်းစိုသာယာနေပြန်သည့် အဲဒီမြို့လေးမှာ စပါးနှင့် လက်ဖက်ကို အဓိကထား စိုက်ပျိုးကြကြောင်း လေ့လာသိရှိရပါတယ်။

လင်ချန်းမြို့သို့ရောက်ရှိပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ ပထမဆုံးလေ့လာခွင့်ရရှိခဲ့တာကတော့ မကြာမီကမှ အသစ်ဖွင့်လှစ်ခဲ့တဲ့ လင်ချန်းမြို့ ပြည်သူ့ဆေးရုံသစ်ကြီးပဲဖြစ်ပါတယ်။ အဲဒီဆေးရုံသစ်ကြီးကို ၂၀၁၂ ခုနှစ် စက်တင်ဘာလက စတင်ဆောက်လုပ်ခဲ့တာဖြစ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ စတင်အသုံးပြုခဲ့တာဖြစ်ပါတယ်။ တည်ဆောက်ချိန် သုံးနှစ်ခန့်ကြာမြင့်ခဲ့တဲ့ အဲဒီဆေးရုံကြီးရဲ့အဆောက်အအုံဧရိယာဟာ စတုရန်းမီတာပေါင်း တစ်သိန်းငါးသောင်းကျော်ရှိတယ်လို့လည်း လင်ချန်းပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးရဲ့ ရှင်းပြချက်အရ လေ့လာမှတ်သားခဲ့ရပါတယ်။

ဒေသခံပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့ရာ တည်ထောင်ဖွင့်လှစ်ခဲ့တဲ့ လင်ချန်းပြည်သူ့ဆေးရုံကြီးမှာဆိုရင် တရုတ်တိုင်းရင်းဆေးကုဌာနအပါအဝင် ဌာနပေါင်း ၅၃ ခုနဲ့ ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးမယ့် ကျန်းမာရေးဝန်ထမ်း ဆရာဝန် ၁၆၀၀ ကျော်ရှိပြီး ဆေးဝါးကုသမှုအတွက် လိုအပ်တဲ့ စက်ပစ္စည်းကိရိယာအမျိုးပေါင်း ၃၀၀ ကျော်ကိုလည်း အဆင်သင့်ထားရှိတယ်လို့ သိရပါတယ်။

နောက်ပြီး ပြည်သူတွေအတွက် အဓိကလိုအပ်ချက်တွေထဲက တစ်ခုဖြစ်တဲ့ ကျန်းမာရေးစရိတ်အတွက်လည်း ဒီဆေးရုံကြီးမှာ နိုင်ငံတော်က ထောက်ပံ့မှုတွေ ပြုလုပ်ပေးထားတယ်လို့လည်း သိရပါတယ်။ တောင်သူလယ်သမားတွေအတွက် ဆေးကုသစရိတ်ရဲ့ ၆၀ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းတွေအတွက် ဆေးကုသစရိတ်ရဲ့ ၅၀ ရာခိုင်နှုန်းနဲ့ သာမန်ပြည်သူတွေအတွက်ဆိုရင် ဆေးကုသစရိတ်ရဲ့ သုံးပုံ နှစ်ပုံကို နိုင်ငံတော်က ကျခံပေးပြီး ခေတ်မီစက်ကိရိယာစုံလင်စွာနဲ့ ကုသပေးလျက်ရှိနေတာကို မြင်တွေ့ခဲ့ရပါတယ်။

ဒါ့အပြင် တာ့လီဆေးကောလိပ်၊ ကွမ်ကျိုး၊ ကျိုးရှမ်းဆေးတက္ကသိုလ်နဲ့ ရှန်ဟိုင်းဆေးတက္ကသိုလ်ကျောင်းသားတွေ ကွင်းဆင်းလေ့လာပညာသင်ကြားကြတဲ့ ဆေးရုံတစ်ခုလည်းဖြစ်တဲ့ လင်ချန်းမြို့ပြည်သူ့ဆေးရုံကြီးမှာ သက်ကြီးရွယ်အိုတွေနဲ့ လေဖြတ်တဲ့ဝေဒနာရှင်တွေအတွက်လည်း စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်သင်ကြား မှုတွေကို စက်ကိရိယာတွေအသုံးပြုပြီး ဆရာဝန်တွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေက အနီးကပ်ပြုစုစောင့်ရှောက်ကုသပေးတယ်လို့ လင်ချန်းမြို့ ပြည်သူ့ဆေးရုံရဲ့ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းပြခဲ့ပါတယ်။

လင်ချန်းမြို့ ပြည်သူ့ဆေးရုံကြီးမှာ လူနာများအနေနဲ့ ဓာတ်မှန်ရိုက်ပြီးရင် ဓာတ်မှန်အဖြေကို အလိုအလျောက်ဖြေကြားပေးတဲ့ စက်သုံးလုံးကိုလည်း အဲဒီဆေးရုံကြီးမှာ တပ်ဆင်ထားပါတယ်။ လူနာတစ်ဦးက ဓာတ်မှန်ရိုက်ပြီးလို့ ထွက်လာတဲ့ ဓာတ်မှန်ရဲ့အိတ်အပေါ်မှာ ကုတ်နံပါတ်တစ်ခုပါရှိမှာဖြစ်ပြီး အဲဒီကုတ်နံပါတ်ကို စက်ကဖတ်ပြီး လုပ်ဆောင်ချက်အဆင့်ဆင့်ကို ဆောင်ရွက်ပြီးပါက မိမိဓာတ်မှန်ရဲ့အဖြေကို သိရှိနိုင်မှာဖြစ်ပါတယ်။ စက်ကထွက်ရှိတဲ့အဖြေကို မရှင်းလင်းလို့ တာဝန်ကျဆရာဝန်နဲ့ ညှိနှိုင်းဆွေးနွေးလိုပါကလည်း ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီကနေဆက်ပြီးတော့ မြန်မာကိုယ်စားလှယ်အဖွဲ့ ခရီးဆက်ခဲ့တာကတော့ လင်ချန်းမြို့မှာရှိတဲ့ တင်စီနည်းပညာနဲ့ ဆရာအတတ်သင်ကောလိပ်ဖြစ်ပါတယ်။ အဲဒီမှာ မြန်မာစာအထူးပြုကျောင်းသူလေးတွေက မြန်မာစာဘာသာရပ်အပြင် မြန်မာမှုအနုပညာလက်ရာတွေကိုပါ မြန်မာမှုလက်ရာနီးနီးတူအောင် ဖန်တီးထားတာ တွေ့ခဲ့ရပြီး မြန်မာစာပေကို စိတ်ဝင်စားသဖြင့် မြန်မာစာအထူးပြုဖြင့် ပညာသင်ကြားနေကြခြင်းဖြစ်ကြောင်းလည်း သိခဲ့ရပါတယ်။

ဆက်လက်ပြီး ညပိုင်းမှာ (၄)ကြိမ်မြောက် အာရှမိုက်ခရိုရုပ်ရှင်ပွဲတော်နဲ့ (၆)ကြိမ်မြောက် လင်ချန်းနယ်စပ်စီးပွားကုန်သွယ်ရေးကုန်စည်ပြပွဲရဲ့ ဖွင့်ပွဲအခမ်းအနားများကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ (၆)ကြိမ်မြောက် လင်ချန်းနယ်စပ် စီးပွားကုန်သွယ်ရေးကုန်စည်ပြပွဲမှာ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျာမနီ၊ မြန်မာ၊ ကိုရီးယား၊ နီပေါ၊ ယုဂန္ဓာ၊ ဗီယက်နမ်နဲ့ တရုတ် စတဲ့နိုင်ငံတွေက အထင်ကရဖြစ်တဲ့ ဒေသထွက်ကုန်တွေကို ပြခန်းတွေခွဲပြီး ခင်းကျင်းပြသထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းမှာတော့ မြန်မာ့ကျောက်စိမ်းပြခန်း၊ သစ်မွှေး၊ ခရီးသွားလာရေးပြခန်း၊ သစ်အချောထည်နဲ့ ကျောက်မျက်ပြခန်းတို့ ပါဝင်ပြသခဲ့ကြပါတယ်။



တရုတ်နိုင်ငံ ကူမင်းမြို့မှ မြန်မာနိုင်ငံနယ်စပ်ရှိ ချင်းရွှေဟော်အထိ ဖောက်လုပ်မည့် အမြန်လမ်းနှင့် ရထားလမ်းပုံစံငယ်။

ဒီခရီးစဉ်ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့နေရာတစ်ခုကတော့ တရုတ်နိုင်ငံ ကူမင်းမြို့ကနေ တရုတ်-မြန်မာနယ်စပ်မှာရှိတဲ့ ချင်းရွှေဟော်နယ်စပ်ဂိတ်အထိ အမြန်လမ်းဖောက်လုပ်နေတဲ့ စီမံကိန်းလုပ်ငန်းခွင်ပဲ ဖြစ်ပါတယ်။ အဲဒီအမြန်လမ်းဟာ အကျယ် ၂၅ ဒသမ ၅ မီတာရှိပြီး လေးလမ်းသွားလမ်းဖြစ်ကာ မြေလျှင်ဒဏ်ကို အဆင့် ၈ အထိ ခံနိုင်ရည်ရှိအောင် ဖောက်လုပ်သွားမှာဖြစ်တယ်လို့ စီမံကိန်းအင်ဂျင်နီယာက ရှင်းပြပါတယ်။

အခုလက်ရှိမှာတော့ ကူမင်း-လင်ချန်း လမ်းပိုင်းကို စတင်ဖောက်လုပ်နေပြီဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ ဒီလမ်းပိုင်းကို အပြီးသတ်မယ်လို့ ဆိုပါတယ်။ လက်ရှိပြီးစီးမှုကတော့ တစ်ကီလိုမီတာခန့် ပြီးစီးနေပြီဖြစ်ပါတယ်။ အဲဒီ အမြန်လမ်းသစ်ကြီး ပြီးစီးသွားရင် ကူမင်းမြို့ကနေ လင်ချန်းမြို့ကို မောင်းချိန်လေးနာရီကြာမြင့်မှာဖြစ်ပြီး လင်ချန်းမှ တရုတ်-မြန်မာနယ်စပ်မှာရှိတဲ့ ချင်းရွှေဟော်ကို မောင်းချိန် တစ်နာရီသာ ကြာမြင့်တော့မှာဖြစ်တယ်လို့ သူက ဆက်ရှင်းပြပါတယ်။

အဲဒီအမြန်လမ်းမှာဆိုရင် လိုဏ်ဂူပေါင်း ၁၀ ခုခန့် ပါဝင်မှာဖြစ်ပြီး တချို့နေရာတွေမှာတော့ တံတားတွေပါဝင်မှာဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ လမ်းရဲ့ ၁ ကီလိုမီတာမှာ မီတာ ၆၂၀ လောက်က လိုဏ်ဂူ(သို့မဟုတ်) တံတားတွေပါဝင်မှာဖြစ်တဲ့အတွက် လမ်းရဲ့ ၁၀ ပုံ ၆ ပုံလောက်ကို လမ်းနဲ့ လိုဏ်ဂူတွေက နေရာယူမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အဆိုပါအမြန်လမ်းနဲ့အပြိုင် ရထားလမ်းလည်း ပါဝင်မှာဖြစ်တာမို့ ကူမင်းကနေ မြန်မာနယ်စပ်ရှိ ချင်းရွှေဟော်အထိ ရထားလမ်းဖောက်လုပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ ရထားလမ်းအပိုင်းမှာဆိုရင်တော့ ကူမင်း-တာ့လီလမ်းပိုင်းက ပြီးစီးနေပြီဖြစ်ပါတယ်။ အခု စတင်ဖောက်လုပ်နေပြီဖြစ်တဲ့ လင်ချန်း-ချင်းရွှေဟော်လမ်းပိုင်းကိုတော့ လာမယ့် ၂၀၁၇ ခုနှစ်မှာ အပြီးတည်ဆောက်ဖောက်လုပ်မှာဖြစ်တယ်လို့ ရထားလမ်းရဲ့ တာဝန်ခံအင်ဂျင်နီယာက မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရှင်းပြခဲ့ပါတယ်။ အမြန်လမ်းနဲ့ ရထားလမ်းနှစ်ခုစလုံးအပြင် အဲဒီမှာ ပါဝင်တဲ့လိုဏ်ဂူနဲ့ တံတားတွေအားလုံးကိုလည်း ပြည်တွင်းအင်ဂျင်နီယာတွေနဲ့ပဲ ငလျင်ဒဏ်အဆင့် (၈) အထိ ခံနိုင်ရည်ရှိအောင် တည်ဆောက်သွားမှာဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။

ဒါ့အပြင် ရထားလမ်းမှာ "လီပေါင်ရှမ်း" လို့ ခေါ်တဲ့ ၁၄ ကီလိုမီတာအရှည်ရှိတဲ့ အရှည်ဆုံးသော လိုဏ်ဂူတစ်ခုပါဝင်မှာဖြစ်ပြီး ၁ ဒသမ ၅ ကီလိုမီတာရှည်လျားတဲ့ တံတားတစ်စင်းအပါအဝင် တံတားစုစုပေါင်း ၃၆ စင်း၊ လိုဏ်ဂူစုစုပေါင်း ၆၉ ခု ပါဝင်မှာဖြစ်တာကြောင့် လမ်းရဲ့ ၈၆ ရာခိုင်နှုန်းက တံတားနဲ့လိုဏ်ဂူတွေဖြစ်နေတာကို တွေ့ရပါတယ်။

မြန်မာ့မြေနဲ့ နယ်မြေဧရိယာချင်း ၂၁၈၅ ကီလိုမီတာ (၁၃၅၇ မိုင်)ထိစပ်နေတဲ့ အိမ်နီးချင်းတရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံတွေထဲက တစ်ခုဖြစ်သလို နှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုနဲ့ ခရီးသွားလာရေးလုပ်ငန်းများအပြင် အခြားသောကဏ္ဍများစွာကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိနေတာ အားလုံးအသိပါ။

ဒါ့ကြောင့် နှစ်နိုင်ငံ ကုန်ပစ္စည်းဖလှယ်မှု၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနဲ့ နယ်စပ်ထွက်ပေါက်၊ ကုန်စည်စစ်ဆေးမှုတွေကို ခေတ်မီမြန်ဆန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် တရုတ်-မြန်မာနယ်စပ်က ချင်းရွှေဟော် နယ်စပ်ဂိတ်သစ်ကြီးကိုလည်း မြန်မာ့နယ်နိမိတ်မျဉ်းနဲ့ ကီလိုမီတာ ၁၀၀ အကွာမှာ တည်ဆောက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။



အသစ်တည်ဆောက်မည့် ချင်းရွှေဟော်နယ်စပ်ဂိတ် ပုံစံငယ်။

လက်ရှိချင်းရွှေဟော်နယ်စပ်ဂိတ်ကို ၁၉၉၁ ခုနှစ်က တရားဝင်စတင်ဖွင့်လှစ်ခဲ့ပြီး အခုလက်ရှိအချိန်မှာတော့ ရွှေလီ-မူဆယ် နယ်စပ်ဂိတ်ပြီးရင် ဒုတိယအကြီးဆုံး နယ်စပ်ထွက်ပေါက်တစ်ခု ဖြစ်ပါတယ်။ အခုအသစ်ဖွင့်လှစ်မယ့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးဂိတ်ကြီး တည်ဆောက်ပြီးစီးသွားခဲ့ရင် မြန်မာနိုင်ငံဘက်က ကုန်သွယ်မယ့် မော်တော်ယာဉ်တွေဟာလည်း နယ်စပ်ဂိတ်ထဲအထိ ဝင်ရောက်ကာ ကုန်စည်စီးဆင်းနိုင်မှာဖြစ်သလို ကူမင်း-လင်ချန်း-ချင်းရွှေဟော်လမ်းပိုင်းဟာလည်း ဒီနယ်စပ်ဂိတ်မှာ လာရောက်အဆုံးသတ်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှလည်း ချင်းရွှေဟော်နယ်စပ်ဂိတ်ကိုဖြတ်ကာ တရုတ်နိုင်ငံ ကူမင်းမြို့ကို နာရီပိုင်းနဲ့ အချိန်ကုန်သက်သာစွာ ကူးသန်းသွားလာနိုင်မှာဖြစ်ပါကြောင်း တရုတ်နိုင်ငံ လင်ချန်းမြို့သို့ လေ့လာရေးတစ်ခေါက်ရောက်ရှိခဲ့သည့် ခရီးသွားအတွေ့အကြုံများကို ကြေးမုံစာဖတ်ပရိသတ်ကြီးအား မျှဝေလိုက်ရပါတယ်။ ။


Lilly's
Cook With Confidence
ထုံကြည့်ရှုနှင့် ချက်ပြုတ်ဖို့
လီလီ ထုံးကြစို့ ...
လီလီ
ကြက်သားမှုန့်
(အရိုးမှုန့်မပါထည့်ထားအာနေ)
ဗလာမပါ ငွေသားကံစမ်းမဲ
ကျပ် ၁၀၀ မှ ၁၀၀၀၀ အထိ
(၁၇)ဂရမ် အထုပ်သေး
(၂၄)ထုပ်ပါသည့် အထုပ်ကြီးတိုင်းမှာ
ထည့်ပေးထားပါတယ်။
17g x 24 sachets
CHICKEN POWDER


KUBOTA မိလ္လာကန်အစားထိုး မိသားစုသုံး ရေဆိုးသန့်စင်စက်များကို (၂၀၁၂) ခုနှစ်မှစတင်၍ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိနေပါသည်။
KUBOTA
JOHKASOU
Wastewater Treatment System
(Japanese Technology)
"သင်နှင့် သင့်ပတ်ဝန်းကျင်အတွက် မရှိမဖြစ်လိုအပ်သည်"
SPECIAL PROMOTION
Waminn Group of Companies
၆ လ ၆ ရစ် အရစ်ကျငွေပေးချေစနစ်
Feature
လူဦးရေ (၁၀) ဦးအထိ အသုံးပြုနိုင်ခြင်း
(၁)ကိုက်အတွင်းအမြဲတပ်ဆင်နိုင်ခြင်း
နှစ်ပေါင်း(၄၀) ခန့်သုံးစွဲနိုင်ခြင်း
ကုန်ကျစရိတ်နည်းပါးပြီး ထိန်းသိမ်းရလွယ်ကူခြင်း
ဇီးဝိုင်ချောင်၊ အိမ်သာ၊ အဝတ်လျှော်စက်နှင့် ရေချိုးခန်းများမှ ထွက်ရှိလာသောရေဆိုးများအား(၉၀%)ထိ သန့်စင်ပေးနိုင်ခြင်း
မိလ္လာကန်အစားထိုး
မိသားစုသုံးရေဆိုးသန့်စင်စက်
K Z 5
SPECIAL SALE
USD 2,690
Including Installation
အရေအတွက် ကန့်သတ်ထားသောကြောင့် အမြန်ဆုံး ဆက်သွယ်မှာယူနိုင်ပါရန် သတင်းကောင်းပါးအပ်ပါသည်။
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Hot Line : 09-260044066
www.facebook.com /KubotaJohkasouMyanmar
ayeam@waminn.com

# မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးဘညွန့်) (သံအမတ်ကြီး-ငြိမ်း)-ဒေါ်ခင်အေးအေးနှင့်
[ဒုတိယဗိုလ်မှူးကြီးထွန်းကြည်(စစ်သံမှူး-ငြိမ်း)-ဒေါ်ကြင်ဆွေ]တို့၏မြေး
ဦးတင်လင်းညွန့်-ဒေါ်သင်းသင်းကြည်တို့၏ တစ်ဦးတည်းသောသား

**a'¦ufwmneW ifoeW**

**M.B.,B.S(Ygn)**

နှင့်

ပဲခူးမြို့နေ (ဦးသိန်းဟံ)-ဒေါ်တင်ကြည်
ပြွန်တံဆာမြို့နေ (ဦးစွန်တိတ်-ဒေါ်ယူကမ်း)တို့၏မြေး
ဒေါက်တာ ဦးအေးငြိမ်း(စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး)-ဒေါ်လီလီသိန်းတို့၏
သမီးကြီး

**rcBbZifcf (B.Pharm:)**

တို့၏ ၁၈-၁၁-၂၀၁၆ရက် သီတဂူဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် MELIÃ Hotel (Grand Ballroom)၌ ကျင်းပခဲ့သော မင်္ဂလာညှော့ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့် ပေးပါသော ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်းအားလည်းကောင်း၊ မင်္ဂလာညှော့ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော အဘွား ဒေါ်ခင်အေးအေးနှင့်တကွ နှစ်ဖက်သော ဂုဏ်သရေရှိ ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးပါသော မအင်ကြင်းမေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မအေးထွေးသိန်း၊ မင်္ဂလာသတို့သားအရံများဖြစ်သော မောင်သွင်ကိုငြိမ်းနှင့် မောင်ကိုမိုကိုမျိုးထွဋ်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော ဒေါက်တာ ရွှေရည်ဝင်းဆွေထွန်းနှင့် မထူးရွှေစင်ငြိမ်းအားလည်းကောင်း၊ မေတ္တာဖြင့် စိန်လက်ဝတ်ရတနာများဆင်မြန်းပေးသည့် အဒေါ်များဖြစ်သော ဒေါ်သန်းသန်းလေး(China Airline)၊ ဒေါ်စန်းဖြူဖြူ၊ ဒေါ်သီသီနှင့် မခိုင်စန္ဒာလွင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ကိုယ်တိုင်ချုပ်လုပ်ဆင်မြန်းပေးပါသော ဒီဇိုင်နာ ဘုတ်ဘုတ် (မုံရွာ) အားလည်းကောင်း၊ သတို့သမီး မိတ်ကပ်နှင့် မှတ်တမ်းတင်ဓာတ်ပုံ၊ (Pre-wedding) ဓာတ်ပုံများကိုယ်တိုင်စီစဉ်ရိုက်ကူးပေးပါသော ကိုအောင်မြတ်သူ (Aroma) နှင့် အဖွဲ့အားလည်းကောင်း၊ မိဘများနှင့် သတို့သမီးအရံများအား မိတ်ကပ်ပြင်ဆင်ပေးပါသော ညိမ်းမိုးလှိုင် (မြန်မာ့အသံ) နှင့်အဖွဲ့အားလည်းကောင်း၊ လက်ကိုင်ပန်းနှင့် ပန်းအလှပြင်ပေးပါသော ကိုဝင်းမျိုးအောင်(Floral Paradise)နှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးပါသော First Music Agency အားလည်းကောင်း၊ MELIÃ Hotel မှ မသူသူအောင်နှင့် တာဝန်ရှိဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညှော့ခံပွဲအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာဖြင့် ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာ ညွန့်လင်းသန့်-မခိုင်သဇင်ငြိမ်း**

## ဆဌမအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ

အ. ထ. က-ကော့ဘိန်း၊ ကော့ကရိတ်မြို့နယ်

နေရာ။ ။ အ. ထ. က-ကော့ဘိန်း(စိန်ရတနာခန်းမ)

ရက်စွဲ။ ။ ၁-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)

**ဆက်သွယ်ရန်-**

| | |
|---|---|
| ဒေါ်မြင့်မြင့်သောင်း | ဖုန်း-၀၉-၄၂၅၀၀၁၈၅၇ |
| ဦးမျိုးတင့်လွင် | ဖုန်း-၀၉-၄၉၇၈၂၁၆၉ |
| ဒေါက်တာမင်းညဏ်ထွန်း | ဖုန်း-၀၉-၂၅၆၀၉၄၄၅၅ |

## အလိုတော်ပြည့်ဘုရားအစိမ့်ခွန်မြဲဆုတောင်းပွဲတော်

(၁၃၇၈)ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၁၆ခု၊ ဒီဇင်ဘာလ(၁၄)ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ နံနက်(၉း၀၀)နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကွန်ကရစ် အုတ်မြစ်ခင်း

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**

**09 4200 35882**
**09 4200 35884**

(၆၀၄)အင်းလေး(၁)လမ်း၊ ရပ်ကွက်(၂)၊ တောင်ဒဂုံ

## နွားထိုးကြီးမြို့နယ်အသင်း (ရန်ကုန်)

### နှစ်ပတ်လည်အစည်းအဝေးပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲဖိတ်ကြားလွှာ

နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော၊ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး။ ပင့်သံဃာတော်ဆရာတော်များ ပူဇော်ခြင်း၊ အသက်(၇၅)နှစ်ပြည့်ပြီးသော သက်ကြီးအသင်း၏ အမိအဖ များအား ပူဇော်ခြင်းနှင့် ၂၀၁၆ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသော ဂုဏ်ထူးရ ကျောင်းသား/သူများအား ဂုဏ်ပြုခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပါသောကြောင့် ရန်ကုန်တိုင်းတွင် ရောက်ရှိနေကြသော နွားထိုးကြီးမြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။


ကျင်းပမည့်နေ့ရက် - ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ (၁)နာရီ၊ ကျင်းပမည့်နေရာ - သံယုတ်ကျောင်းတိုက်၊ ဗဟန်း (၃)လမ်း၊ ဗဟန်းမြို့နယ်၊ (ကန်တော်ကြီးအနီး) ရန်ကုန်မြို့။ ဆက်သွယ်ရန် -
ဦးဇော်မင်းမြ - ၀၉၅၁၃၁၃၈၅၊ ဦးရန်အောင်သန်း - ၀၉၅၀၂၈၀၇၉၊ ဦးစိုးစိုးအောင် - ၀၉၄၄၄၀၃၄၈၆၃၊ ဦးလှထွန်း - ၀၉၅၁၄၇၀၄၃၊ ဒေါ်မောမော်သင် - ၀၉၅၀၅၀၈၁၃

## အောင်ပြည့်စုံ

**အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက်**
**ဈေးနှုန်းချိုသာစွာဖြင့်**
**Box ကား မျိုးစုံဖြင့်**
**အလုပ်သမားစီစဉ်ပေးသည်။**

**09-250095114**
**09-421041338**
**09-73224763**




### ကုမ္ပဏီမှတ်ပုံတင်
### ပျောက်ဆုံးကြောင်း ကြော်ငြာ

DYNAMIC GROWING CO.,LTD ကုမ္ပဏီမှတ်ပုံတင်မူရင်းနှင့် CERTIFICATE OF EXPORTER/ IMPORTER REGIST RATION ပျောက်ဆုံးသွားကြောင်း ကြော်ငြာအပ်ပါသည်။ **ဖုန်း-၀၉-၄၂၅၃၂၅၄၇၆**

## တက်နေဝန်း

**အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း**
**(10'/14")Box ကားများဖြင့်**
**လုပ်သားအပြီးအစီး**
**ဝန်ဆောင်မှုပေးသည်။**

**09-442076599**
**09-400448695**
**09-33100721**

### မြေကွက်ကျယ်ရောင်းမည်

ဆီဆိုင်ဖွင့်ရန်နေရာကောင်း
အမှတ်(၂)လမ်းမမေးတင်
အင်းတိုင် လှည်းကူး
ဖုန်း-၀၉-၅၄၁၈၂၀၇၊
၀၉-၇၈၅၅၅၃၅၇၉

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ (၅၀×၁၀၀)၊ နတ်မောက်ရိပ်သာလမ်း၊ ကုက္ကိုင်း၊ ဗဟန်း အဆင့်မြင့်ပြင်ဆင်ပြီး၊ ၂ထပ် RC၁လုံး ၁ထပ် RC၁လုံး၊ Steel Structure ၂ထပ်အဆောက်အအုံ ၁လုံး အပါ ဘိုးဘွားပိုင် အမည်ပေါက်။

**ဖုန်း-၀၉-၄၂၀၂၂၂၂၇၈**







ဇီ ၀ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ၀ တော တွေ ထိန်း သိမ်း စို့

Pride of MYANMAR

သင့်လက်ထဲမှာရှိတဲ့အကောင်းဆုံး **မြန်မာ့ထွက်ကုန်စစ်စစ် ( စားသောက်ကုန် ) ကို**

CMHL City Mart Holding Co., Ltd. နဲ့အတူ **ပူးပေါင်းဆောင်ရွက်ပါ။**

နိုင်ငံတကာတွင်ရပ်တည်နိုင်မည့် အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုး ပိုင်ဆိုင်ထားပြီး၊ အမြောက်အမြား ထုတ်လုပ်ရန်ခက်ခဲနေသူ၊ ဖြန့်ဖြူးရောင်းချရန်အခက်အခဲရှိနေသူ၊ ငွေအရင်းအနှီးနည်းပါးနေသူ၊ မြန်မာနိုင်ငံသူနိုင်ငံသား မည်သူမဆို ဝင်ရောက်လျှောက်ထားနိုင်ပြီး၊ အရွေးချယ်ခံရသူ လုပ်ငန်းရှင်တစ်ဦးကို လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင်ရင်းနှီးမြှုပ်နှံရန်

**ငွေကျပ် ၁၀,၀၀၀,၀၀၀ (ကျပ်သိန်းတစ်ရာ) အထိ** ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

၃၁ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။

City Mart Supermarket | Ocean Supercenter | marketplace by City Mart

အသေးစိတ်သိရှိလိုပါက Hot Line: 09 260051283



enquiry@city.com.mm City Mart Supermarket Myanmar Ocean Supercenter Myanmar သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ACE®** KOREA HI-TECH
**PE WATER TANK**



- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရကိုရီးယားကုန်ကြမ်း)
- နှစ်(၁၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်




HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ခေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

**Ph: 01 684743, 09 73094221, 09 450048469**

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဘဝအာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကို ရှာဖွေနေသူများအတွက်



International Bakery & Pastry Course
နိုင်ငံတကာ မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း

ဒီဇင်ဘာသင်တန်းအတွက် ကျောင်းအပ်လက်ခံနေပြီ

ဝါရင့်ဆရာကိုယ်တိုင်လေ့ကျင့်သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက အလုပ်ဝင်ရောက်နိုင်ရန် နှင့်ကိုယ်ပိုင်လုပ်ငန်းစတင်ရန်ကူညီပေးသည်။
ပုံမှန်တန်းခွဲအပြင် စနေ၊ တနင်္ဂနွေ သီးသန့်တန်းခွဲများလက်ခံနေပြီ

Lotus
အမှတ်(၂၁၃၊ ၂၁၇) ၃-လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉-လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
☎ 01-397449, 01-397447, 09-73169207

**ယာဉ်မောင်းအလိုရှိသည် (အိမ်ကားမောင်းရန်)**
ရန်ကုန်မြို့တွင်း အထူးကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်း၊ ယာဉ်မောင်းလုပ်သက် အနည်းဆုံး (၃)နှစ်ရှိရမည်။
ဆက်သွယ်ရန်-၀၉-၂၅၂၅၄၃၂၃၁၊ ၀၉-၇၇၈၄၉၇၁၇၁

★STAR★
အုံ့မြို့သစ် အရှေ့ပိုင်း။ တောင်ပိုင်း။ မြောက်ပိုင်း။ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
Ph:09-43088052, 09-73254389, 09-421067330



အမှတ်တံဆိပ်

**အကြောပြေ မျက်စိကြည်ဆေး**

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၁၄

**မီးဘေးရှောင် မလောင်ခင်တား**




**အာရှနဂါး**
မြေဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

Since 1985
**ကျိုက်ထီးရိုး + မြဝတီ
ချောင်းသာ + ငပလီ**
01-392704, 09 73017110

**COASTAL BEAUTY TRAVELS & TOURS**
ထားဝယ် - မြိတ်ကျွန်းစု အပန်းဖြေခရီးစဉ်
Mergui Archipelago Trip
(24 Dec - 29 Dec & 27 Jan - 01 Feb)
လေးကျွန်း၊ ပိန္နဲကျွန်း၊ သမီးလှကျွန်း၊ လိပ်ဥသောင်
09-5505201, 09-979809536, 09798185113, 01-2302031

**ဦးဆန်းအောင်** B.Com, CPA
**LCCI** စာရင်းကိုင်သင်တန်းများ
Dec 17 ဖွင့်မည်
USA COMMERCIAL SCHOOL တိုက်၄ အခန်း၂၄
ပြည်တော်သစ်အိမ်ရာစခန်း အောက်ပုဇွန်တောင်လမ်းမ
ဖုန်း ၂၉၁၃၂၉၀၄ ၄၂၁၀ ၂၀၂၁၅၀၄ ၇၉၆၀ ၇၂၇၀၅

**KINGCAT PAINT** ရေတားဆေး
MyanBuild-2016 Show သို့ကြွရောက်ရန် Kingcat Myanmar မှ ဖိတ်ခေါ်ပါသည်။
နေရာ - RM-1025, MIDA Ground,
အချိန် - 1-3 Dec 2016 9:30AM ~ 5:30 PM Ph : 0979-5906416

**မြတ်ဓမ္မ** ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေးအဖွဲ့
၇ ညအိပ်၊ ၈ ရက်ခရီး - 21 Dec 2016, 14 Apr - 2017
၁၄ ညအိပ်၊ ၁၅ ရက်ခရီး- 10 Feb 2017, 24 Mar 2017
နေရာရှိရောက် ရှိစိတ်ချမ်းမြေ့စေရမည်။
ဆက်သွယ်ရန် - ဒေါ်ဆင့်ဆင့်ထု(ဒု-ဆွေးနွေး စာရင်းစစ်ချုပ်ရုံး/ငြိမ်း)
ဖုန်း - 09-5085810,09-420256685,09-43030290, 01-522835

**ချောပိုသား** ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
(1/2)Package(35000)
(35000)
Package(55000)
(15000)
Ph:09425334456,09252606649,0949323965

**ဒေါ်ခိုင်ခိုင်ဝင့်**
B.Sc (Chem), DA, L C C I (U K), A C C A Part II
**LCCI, ACCA**
➢ လွယ်ကူစွာနှင့်ထိထိမိမိသင်လိုသူများ၊
➢ အချိန်နှင့်ငွေကို Save ဖြစ်လိုသူများ၊
➢ Cost ထက် Benefit အားသာချက်ကို အပြည့်အဝ ရရှိစေမည်၊
ရုံးချိန်အလွတ်၊ ညဦးရေကန့်သတ် ကျောင်းအပ် လက်ခံပြီ
အမှတ်(၃၂)၊ ဗဟန်း၊ သမ္မာဒိဋ္ဌိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
Ph : 0950 67748,09254716005,0979842776

**ဟန်းဂုု (HANGUK)** ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အမြဲတမ်း)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

**ရွှေကမ္ဘာ**
အိမ်ခြံမြေ/အိမ်ခြံမြေ ပွဲစားကြီး
Ph : 09-5097001
09-49259491
09-421177464













GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

09 250353461, 09 798177845

09-43168269, 09-43113342, 09-451111717

"Better English For a Smarter Life"
ဦးရဲကျော်လတ် M.A(UFL)
APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
၁၀၀၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ မြောက်ဒဂုံ။
09-73175231, 09-5057138






## ကြော်ငြာ


TMR 004815(0317) / TMR 000394(0317)

ကွမ်းရွက်ပုံ

ဝမုန်းရှင်

လေငန်းဘာကွယ်လိမ်းဆေးရည်

ဖခင်ထံမှ ကြီးမားသော ခွန်အားကို ရယူထားသောအသင် ဖခင်အား တန်ဖိုးထားတတ်ပါစေ။

**မိဘဂုဏ်ကိုထွေး** အဆင့်မြင့်စတီးဘလိပ်ခါးသွားဆူးကြိုး တပ်ဆင်ဖြန့်ချိရေး

အဆင့်မြင့် Steelဘလိပ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျှက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခပဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။

ရန်ကုန်အရောင်းဆိုင်(၁)- အမှတ်(၁၂)အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး KBZဘဏ်ရှေ့(Capital Hyper Market)အနီးဒေါပုံမြို့နယ်။

ရန်ကုန်အရောင်းဆိုင်(၂)- အမှတ်(၁၂/က)မင်္ဂလာဒုံ/ပုဂ္ဂိုလ်လမ်း(AYB)ဘဏ်အနီး(Capital super market)အနီး မြောက်ဒဂုံမြို့နယ်။

ပြည်တွင်းဖြစ် ဆူးကြိုးများကို ထိုင်းနိုင်ငံထုတ်ပစ္စည်းများဟု ပြောဆိုရောင်းချနေခြင်းများကို ကျွန်ုပ်ဖိတ်ခေါ်ကြီးများ ရွေးချယ်ရာတွင် သတိပြုနိုင်ကြပါစေ။

Ph : 09 - 5064145, 09-445064145,09-250058416,09-49276627,09-420707316

**ROYAL STAR** (လုံခြုံရေးဘလိတ်ခါးဆူးကြိုးလိပ်အရောင်းပြခန်း) မှ

စတော်မီလုံခြုံရေးဘလိတ်ခါးဆူးကြိုးလိပ်များကို (အရောက်ပို့ ၊ လက်စမဲ့) ဈေးနှုန်းချိုသာစွာဖြင့် အိမ်တိုင်ရာရောက် တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။

လုံခြုံရေးဘလိတ်ခါးဆူးကြိုးလိပ်များကို အကောင်းဆုံး လက်ရာများဖြင့် လူကြီးမင်းတို့၏ စတော်မီ လုံးချင်းအိမ်ယာများ၊ စက်ရုံဝင်းများ၊ ရုံးခွဲနေဝင်းများ အစရှိသည့် နေအိမ်ခြံဝင်းများသို့ အရေးပေါ် တပ်ဆင်လိုပါက

ဖုန်းတစ်ချက်သာဆက်လိုက်ပါ ⇒ 09-50 54 189 , 09- 50 63 596

ရုံးခွဲ၊ အခန်း(၄)အ.ထ.က(၃) ကျောင်းရှေ့၊ ကန်သာယာမှတ်တိုင်အနီး၊ သုမ္ဘာလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

09-50 54 189 ,09-50 63 596 , 09-45 110 4612

★ မှတ်ချက်-သံချေးတက်ဆူးကြိုးလိပ်များ (လုံးဝ) မရောင်းပါ။

**သိန်း(၇၂၀)ထိုက်သူရမည်။**



24'x63' ထောင့်ကွက်၊ လမ်းမျက်နှာစာနှစ်ဖက်၊ နေရာကောင်း၊ လမ်းကောင်း၊ တစ်ထပ်တိုက်သစ် (အဆင့်မြင့် ပြင်ဆင်ပြီး) ကားများများရပ်နားနိုင်၊ ၇၂-ရပ်ကွက်၊ တောင်ဒဂုံ၊ စက်မှုဇုန်အနီး။ ဖုန်း-0973106574,09250283165

**ရောင်းမည်**

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ် (၃)၊ (၆)၊ (၈)၊ (၉)၊ လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကိုအမြန်ရောင်းမည်။ (B.C.Cရရှိပြီး)

ဖုန်း။ 09-5401011, 09-73095677,09-5002931

**GW** 0973226006 0973133528 0973077569

အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။

09401505559

**စက်ရုံငှားရန်ရှိသည်**

မြေ ၃၀၀'x၁၅၀' အဆောက်အအုံ ၂၄၀'x၈၀' RC(၁)ထပ်၊ ရေ၊ မီး၊ မြင်းကောင်ရေ 250 KVA အမှတ်(၅၂၀)၊ မိုးကုတ်လမ်း၊ (၂၃)ရပ်ကွက်၊ တောင်ဒဂုံ စက်မှုဇုန်(၁)၊

ဖုန်း-၀၉-၅၁၂၄၀၀၆

**SEVEN ဝိ**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်။ "ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

**heart** Curtain,Sofa,Furniture

- ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
- ဆိုဖာခုံများကိုလက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးခြင်း
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
- ဆိုဖာခုံအဟောင်းများကိုပြန်၍ပြုပြင်ပေးခြင်း

No.38, ဇဋိလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
Ph: 09-30066799, 09-257335855

**STANDARD LIFE** your affordable quality

ECO LAMINATE FLOOR



Special PRICE အထူး ဈေးနှုန်း အခွင့်အရေး


Decorated Materials Sales & Installations

အမှတ် B1-012, ... ရန်ကုန်

☎ 09 4555 444 30, 09 4555 444 03

**JJ-PUN TIOSTONE**


Technology for Better Construction



JJ-PUN TIOSTONE မှ အလှခင်းရောင်စုံအုတ်(PAVERS) များနှင့် အပေါက်အုတ် (HOLLOW BLOCKS) များအား ဂျပန်နည်းပညာဖြင့် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် ဖုန်း - 09-788 38 38 86

www.expert-concrete-blocks.com



**TOTO**

YEAR END

**SALE**

UP TO 40%

* terms & conditions apply

**1 Nov to 30 Nov 2016**



Yangon Showroom : G1 Pyay Road, Diamond Condo, Kamaryut Township. Tel : +95 1 502379, 502412, 514106.

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ တူးတူးနှင့် ပီရူးနိုင်ငံသား မက်တီရိုဆီလီတို့ ယနေ့ထိုးသတ်မည်



မက်တီရိုဆီလီ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T&T Group မှ စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် မြန်မာနိုင်ငံရိုးရာလက်ဝှေ့ပထမတန်း တူးတူး (နဂါးမာန်)နှင့် ပီရူးနိုင်ငံသား မက်တီရိုဆီလီတို့ နိုဝင်ဘာ ၂၇ ရက် (ယနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်ကြောင်း သိရ သည်။

ပြိုင်ပွဲတွင် သုံးချီတွဲဆိုင်းတစ်ဆိုင်း၊ လေးချီတွဲဆိုင်း လေးဆိုင်းနှင့် ငါးချီတွဲဆိုင်ခြောက်ဆိုင်း စုစုပေါင်း တွဲဆိုင်း ၁၁ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

သုံးချီတွဲဆိုင်းတွင် ကြယ်စင်ထွန်း (အလင်းရောင်) နှင့်စစ်သွေး (T&T သထုံ)၊ လေးချီတွဲဆိုင်းများတွင် ထယ်ကြီး (STL) နှင့် သိန်းညီညီ (အလင်းရောင်)၊ ငမန်းရိုင်း (T&T သထုံ) နှင့် သွေးသစ်မောင် (အဖြူရောင်သွေးသစ်)၊ ရွှေကျောင်းသား (T&T သထုံ) နှင့် စစ်ထန် (နဂါးမာန်)၊ ရွှေမိုးပျံ (T&T သထုံ) နှင့် အောင်နေထူး (ဒို့ရိုးရာ)၊ ငါးချီ အထူးစိန်ခေါ်ပွဲများတွင် ရန်တိုင်းအောင် (Adventure) နှင့် ကျော်ဝင်းအောင် (အဖြူရောင်သွေးသစ်)၊ သားကျော် ဖြောင့် (T&T သထုံ) နှင့် ဟံသာဝတီ (အဖြူရောင် သွေးသစ်)၊ စောထူးအောင် (ဒို့ရိုးရာ)နှင့် ကျားဗဟိန်း (ဝင်းထွန်း T&T)၊ မိုက်ရိုင် (ရွှေဖူး)နှင့် ထွန်းလွင်မိုး (နဂါးမာန်)၊ သွေးသစ်ဝင်းလှိုင် (ရွှေမိုးထိ)နှင့် ဖိုးလပြည့် (ရွှေဖူး)တို့နှင့် အတူ ငါးချီနောက်ဆုံးပြိုင်ပွဲတွင် ပြည်ပ စိန်ခေါ်ပွဲအဖြစ် တူးတူး (နဂါးမာန်)နှင့် မက်တီရိုဆီလီတို့ ပရိသတ်များအကြိုက် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ် သည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရုံဝင်ကြေးအဖြစ် ငွေကျပ် သုံးသောင်း၊ နှစ်သောင်း၊ တစ်သောင်း သတ်မှတ် ထားပြီး မည်သည့်ရုပ်သံလိုင်းကမျှ ပြသမည်မဟုတ် ကြောင်း သိရသည်။ **(ကြေးမုံ)**



တူးတူး

# ကွတ်ခိုင်မြို့အား KIA၊ TNLA အဖွဲ့က လက်နက်ကြီးများဖြင့် ပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

KIA၊TNLA လက်နက်ကိုင်အဖွဲ့များ သည် ယမန်နေ့ ညပိုင်းက ကွတ်ခိုင်မြို့တွင်းသို့ လက်နက်ငယ်၊ ဗုံးပစ်လောင်ချာနှင့် လက်နက် ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ က သတင်းထုတ်ပြန်ထားသည်။

KIA၊TNLA လက်နက်ကိုင်အဖွဲ့သည် ယမန်နေ့ည ၉ နာရီခွဲခန့်က ကွတ်ခိုင်မြို့အား ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် တစ်ချက်၊ ၆၀ မမ စိန်ပြောင်းဖြင့် နှစ်ချက် နေရာ နှစ်ခုမှ ပစ်ခတ် ရာ လုံခြုံရေးတပ်ဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ သဖြင့် ၉ နာရီမိနစ် ၅၀ ခန့်တွင် KIA၊TNLA လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာထွက်ပြေး သွားကြောင်း၊ ၎င်းတို့ ပစ်ခတ်ခဲ့သော ၆၀ မမ ဗုံးသီးများမှာ လွယ်အွန်းကျေးရွာအနီး ကျရောက်ပေါက်ကွဲပြီး ၄၀ မမ ဗုံးသီးမှာ မြို့မ အထက အနီး တောစပ်အတွင်းသို့ ကျရောက် ပေါက်ကွဲခဲ့သော်လည်း လူ၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှု မရှိကြောင်း၊ ၄၀ မမ ဗုံးပစ် လောင်ချာဖြင့် ပစ်ခတ်သည့် ကွတ်ခိုင်မြို့ ရပ်ကွက်(၁)အတွင်းသို့ လုံခြုံရေးတပ်ဖွဲ့များ က လိုက်လံရှင်းလင်းစဉ် ည ၁၀ နာရီခန့်တွင် လက်နက်ကိုင်နှစ်ဦးသည် ဆိုင်ကယ်ဖြင့်လက်နက် ငယ်လေးချက်ခန့် ပစ်ခတ်၍ ပြည်ထောင်စု လမ်းမကြီးဘက်သို့ မောင်းနှင်ထွက်ပြေးသွား ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆူဇူကီးဖလား ဆီမီးဖိုင်နယ်သို့ ၁၂နှစ် အကြာမှ မြန်မာအသင်း တက်ရောက်နိုင်



မလေးရှားအသင်းအား အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည့် မြန်မာ့လက်ရွေးစင်အသင်း အောင်ပွဲခံနေစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၁၆ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် ဝဏ္ဏသိဒ္ဓိကွင်း၌ တစ်ပြိုင်နက်ယှဉ်ပြိုင်ကစားရာ အိမ်ရှင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

**မြန်မာ- တစ်ဂိုး ၊ မလေးရှား - ဂိုးမရှိ**

ဆူဇူကီးဖလားပြိုင်ပွဲတွင် ၂၀၀၄ နောက်ပိုင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခြင်း မရှိတော့သည့် မြန်မာအသင်းသည် ၁၂နှစ် အကြာတွင် တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့ သည်။ မြန်မာအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ☆**

ရွှေပြည်နန်း သနပ်ခါး

မျက်နှာမြင်ချစ်ခင်ပါစေ "ရွှေပြည်နန်းသနပ်ခါး" ဆိုရင်လိမ်းပါရစေ



ဦးဟိန်းမျိုးမင်းလတ်

ကျွန်တော့်မျက်နှာမှာ အရင်က ဘာအဖုမှမရှိခဲ့ပါဘူး။ ပြီးခဲ့သောနှစ်က အသားပတ်တာကြောင့် စနိုးတစ်မျိုးကိုသုံးစွဲခဲ့ပြီးနောက်ပိုင်း ဓာတ်မတည့်၍လားမသိ မျက်နှာမှာ ဝက်ခြံများ ထွက်လာပါတယ်။ ကျွန်တော်လည်းမျက်နှာမှ ဝက်ခြံတွေပျောက်ဖို့အတွက် skin နဲ့ပတ်သတ်တဲ့ဆေးမျိုးစုံကိုသုံးကြည့်ခဲ့ပါတယ်။ အလှပြင်ဆိုင်များမှာလည်း မျက်နှာအဆီပ်ထုတ်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဆီပ်ထုတ်ပြီး (၂)ပတ်လောက်အကြာအထိတော့ ဝက်ခြံဖုလေးများမှာ ပါးသွားသလိုခံစားရပြီး နောက်မကြာခင်မှာပဲ သိသိသာသာ ပြန်ထွက်လာပါတယ်။ ကျွန်တော့်အစ်မက သူသုံးနေတဲ့ "ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါး"ကို အသုံးပြုကြည့်ဖို့လမ်းညွှန်ခဲ့ပါတယ်။ တစ်ခါမှမသုံးဘူးတော့ အရင်ပစ္စည်းတွေလိုပဲ အဖုများ ပိုဆိုးလာမည်ကို ကြောက်မိခဲ့ပေမယ့် မထူးတော့ဘူး စမ်းသုံးကြည့်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ သုံးကြည့်ပြီး (၂)ပတ်လောက်အကြာမှာတော့ အဖုတွေလျော့ပါးသွားတယ်လို့ခံစားရပါတယ်။ "ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါး" ဘူးကြီးတစ်ဘူး ကုန်တဲ့အချိန်မှာတော့ ကျွန်တော့်မျက်နှာမှာ "မျက်နှာမြင်ချစ်ခင်ပါစေ"ဆိုသည့် စကားအတိုင်း ဝက်ခြံဖုများပျောက်ကင်းရုံမက အမာရွတ်များလည်း လုံးဝပျောက်ကင်းခဲ့ပါတယ်....

ဦးဟိန်းမျိုးမင်းလတ် (Junior Assistant-KBZ Bank) ရန်ပြည်မန်းလမ်း၊ KBZ Bank ၊ကျောက်ပန်းတောင်းမြို့၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ၊ဒေါ်မွမ္မ (State Agricultural Institute,PMN ) မိဘွိုလာလမ်းဘေး၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ် - ၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မျိုးဆက်သစ်ရင်ပြင်

မြဝတီ
အထူးကဏ္ဍ

နိုဝင်ဘာ ၂၇၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# ဘဝထဲကဘဝ

**ရန်နိုင်မင်းဦး**

B.Sc (Physics)၊ Studying at BMTC



တကယ်တော့ ကုန်လွန်ခဲ့တဲ့ ၃၀ နှစ်ဆိုတာ ပြန်တွေးကြည့်ရင်တော့ မနေ့တစ်နေ့လိုဖြစ်နေပေမယ့် တကယ်တမ်း ဖြတ်သန်းခဲ့ရတာတော့ အလွန်ကြာရှည်လှပါတယ်။ ပျော်ရွှင်မှု ခပ်ပါးပါးနဲ့အတူ ကြမ်းတမ်းမှုတွေ၊ ခက်ခဲမှုတွေ၊ ဝမ်းနည်းသေးသိမ်မှုတွေ၊ နှိမ်ချ ဆက်ဆံခံခဲ့ရမှုတွေ စတဲ့ခံစားချက်ပေါင်းများစွာနဲ့အတူ ၃၀ နှစ်ဆိုတဲ့ အတိုင်းအတာကို ဖြတ်သန်းခဲ့ရခြင်းလည်း ဖြစ်ပါတယ်။ ထမင်းတစ်နပ်အတွက် ဟိုလူ့မျက်နှာကြည့်ရ၊ ဒီလူ့မျက်နှာကြည့်ရနဲ့ စားခဲ့ရတဲ့ ထမင်းနပ်တွေလည်းရှိခဲ့ဖူးတာ အမှန်ပါပဲ။ ယိုင်နဲ့နဲ့ အိမ်လေးတစ်လုံးရဲ့ မိုးမလုံတဲ့ခေါင်မိုးအောက်မှာ မိုးရေတွေယိုလို့ အိပ်မရဘဲ တစ်ညလုံးငုတ်တုတ်ထိုင်နေခဲ့ရတဲ့ ညပေါင်းများစွာကိုလည်း ကြုံခဲ့ရတာပါပဲ။ ဘဝက ပေးတဲ့ လောကဓံကို ကောင်းကောင်းကြီးကို ခံစားခဲ့ရတာ အမှန်ပါပဲ။

ပတ်ဝန်းကျင်အသိုင်းအဝိုင်းက မှားတယ်လို့ သတ်မှတ်တဲ့ အရာတွေလည်း ကျူးလွန်ခဲ့မိသလို သူတို့ မသတ်မှတ်ချင်တဲ့ အမှန်တရားတွေလည်း ပြုခဲ့မိမယ်လို့လည်း ထင်ပါတယ်။ ကိုယ်ဘာလုပ်လုပ် အရာရာအကောင်းမြင်ပေးခဲ့တဲ့သူတွေရှိသလို (လက်တစ်ဖက် မပြည့်ဘူးထင်ပါတယ်) ဘာလုပ်လုပ် အထင်အမြင်သေးပြီး အကောင်းမမြင်တဲ့သူတွေလည်း ရှိခဲ့တာအမှန်ပါပဲ။ သူတို့ထင်တဲ့ အပြစ်ဆိုတဲ့အရာတစ်ခုလုပ်မိတိုင်း ဝိုင်းဝန်းလက်ညှိုးထိုး အပြစ်ဖို့တတ်ကြပေမယ့် ချီးကျူးပြောဆိုမှုဆိုတာတွေကတော့ နှုတ်ပိတ်နေလျက်ရှိခဲ့ပါတယ်။ သတ်မှတ်ချက်တွေ၊ ကန့်သတ်ချက်တွေ၊ စည်းမျဉ်းတွေကြားမှာ သက်ပြင်းမောတွေ အကြိမ်ကြိမ်ချခဲ့ဖူးသလို အိပ်မပျော်တဲ့ညပေါင်းများစွာကို အိပ်မက်ဆိုးတွေနဲ့ အဖော်ပြုခဲ့ရတာလည်း အမှန်ပါပဲ။ ရုပ်သေးရုပ်တစ်ရုပ်လို ကြိုးဆွဲခွင့်တွေ ပေးအပ်ထားခဲ့ရပြီး အသုံးတော်ခံအဖြစ် လူမြင်ကွင်းမှာ အပူရုပ်ကို ဟန်လုပ်ပြုံးပြရင်း ဘဝကိုမျက်နှာဖုံးများစွာနဲ့ ဖြတ်ကျော်ခဲ့ရတာလည်းအမှတ်ရစရာပါပဲ။ သေချာတာကတော့ ဘဝက ချောမွေ့မှုမရှိခဲ့တာပါပဲ။

ယုံကြည်မှုဆိုတာ ဘဝကပေးတဲ့အားအင်ဆိုရင် အဲဒီ ယုံကြည်မှုတစ်ခုရဖို့ ခံစားချက်တွေစတေးခဲ့ရတာလည်း အကြိမ်ကြိမ်ပါပဲ။ ယောကျ်ားတစ်ယောက်ဖြစ်ပေမယ့် လူမမြင်ကွယ်ရာမှာ မျက်ရည်တွေ အကြိမ်ကြိမ်ကျပြီး ရှိုက်သံတွေ တလှိုက်လှိုက်တက်ကာ အံကြိတ်အားတင်းခဲ့ရတာကလည်း မမေ့နိုင်စရာပါပဲ။ မနိုင်ဝန်ထမ်းတာလို့ပဲဆိုဆို တွေ့သမျှအလုပ်ကို အသက်အရွယ်နဲ့မမျှအောင်လုပ်ပြီး စာသင်ကြားဖို့အတွက် ငွေရှာခဲ့ရတာလည်း တစ်သက်မမေ့နိုင်စရာဖြစ်ပါတယ်။ အဝတ်တစ်ထည်ခေါက်ပေးရင် ပြား ၅၀ ရတဲ့အလုပ်တွေပါသလို ဘဲဥ၊ ကြက်ဥထည့်ဖို့ သေတ္တာရိုက်ပေးရတာ တစ်လုံး ၂၅ ကျပ်ရခဲ့ဖူးတဲ့ အလုပ်မျိုးကိုလည်း လုပ်ခဲ့ဖူးပြန်ပါတယ်။ နောက်ဆုံး ကျောင်းလခပေးဖို့အတွက် ဘောလုံးကွင်းထဲမှာ ရေခဲချောင်း လိုက်ရောင်းခဲ့ရတဲ့ဘဝကတော့ တကယ်ကိုမေ့မရနိုင်တဲ့အဖြစ်အပျက်တစ်ခုပါပဲ။ သည်တုန်းက အသက်က ၁၁ နှစ်။ အရာရာရှက်တတ်တဲ့အရွယ်။ ရေခဲပုံးကို ပခုံးမှာ ခပ်တင်းတင်းဆွဲချိပြီး ထမ်းခဲ့တယ်။ နောက် ဘောလုံးကွင်းထဲကို ဝင်မိတယ်။ စိတ်ထဲမှာ ရှက်စိတ်တွေဝင်နေတယ်။ လက်ထဲမှာ ခေါင်းလောင်းလေးကိုင်ပြီး တီးဖို့ကို ကြောက်နေမိတယ်။ တီးလိုက်ရင် ဘောလုံးပွဲကြည့်တဲ့ ပရိသတ်တွေက ကိုယ့်ဆီကို အာရုံရောက်လာတော့မှာလေ။ သူတို့ရဲ့ အကြည့်တွေကို ရင်မဆိုင်ရဲဘူး။

ရေ ခဲ ချောင်း သည် ဆိုတဲ့ မျက်ဝန်းတွေအောက်မှာ အသက် ၁၁ နှစ် အရွယ် ကလေး တစ်ယောက်ရဲ့ ရှက်ရွံ့မှုတွေက ကြီးစိုးနေတယ်။ ရှက်တယ်။ သေချာတယ်။ တကယ်ကို ရှက်နေမိတယ်။ လှည့်ပြန်ရမလား။ စဉ်းစားတယ်။ မဖြစ်သေးဘူး။ မနက်ဖြန် ကျူရှင်လခ ပေးရမှာ။ အမေက လခမထုတ်သေးဘူး။ ဒီတော့ ပိုက်ဆံရမှဖြစ်မှာ။ အဲဒီတော့ ပိုက်ဆံရဖို့ကလည်း ဒီတစ်နည်းပဲရှိတယ်။ ဈေးရောင်းတာပဲ ဘာဖြစ်လဲ။ သူများပိုက်ဆံခိုးတာမှ မဟုတ်တာ။ ကိုယ့်ကိုယ်ကိုယ်အားတင်းပြီး ကလိုင် (ခေါင်းလောင်း)လေးကို လက်လွဲပြီး တီးလိုက်တယ်။ ကလင် ကလင်ပေါ့။ နှုတ်ကလည်း ရေခဲချောင်းရမယ်ပေါ့။ လူတချို့ လှည့်ကြည့်တယ်။ အရမ်းရှက်သွားတယ်။ ရေခဲချောင်း သည်ပါလားဆိုတဲ့အကြည့်တွေ။ အထင်သေးမှုတွေ မပါပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ သိမ်ငယ်သွားတာ အမှန်ပါပဲ။

အဲဒီအချိန်မှာ တစ်ယောက်ကလှမ်းခေါ်တယ်။ ကောင်လေး လာဦးတဲ့။ မှတ်မိသေးတယ် အဲဒီခေါ်သံလေးကို။ ဝမ်းသာသွားတယ်။ ကိုယ့်ကိုအသိအမှတ်ပြုတာလေ။ သူ့ဆီအပြေးအလွှားသွားလိုက်မိတယ်။ တစ်ချောင်းရောင်းလိုက်ရတယ်။ စိတ်ထဲမှာ နည်းနည်းရဲသွားသလို ခံစားလိုက်ရတယ်။ ရှက်စိတ်တွေလည်း နည်းနည်းလျော့သွားသလိုပါပဲ။ ဒါနဲ့ ဆက်ပြီးတီးလိုက်ခေါ်ရင် အပြေးလေးသွားလိုက်နဲ့ လက်မလည်နိုင်အောင်ပါပဲ ရောင်းရတာ။ ထည့်လာတဲ့ ရေခဲချောင်း ၈၀ ပထမပိုင်း မပြီးသေးဘူး ကုန်သွားတယ်။ စိတ်ထဲမှာ ပျော်သွားတယ်။ အဲဒါနဲ့ ရေခဲစက်ပြန်ပြီး နောက်ထပ် အချောင်း ၈၀ ထပ်ယူပြီးရောင်းတာလည်း ကုန်သွားတယ်။ ဘောလုံးပွဲပြီးတော့ ရေခဲချောင်းလည်း ကုန်သွားတယ်။ မှတ်မှတ်ရရပါပဲ။ ရေခဲချောင်းရောင်းရတာ ကျပ် ၈၀ မြတ်တယ်။ မေမေရုံးကပြန်လာတော့ အမေ့ကို အဲဒီပိုက်ဆံနဲ့ ထိုင်ကန်တော့လိုက်တယ်။ အမေ့မျက်ဝန်းက မျက်ရည်စတွေ လိမ့်ဆင်းလာတာ တွေ့လိုက်ရတယ်။ အမေ ဘယ်ကြည့်ရက်မှာလည်း။ သိတာပေါ့။ နောက်မလုပ်ပါနဲ့တဲ့။ အမေပြောခဲ့တဲ့စကားကို အခုထိအမှတ်ရနေဆဲပါပဲ။ အင်း . . . ဒီလိုပါပဲလေ ဘဝဆိုတာလွယ်ကူချောမွေ့နေရင် ဘယ်သူက တမ်းတနေမှာတဲ့လဲ။

ရွေးချယ်မှုတွေကြုံရတိုင်း သူများဆန္ဒကိုဦးစားပေးရတာများလာတော့ ရွေးချယ်ခွင့်ဆိုတာကို ဘုံဆိုင်မှာ တန်းစီရတဲ့ ဘိန်းစားတစ်ယောက်လို့ မြင်လာတယ်။ ဘိန်းရှူစရာပိုက်ဆံမရှိတော့ မူးယစ်မှုကို ရလိုရငြားဆိုပြီး ဘုံဆိုင်ကိုသွားကာ လူတကာသောက်ပြီးမှ ကျန်တဲ့ အရက်ခွက်တွေထဲကမှ အရက်တွေကို ဟိုနည်းနည်း ဒီနည်းနည်း စုပြီးသောက်ဖို့ ဘဝတူတွေနဲ့အတူ တန်းစီရသလိုမျိုးပေါ့။ ဒါဟာ ရွေးချယ်ဖို့အတွက်တောင် အခြေအနေမရှိတဲ့ ဘဝတစ်ခု။ သေချာပါတယ်။ ဘဝဆိုတာ အဆိပ်ပြည့်ဝတဲ့ သစ်သီးတစ်လုံးဆိုတာ။ ဘယ်လိုဘဝမျိုးလဲ။ အထဲမှာ ခါးသီးမှုတွေပဲ ပါနေသတဲ့။ လိုချင်တာတွေထက် လိုအပ်နေတာတွေကို ဦးစားပေးခဲ့ရသလို ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ရွေးချယ်ရင်း လောကအလယ်မှာ ရေစုန်မမျောအောင် ကြိုးစားကူးခတ်ခဲ့တယ်။

ဆုံးဖြတ်ချက်တွေချဖို့ကြုံလာတိုင်းလည်း စောင်းငဲ့ကြည့်စရာအချက်တွေက တားဆီးနေသလို မူလဆုံးဖြတ်ချက်ရဲ့ အခြားတစ်ဖက်ဆီသို့ပဲ ဆုံးဖြတ်ခဲ့တဲ့ကိစ္စတွေများခဲ့တာလည်း မှတ်မိနေတုန်းပါပဲ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ထက် တခြားသူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကို အလေးထားခဲ့ရတာကြာတော့ တစ်ခါတလေ ဆုံးဖြတ်ချက်တွေက ဝေဝေဝါးဝါးဖြစ်ခဲ့တာ အမှန်ပါပဲ။ ကလေးတစ်ယောက်ရဲ့ ပျော်ရွှင်မှုတွေ ဆုံးရှုံးခဲ့သလို အရွယ်နဲ့မမျှ ရင့်ကျက်မှုတွေလည်း ပိုင်ဆိုင်ခဲ့ပြန်တယ်။ ကိုယ်နဲ့ သက်တူရွယ်တူ ကောင်လေး ကောင်မလေးတွေ ပျော်ရွှင်စွာ ဆော့ကစားနေတာကို ဆေးသုတ်နေတဲ့ သုံးထပ်တိုက်အပေါ်ကနေ အားကျစွာငေးခဲ့ဖူးပြန်တယ်။ အင်း. . . ဘဝဆိုတာ ဒီလိုလည်း အခြေအနေတွေကို ခွဲခြားပေးနိုင်စွမ်းရှိပြန်တယ်။

အကြိမ်ကြိမ်အခါခါ လဲကျဖူးတယ်။ အကြိမ်ကြိမ်အခါခါလည်း ရှုံးနိမ့်ဖူးတယ်။ လဲကျတိုင်း ရအောင်ပြန်ထနိုင်ဖို့ ကြိုးစားခဲ့သလို ရှုံးနိမ့်တိုင်းလည်း ရှုံးနိမ့်မှုဒဏ်ကို အံကြိတ်ခံရင်း ရင်ဆိုင်ခေါင်းမော့နိုင်အောင် ကြိုးစားခဲ့တယ်။ ဘဝကလိုအပ်ချက်တွေ သိပ်များလွန်းတော့ ဘာမှမလိုအပ်တော့သလိုတောင် ခံစားခဲ့ရတယ်။ ဒါဟာဘဝတစ်ခုရဲ့ အဆုံးဖြစ်သလို ဘဝတစ်ခုရဲ့အစလည်း ဖြစ်တယ်။ တစ်ခါတစ်ခါ တွေးမိတယ်။ လူသားတစ်ယောက် မဖြစ်ခဲ့ဘဲ ဇင်ယော်တစ်ကောင်ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲလို့။ ငယ်ငယ်က ဖတ်ခဲ့မိတဲ့ စာအုပ်တစ်အုပ်လိုပေါ့။ ယောနသံဇင်ယော်တဲ့။ သူ့ကိုအားကျတယ်။ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်နိုင်ခဲ့တယ်။ စာရေးသူရဲ့ ဖန်တီးမှုမှန်းသိပါလျက်နဲ့ သူ့လိုအစွမ်းအစတွေ လိုချင်မိတယ်။ အမှန်မှာတော့ ဇင်ယော်တစ်ကောင် ဒါမှမဟုတ် ငှက်တစ်ကောင်ဖြစ်ချင်တယ်ဆိုတာ ကိုယ့်ကိုအပေါ်စီးက ကြည့်နေသူတွေကို ကိုယ်ကအပေါ်စီးက ပြန်ကြည့်နိုင်မယ်ဆိုတဲ့ အတွေး။ ယုတ္တိရှိလား မရှိလားဆိုတာ မစဉ်းစားချင်ပေမယ့် ကလေးတစ်ယောက်အနေနဲ့ တွေးခဲ့ဖူးတာအမှန်ပါပဲ။

လောကဓံဆိုတာကို လူရယ်လို့ဖြစ်လာကတည်းက ခါးစည်းခံခဲ့ရတယ်။ အနိမ့်အမြင့် အတက်အကျတွေနဲ့ ဘဝဇာတ်ခုံပေါ်မှာ ကျင်လည်ခဲ့တယ်။ အပြုံးတုတွေ ဖန်ဆင်းခဲ့မိသလို ကန့်လန့်ကာမချဘဲ ပြီးဆုံးခဲ့ရတဲ့ ဇာတ်သိမ်းခန်းတွေလည်း ကြုံခဲ့ရပြန်တယ်။ လူမနေတဲ့ တောအုပ်တစ်အုပ်မှာ လူရယ်သံတွေကြားရသလိုမျိုး ချောက်ချားစရာ၊ ထိတ်လန့်စရာတွေနဲ့ ပြည့်နှက်ခဲ့တဲ့ဘဝတစ်ခုကိုလည်း ရေးထိုးနိုင်ခဲ့တယ်။ တကယ်တော့ ဘဝဆိုတာ ရွှံ့ကြားကန်ထဲက ဗေဒါပန်းတစ်ပွင့်လိုပါပဲ။ ရွှံ့ကြားပန်းညှိုးချိန်မှ နိုးထရပြီး ပန်းတစ်ပွင့်ဖြစ်ကြောင်းကို သီအိုရီမရှိတဲ့ ညီမျှခြင်းတွေချပြရင်း ပွင့်လန်းဖို့ကြိုးစားရတဲ့ ဗေဒါပန်းတစ်ပွင့်သာပေါ့။ ။

## ဘဝခရီးသည်

ငါလျှောက်သောလမ်း၊ ခရီးဆန်း၌
ကြမ်းတမ်းခက်ထန်၊ ပူမီးလျှံနှင့်
ကံကြမ္မာဆိုး၊ ဝင်လာတိုးလို့
ဆိုးချင်လည်း ဆိုးလိမ့်မည်။
ငါလျှောက်သောလမ်း၊ ခရီးဆန်း၌
ပန်းပေါင်းဝေဆာ၊ရနံ့ဖြာ၍
သာယာမှုပေါင်း၊ ဝင်လာညောင်းလို့
ကောင်းချင်လည်း ကောင်းလိမ့်မည်။
ငါလျှောက်သောလမ်း၊ ခရီးဆန်း၌
ကြမ်းလည်းမရှုံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား၊ ရည်မှန်းထားသည့်
မြင့်မားပန်းတိုင်၊ ထွင့်မဏ္ဍိုင်ကို
မယိုင်လို့လ၊ ဝီရိယဖွဲ့
ခိုင်မြဲယှဉ်ခေါ်၊ ဉာဏ်သုံးဖော်နှင့်
အကျော်ဒေးယျ၊ ငါကြားရဖို့
ဘဝခရီး၊ ဒီခရီးကို
အပြီးရောက်အောင်၊ ငါစွမ်းဆောင်မည်
အောင်ပြီစကား ကြားနိုင်ဖို့။

**နေဝန်းနီ(နတ်မောက်)**

## အနန္တမေတ္တာ အိုမာတာ

လောကဒဏ်ကိုအန်တု
သေမင်းနဲ့စစ်ခင်း
ချစ်ခြင်းကိုဦးထိပ်ထား
သင်္ချိုင်းဝတံခါးကိုခေါက်လို့
လူ့ဘဝကိုရှင်သန်စေခဲ့တာ
နှိုင်းတုမရပါ အိုမာတာ။

**တက်ခေတ်(မိုးညို)**
တက္ကသိုလ်ဝင်တန်း

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# ပြန်လိုချင်မိပါသည် ငယ်ငယ်တုန်းကဆောင်းရာသီ

**အောင်နိုင်သူ**

Maths (second)၊ ဟသ်ာတတက္ကသိုလ်

မနက် မိုးလင်းလို့ အိပ်ရာနိုးတော့ ကျွန်တော်မျက်နှာသစ်ဖို့ အောက်ဆင်းလိုက်တာနဲ့ ဘာရယ်မသိ လွမ်းသလိုလို ခံစားလိုက်ရသည်။ ပိုပြီးသေချာတဲ့နောက်တစ်ချက်ကတော့ မြောက်အရပ်မှ လေပြည်လေညင်းတွေက ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကို ဝင်ရောက်တိုးဝှေ့သွားပြီဆိုရင်ပဲ ကျွန်တော်သိလိုက်ပါပြီ။ ဒါ ကျွန်တော်အကြိုက်ဆုံး ဆောင်းရာသီရောက်ပြီဆိုတာကိုပေါ့။

ဒီလိုနဲ့အတွေးက တစ်စတစ်စနဲ့ ငယ်ငယ်တုန်းက ဖြတ်သန်းခဲ့တဲ့ ဆောင်းရာသီကို ရောက်သွားတယ်။ ငယ်ငယ်တုန်းကဆိုရင် ကျွန်တော်တို့အိမ်ရှေ့ မျက်စောင်းထိုးလောက်မှာ လယ်ကွင်းတစ်ကွင်းရှိတယ်။ မနက်မိုးလင်းပြီဆိုတာနဲ့ ဘောလုံးတစ်လုံးယူပြီး သွားတန်းစီနေတာပေါ့ဗျာ။ ဟိုကန်ဒီကန်နဲ့ လူခေါ်နေတာပေါ့။ အဲလိုနဲ့ လူလည်း လေး၊ငါးယောက်လောက်လာပြီဆိုတာနဲ့ စကန်တော့တာပဲ။ တစ်ခါတလေ ပွဲကောင်းရင် နေ့ခင်း ထမင်းစားဖို့တောင်မေ့တယ်။ အိမ်လည်းပြန်ရောက်ရော အဆူခံရပါလေရော။ အဖေကတော့ "မင်း အဲလောက်ကန်ချင်နေရင် အားကစားသိပ္ပံတက်တဲ့။ ဒီမှာကန်နေလို့ကတော့ ခြေထောက်နာတာပဲအဖတ်တင်မှာပေါ့ကွ"တဲ့။ ဒါနဲ့ ကျွန်တော်လည်း ကိုယ်က မှားနေတော့ ငြိမ်နေတာပေါ့ဗျာ ဟဲဟဲ။

မိဘတွေဆူတာလည်း ဟုတ်ပါတယ်လေ။ အခြားလူတွေသာ ပြန်သွားတယ်။ ကျွန်တော်က ထပ်ပြီးလာတဲ့သူကို လက်ခံကစားတုန်းကိုဗျ။ အဲဒါကြောင့်လည်း ခြေထောက်တွေ၊ ဒူးတွေမှာလည်း အမာရွတ်တွေချည်းပဲ။ ဒဏ်ရာတွေရတာလည်း မပြောနဲ့လေ။ လယ်ကွင်းထဲမှာ သူများအိမ်က စွန့်ထားတဲ့ ပုလင်းကွဲတွေရော၊ ဘူးခွံတွေရော စုံနေတာပဲ။

ဆောင်းရာသီရဲ့ မနက်ခင်းတွေကို ကျွန်တော်အနှစ်သက်ဆုံးပေါ့။ ဆီးနှင်းကျသံက တဖြောက်ဖြောက်။ အအေးဓာတ်က တစိမ့်စိမ့်။ မြူလေးတွေက တဝေဝေနဲ့ဗျာ။ ရင်ထဲမှာ အလိုလိုကြည်နူးနေမိတယ်။ အိမ်ရှေ့က မြက်ခင်းမှာလည်း နှင်းရေလေးတွေ စိုစွတ်ပြီး စိမ်းလန်းနေတာကလည်း စိတ်ထဲမှာ ပီတိတစ်ခုဖြစ်သွားတယ်ဆိုရင်လည်း မမှားဘူး။ မနက်ပိုင်းအစောကြီးထပြီး အအေးဓာတ်ကို အန်တုမီးလှုံနေကြတာကလည်း ချစ်စရာဝလေ့တစ်ခု။ မီးလှုံရင်းနဲ့ အရှေ့အရပ်မှ ရောင်ခြည်တစ်ထောင်အလင်းဆောင်တဲ့ နေမင်းကြီးအလာကို စောင့်နေရတာလည်း ကျွန်တော့်အတွက်တော့ ရင်ခုန်စရာကြီးဖြစ်နေပါရောလား။ ဒီလို ဆောင်းရာသီရဲ့ မနက်ခင်းအလှတွေကို စာခြယ်မှုန်းလို့ ကုန်နိုင်မယ်မထင်ပါဘူးဗျာ။

သီတင်းကျွတ်လပြည့်နေ့ညရောက်ပြီဆိုရင်လည်း ပျော်ဖို့အရမ်းကောင်းတာပါပဲ။ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး ဆီမီးတွေ ထွန်းကြတယ်။ ပြီးတော့ ဆီမီးလှည့်တဲ့ သူတွေလာပြီဆိုရင် အပျိုတွေကြားထဲ ဗျောက်အိုးတွေပစ်ထည့်တာပေါ့။ အဲတော့ အပျိုလေးတွေက လန့်ပြီး ထွက်ပြေးတာမြင်တော့ ကျွန်တော်တို့က ကလေးပဲဗျ၊ ဝိုင်းရယ်ကြတာပေါ့။ အဲတော့ မိဘတွေက "ဟဲ့ကလေးတွေ အဲလိုတွေမလုပ်ရဘူးလေ" အဲလိုပေါ့ဗျာ ဆူကြတာပေါ့။ ဆူတော့လည်း ခဏတော့ ငြိမ်သွားတာပေါ့။ နောက်ပြီးတော့လည်း ဒီအတိုင်းပါပဲ။ ထပ်လုပ်တာပဲ။ ကျွန်တော် ငယ်ငယ်တုန်းက အဲလိုဗျ။ ပျော်စရာရှိရင် အဲလိုပဲ လွတ်ပျော်လိုက်တာပဲ။ ပြီးတော့ လပြည့်နေ့ညမှာ မီးပုံးပျံ ဘယ်သူလွတ်မလဲဆိုပြီး ကောင်းကင်ကိုမော့ကြည့်ရတာလည်း အခါခါပဲ။ အမှန်ပြောရရင် ဆောင်းရာသီရဲ့ သီတင်းကျွတ်လပြည့်ညကို ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူးဗျာ။

ကျောင်းမှာဆိုရင်လည်း ကျွန်တော်ပဲဗျ။ ဆောင်းရာသီဆိုတော့ ကျောင်းထဲက ရေတွေကလည်း ခမ်းခြောက်ကုန်ပြီ။ အဲဒီတော့ ဆောင်းရာသီရဲ့ မနက်ခင်းတွေမှာ ဘောလုံးကန်ရတာလောက် ကောင်းတာမရှိဘူး။ ဘောလုံးကန်ရင်း မောပန်းနေတဲ့အချိန် မြောက်လေလေးက ဝှေ့ရမ်းလိုက်တဲ့အရသာက အမောတွေပြေသွားစေတယ်။ ဒီလိုနဲ့ တန်ဆောင်မုန်းလ ကျောင်းကထိန်ဆိုရင်လည်း ကျွန်တော်က ရှေ့ဆုံးပေါ့ဗျာ။ အနီးအနားရွာတွေက အိုးစည်တွေငှားပြီး တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူလိုက်ခံနေရတာကလည်း ပျော်စရာတစ်ခုပဲဗျာ။ ကျွန်တော်တွေးမိပါတယ်။ ဒီလို သီတင်းကျွတ်လပြည့်ညရဲ့ ပျော်ရွှင်မှုတွေ၊ တန်ဆောင်မုန်းလ ကျောင်း ကထိန်ဆိုတာတွေက ကျွန်တော်တို့ ငယ်စဉ်ဘဝမှာပဲရကြတာပါ။ ဒီထက်ပိုပြီး မှန်ကန်တာကတော့ မြောက်လေ ကွန့်မြူး၊ မိုးရေကင်းလွတ်တဲ့ ဆောင်းရာသီအခါသမယမှာပဲ ဒီပျော်ရွှင်မှုတွေရရှိနိုင်တာကိုပေါ့။ ခုဆိုရင် ဆောင်းတွင်းပိုင်း ရောက်လာခဲ့ပြီ။ သို့ပေမယ့် ငယ်စဉ်ကလို ပျော်ရွှင်မှုတွေမရှိတော့ဘူးလေ။ ရွာကနေ ကိုယ်နဲ့မရင်းနှီးတဲ့မြို့ကိုသွားပြီး ကိုယ့်ရဲ့ထမင်းစားလက်မှတ်အတွက် တက္ကသိုလ်တွေ တက်ရောက်နေရပြီလေ။ ခုချိန် အိမ်မှာရှိနေလည်း ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူးလေ။ ကိုယ်က လူပျိုတောင်ဖြစ်နေပြီ။ ကလေးတွေနဲ့လည်း အရင်လို ဆော့လို့မရတော့ဘူး။ ဣန္ဒြေသိက္ခာနဲ့နေရမယ့်အချိန် ရောက်နေပြီ။ ဒါပေမယ့်လည်း ကိုယ်တိုင်မပျော်ရွှင်ရတော့ပေမယ့် ကိုယ့်ရဲ့ ညီလေး၊ ညီမလေးတွေ ပျော်ရွှင်နေတာကိုပဲကြည့်ပြီး ကြည်နူးနှစ်သိမ့်နေရတာပေါ့ဗျာ။ ကဲ ထားပါတော့ဗျာ။ ငယ်ငယ်တုန်းကအကြောင်းလေး ထပ်ပြောရတာပေါ့။

ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ရောက်ပြီဆိုရင်လည်း ကျောင်းက အားကစားပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်လိုက်တာပဲ။ ပြောရဦးမယ်ဗျ။ အဲဒီတုန်းက ကျွန်တော်က အသက်သာငယ်တာ၊ မြန်မာနိုင်ငံက ၁၈၈၅ ခုနှစ်မှာ သူ့ကျွန်ဘဝရောက်တာ။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မျိုးချစ်ရဲဘော်တွေရဲ့ ကြိုးစားအားထုတ်မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ မှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ရပုံတွေကို သိတယ်ဗျ။ အဲလိုသိအောင်လည်း အိမ်က အဖေက ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေ ပြောပြတာကိုး။ ပြီးတော့ ဗိုလ်ချုပ်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းကိုလည်း ဖတ်ခိုင်းတယ်လေ။ ဒီခေတ်ကလေးတွေက ဒါတွေ မသိကြတော့ဘူး။ စာတွေလည်း မဖတ်ကြတော့ဘူး။ ဖုန်းတွေနဲ့ပဲ တစ်နေ့လုံး အချိန် ကုန်နေကြတာ။ ကျွန်တော်တို့ တိုင်းပြည်အတွက်တော့ ရင်လေးစရာပဲဗျာ။ ဒီခေတ်ကလေးတွေ ပျက်စီးတာဟာ ကျွန်တော်ကတော့ မိဘတွေကြောင့်လို့ထင်တယ်။ မိဘတွေက စီးပွားရေးဘက်တွေပဲ အားပေးနေကြတာ။ ဟိုတုန်းကလို နိုင်ငံသမိုင်းကြောင်းတွေ ကလေးတွေကို ပြောမပြကြတော့ဘူး။ ကျွန်တော်ထင်ပါတယ်။ အဲလို မပြောတာဟာ သူတို့ကိုယ်တိုင်ကကို ဘာမှမသိလို့ ကလေးတွေကို ဘာမှမပြောနိုင်တာပဲ။ ကျွန်တော်မိဘတိုင်းကို မပြောပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ တော်တဲ့မိဘတွေရှိလို့ ခေါင်းဆောင်ကောင်းတွေထွက်နေကြတာပေါ့။ ဒါတွေပြောနေရင် ပြီးမှာမဟုတ်တော့ဘူး။

အဲဒီတော့ ကျွန်တော်ငယ်ငယ်တုန်းက ဆောင်းရာသီမှာ ပျော်ရွှင်ခဲ့ကြတာတွေကို အခုအချိန်မှာ တစ်ခါလောက်တော့ ပြန်ပြီးလိုချင်မိတာ အမှန်ပါပဲ။ ဒါပေမယ့် ဆောင်းရာသီဆိုတာ နှစ်တိုင်းပြန်ရောက်လာပေမယ့် ကျွန်တော်ကတော့ ပြန်ငယ်လို့မရတော့ပါဘူး။ တစ်နေ့ထက်တစ်နေ့ အသက်ကြီးလာပြီး အချိန်ကို အကျိုးရှိစွာ အသုံးချရင်းသေမယ့်ရက်ကို ထမင်းစားပြီးစောင့်နေရတယ်လေ။ လောကမှာရှိတဲ့ လူသားတွေဟာလည်း ကျွန်တော့်လိုပဲ ပြန်ပြီးလိုချင်တောင့်တနေမယ့်အရာတစ်ခု ရှိနေကြမယ်လို့ ထင်ပါတယ်။ သူတို့ထဲမှာလည်း ကျွန်တော်နဲ့ ခံစားချက်ချင်း၊ စိတ်ကူးချင်းတူတဲ့လူတွေလည်း အများကြီးရှိပါလိမ့်မယ်။ ဘယ်သူတွေမှာ ဘာစိတ်ကူးတွေပဲရှိရှိ၊ ဘယ်လိုအတွေးတွေပဲရှိရှိ ကျွန်တော်ကတော့ "ပြန်လိုချင်မိပါသည် ငယ်ငယ်တုန်းကဆောင်းရာသီ"။

■

## မုဒိတာပီတိ

**နေခြည်နွေးနွေး**

B.A(Eco)

ဝန်ထမ်းဘဝနဲ့ကျရာနေရာမှာ တာဝန်ထမ်းဆောင်ရင်း မွေးရပ်ဌာနေကို မပြန်ဖြစ်သည်မှာ ခြောက်နှစ်ကျော်ခုနစ်နှစ်နီးပါး ကြာခဲ့ပါပြီ။ ဒီနှစ်သီတင်းကျွတ်တော့ ကျွန်တော့်မိဘတွေကို ကန်တော့ရင်း ရွာဘုရားပွဲအမီ ပြန်ဖြစ်အောင်ပြန်ခဲ့မိပါတယ်။ အချိန်နဲ့အမျှပြောင်းလဲတိုးတက်နေတဲ့ အိုင်တီခေတ်လို့ပြောနေပေမယ့် ရွာရဲ့တကယ့်ပြောင်းလဲမှုတွေကိုမြင်လိုက်ရတော့ ကျွန်တော်အံ့သြမိတာ အမှန်ပါ။ ရွာဝင်တာနဲ့ ဖုန်းလိုင်း မမိတော့တာကလွဲလို့ အိမ်တိုင်းလျှပ်စစ်မီးနဲ့ရေပိုက်လိုင်းတွေနဲ့ အဆင်ပြေနေတာကိုတွေ့ရတော့ ကျွန်တော်တို့ငယ်ငယ်က ပခုံးပေါ်က် အောင်ရေထမ်းခဲ့ရတာတွေ၊ ရေနံဆီမီးခွက်နဲ့ စာကျက်ခဲ့ရတာတွေဟာ ပုံပြင်တစ်ပုဒ်လိုများဖြစ်သွားပြီလားလို့ ခံစားမိပါတယ်။

ဒီထက် အံ့သြဝမ်းသာစရာကောင်းတဲ့အဖြစ်ကတော့ ရွာလယ်မှာတွေ့ခဲ့ရတဲ့ ငယ်သူငယ်ချင်းကိုနိုင်ရဲ့ဝမ်းသာအယ်လဲနှုတ်ဆက်လိုက်တဲ့အသံပါပဲ။ "ဟာ ငအောင်မင်းပြန်လာတာအတော်ပဲ။ ငါတို့သူငယ်ချင်းတွေအားလုံး မင်းကို မျှော်နေကြတာကွ။ အထူးသဖြင့်ငါပေါ့ကွာ" လို့ ပြောရင်း ကျွန်တော့်အိမ်အထိလိုက်လာခဲ့ပါတယ်။

ကျွန်တော်လည်း ခရီးရောက်မဆိုက်ဘာပါလိမ့်လို့ တွေးရင်း ဒီကောင် မိန်းမများခိုးမလို့လားမသိဘူးလို့ တွေးမိပါသေးတယ်။ ဒါပေမယ့်သူပြောပြတဲ့အကြောင်းကိုကြားလိုက်ရတဲ့အချိန်မှာတော့ ကျွန်တော့်အတွေးကို ကျွန်တော် နောင်တရမိသွားပါတယ်။

တကယ်တော့ ကိုနိုင် မလေးရှားက ပြန်ရောက်လာတာ သုံး၊လေးနှစ်လောက်ရှိပြီထင်ပါတယ်။ သူပြန်လာခါစက ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး သူပြန်ရောက်ပြီဆိုတဲ့ အကြောင်းနဲ့ နောက်တစ်ခေါက် အခြားနိုင်ငံတစ်ခုကို ပြန်ထွက်မယ်လို့ ကျွန်တော့်ကိုပြောပါတယ်။ ဒါနဲ့ကျွန်တော်လည်းကျွန်တော့်စိတ်ထဲရှိတဲ့အကြံတချို့ကို ပေးဖြစ်ခဲ့ပါတယ်။

"ကိုနိုင်ရာ ငါသာဆို ဒီလောက်အရင်းအနှီးရှိနေရင် သူများနိုင်ငံကို ပြန်မသွားတော့ဘူး။ အခု မင်းရခဲ့တဲ့ပညာနဲ့ ကိုယ့်ရွာမှာပဲ ပြန်ပြီးလုပ်ငန်းတစ်ခုထောင်မှာပဲ။ မင်းအဲဒီနိုင်ငံကိုသွားဖို့ ကုန်မယ့်အရင်းအနှီး၊ သင်တန်းတက်ရမယ့်အချိန်၊ ကုန်ကျစရိတ်တွေပေါင်းပြီး မင်းတတ်ထားတဲ့ပညာနဲ့ လုပ်ငန်းတစ်ခုတည်ထောင်လိုက်ရင် ဒီမှာလည်း အဲဒီလောက်မရဘူးထင်လို့လား။ မင်းလုပ်ငန်းတည်ထောင်လိုက်တာနဲ့ တို့ရွာက လူငယ်အချို့ကိုလည်း အလုပ်ပေးနိုင်သွားမယ်ကွာ။ မင်းက လူငါးယောက်လောက်နဲ့ပဲလုပ်ငန်းစတယ်ထားဦး။ အဲဒီ လူငါးယောက်ကို မှီခိုနေတဲ့ မိသားစု ငါးစုကို မင်းကူညီလိုက်တာနဲ့အတူတူပဲကွ။ အခုဆို တို့ဒေသကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ် သတ်မှတ်နိုင်အောင်လို့ အစိုးရကလည်းကြိုးစားနေတာကွ။ ဒီလိုအချိန်မှာ မင်းတို့ ငါတို့ကလည်း ကိုယ့်ဒေသလေးသာယာအောင်၊ အခွင့်အလမ်းတွေတိုးပွားအောင် ကြိုးစားဖို့လိုတယ်လို့ ငါထင်တယ်ကွာ။ ငါကတော့နိုင်ငံ့ဝန်ထမ်းဆိုတော့ ရွာမှာမနေနိုင်ပေမယ့် ကိုယ့်ရပ်ရွာအတွက် အမြဲစဉ်းစားနေတယ်။ မင်းလိုတော့ အရင်းအနှီးမတတ်နိုင်ဘူးပေါ့ကွာ"လို့ပြောခဲ့တာတွေကို သူကသူငယ်ချင်းကောင်းပီသစွာနဲ့ အကောင်အထည်ဖော်ခဲ့တာ အခုဆို သူက လုပ်သား ၂၀ လောက်ကို အလုပ်ပေးနိုင်တဲ့ လုပ်ငန်းရှင်ပေါက်စလေးဖြစ်နေပြီဆိုတဲ့အကြောင်းနဲ့ ကံအားလျော်စွာပဲ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်တော်တို့ရွာ လျှပ်စစ်မီးရခဲ့တော့ သူ့လုပ်ငန်းလေးလည်း အောင်မြင်ခဲ့တယ်လို့သိလိုက်ရချိန်မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် မြေကြီးနဲ့ခြေ မထိချင်လောက်အောင် ပီတိဖြစ်ခဲ့ရပါတယ်။

ရွာထဲမှာလည်း သူလက်စွမ်းပြထားတဲ့ သံပန်းတံခါးတွေ၊ တံတိုင်းသံပန်းတွေနဲ့ အတော်ကိုခံ့ညားလှပနေတာကို မြင်ခဲ့ရပါတယ်။ကျွန်တော့်စိတ်ထဲမှာလည်း လူငယ်တိုင်း အခုလို ကိုယ်တတ်တဲ့ပညာတွေနဲ့ ကိုယ့်ရပ်ရွာ၊ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံအတွက် မဆုတ်မနစ်ကြိုးစားကြလျှင်ကောင်းလေစွလို့တွေးမိရင်း မုဒိတာပီတိဖြစ်မိသည်ကအမှန်ပါ။

## အောင်လံလွှင့်သူ

အောင်လံလူလူ လွှင့်ထူခဲ့သူ
မည်သူမဆို
အမှောင်မှာမငို
ကိုယ့်အားကိုယ်ကိုးလို့
ခွန်အားသတ္တိတို့နှင့်
ကျပ်တည်းရာလောကခံမှာ
လုံ့လစိုက်ထုတ်
အဘယ်သူမျှမမှု
အားထုတ်လို့ရတဲ့ဆု
အိပ်မက်တို့ဆစ်ထု
မျှော်လင့်ချက်ထားရာ
တိမ်ထက်သို့လှမ်းခုန်
အောင်လံမီးမာန်ဟုန်။

**တင်ထွင့်**

## စိတ်ဓာတ်တွေမမွဲဖို့

အမြီးကျက်အမြီးစား
ခေါင်းကျက်ခေါင်းစားတဲ့ခေတ်။
သံကိုကြွက်စား သားကိုစွန်ချီတဲ့ခေတ်။
သမင်အော်သံကြောင့်
ခြင်္သေ့တွေပုန်းနေရတဲ့ခေတ်။
အတုအယောင်တွေကြားမှာ
အမိုက်မှောင်တွေဖုံးနေတဲ့ခေတ်။
ခြစားနေတဲ့ခေတ်ထဲ စိတ်ဓာတ်တွေမမွဲဖို့
စာအုပ်စာပေကိုဖတ်ကြစို့။

**နွေ(အဖျောက်)**

## အနစ်တွေ ချောင်ကပ်နေကြရတယ်

တရှေ့ရှေ့ တိုက်စားလာတဲ့
ခေတ်ရေစီးကြောင်းရဲ့အောက်မှာ
အနစ်. . . အနစ်တွေ
ပါပါသွားခဲ့တယ်။
အသစ် အသစ်တွေကြားမှာ
အနစ် အနစ်တွေ. . . .
အထိအတွေ့ နည်းပါးလာကြတယ်။
ဒီထဲမှာ
ယဉ်ကျေးမှုတွေပါတယ်
အကျင့်စရိုက်တွေပါတယ်
ဘာသာစကားတွေပါတယ်
ဒါဟာ ငါတို့အားလုံးရဲ့. . . အနစ်တွေပါ။
ခေတ်ရဲ့ပြယုဂ်တွေအောက်မှာ
ရုပ်ဝတ္ထု စိတ်ပိုင်းဆိုင်ရာတွေက
အပြိုင်အဆိုင်။
ပြိုလုလုကမ်းပါးမှာ
လောဘအငွေ့တွေ
ဒေါသအငွေ့တွေ
အတ္တအခိုးအငွေ့တွေက
အကာအရံမရှိ ဒလဟော။
သြော်. . . ခေတ်ရေစီးကြောင်းအောက်မှာ
အနစ် အနစ်တွေ ပါပါသွားခဲ့တယ်။ ။

**ဟိဏ်းဦးဆည် (တန့်ဆည်မြေ)**

# ကွဲကော်ဖွေးဖွေးတွေနဲ့ ခွဲခဲ့ရပြီးနောက်

မိုးညဖြူ ( တွံတေး )



တောင်ပေါ်ဒေသ၏ ဆောင်းမနက်ခင်းတစ်ခု။ မြူခြေရစ်ဝိုင်းသည့် အဝေးကိုလှမ်းကြည့်လိုက်သည်။ နှင်းမှုန်လိုလို၊ မိုးဖွဲလိုလိုနှင့် မပီပြင်မှုန်ဝါးနေသည့် ဖွေးလွလွမျက်ရည်စက်တွေက စိမ်းညို့ညို့တောင်ခြေကို ဖြတ်တိုက်လာသည့် လေအဝှေ့နှင့်အတူ ညို့ယူဖမ်းစားသွားသည့်ခဏ အတိတ်မှ အရိပ်တို့သည် မှုန်ဝါးရာမှ ပီပြင်သည့် ပန်းချီကားတစ်ချပ်ပမာ စိတ်အစဉ်တို့ကို ဆွဲခေါ်သွားခဲ့လေပြီ။

တစ်ခါတလေ ဘဝမှာဇာတိချက်ကြွေ မွေးရပ်မြေကို စွန့်ခွာပြီး ဟိုးအဝေးကြီးကို ဘဝအတွက်ရုန်းကန်ဖို့ ထွက်သွားရသည့် ခံစားချက်လေးကို ခံစားခဲ့ရပြီ။ ကိုယ့်ဇာတိလေးနှင့် ခွဲရတော့မယ်ဆိုတော့မှ သတိရခြင်း၊ အဲဒီသတိရခြင်းတွေက တရေးရေးတွေးတော့မှ ငယ်ဘဝကစခဲ့ပြီ။ ကိုယ်နှင့်ဆော့ကစားသည့် သူငယ်ချင်း၊ ကိုယ်နေထိုင်ကြီးပြင်းခဲ့ရသည့် ပတ်ဝန်းကျင်၊ ဆွေမျိုးအသိုင်းအဝိုင်းစတာတွေက သတိရခြင်းမှသည် လွမ်းဆွေးခြင်းတို့အဖြစ် ရောက်ရှိခဲ့သည်။

သည်မြို့လေးသည် ရာဇဝင်သမိုင်းများရှိသည့် မြို့။ သည်မြို့လေးသည် ကိုယ်လေးစားအားကျရသည့် အနုပညာသည်များ ထွန်းကားရာမြို့။ စာပေဂီတ ဂန္ထဝင်အကျော်အမော် တွံတေးသိန်းတန်နှင့် မယ်ဒလင်တစ်လက်နှင့် ကိုင်လှုပ်သွားသည့် အဆိုတော်တွံတေးစိုးအောင်တို့ မွေးဖွားရာဒေသ။ သည်မြို့လေးနှင့်ပတ်သက်ပြီး သည်မြို့သားအဖြစ်ဂုဏ်ယူဝင့်ကြွားစွာနေခဲ့ရသူ။ သည်မြို့လေးသည် ရန်ကုန်မြို့၏ တစ်ဖက်ကမ်းတွင် တည်ရှိပြီး မိုင်ပေါင်းအားဖြင့် ၁၇ မိုင်သာဝေးခဲ့ကာ ရွာပေါင်းများစွာနှင့် တည်ရှိခဲ့သော နယ်မြို့လေးအဖြစ် တည်ရှိခဲ့သည်။

ပန်းလှိုင်မြစ်ကြီး၏ စီးဆင်းမှုထဲ တူးမြောင်းကြီး၏ အလျားလိုက် စီးမျောခြင်းကို တံတားတစ်စင်းဖြတ်ထိုးမှုမှာ သည်မြို့လေး၏ တိုးတက်မှုကို မြင့်မားစေသည်။

သည်မြို့လေးသာမက တူးမြောင်းကြီးကမ်းစပ်ပေါ်ရှိ နယ်မြို့ပေါင်းများစွာကိုလည်း ဖွံ့ဖြိုးမှုဖြစ်စေခဲ့သည်။ တံတားကြီးမရှိခင်တုန်းက ရန်ကုန်သို့ သင်္ဘောဖြင့်သာ သွားလာဖြတ်သန်းခဲ့ရသည်။ တစ်မြို့မှတစ်မြို့သို့ စီးပွားကူးသန်းရောင်းဝယ်လိုလျှင်လည်း ရေကြောင်းဖြင့်သာ ကူးသန်းရောင်းဝယ်ခဲ့ရသည်။ ဟိုယခင် တစ်ခေတ်တစ်ခါကဆိုလျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်ရန်နှင့် ပြည်သူ့ရင်ပြင်သို့ အလည်သွားရန်ပင် အလွန့်အလွန် ခက်ခဲခဲ့၏။

ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်လည်ပြောပြတိုင်း ခေတ်လူငယ်ဖြစ်သူတို့အတွက် ပုံပြင်တစ်ပုဒ်ပမာဖြစ်ခဲ့သည်။ ဇာတ်လမ်းတစ်ပုဒ် ပြန်ပြောပြနေသလိုပင် ခံစားခဲ့ကြသည်။ ပုံပြင်တွေ၊ ဇာတ်လမ်းတွေ မဟုတ်ခဲ့ပါ။ တကယ့်လက်တွေ့ဘဝတွေသာ ဖြစ်ခဲ့ကြသည်။ ထိုမြို့လေး၏ ထူးခြားချက်မှာ ဟိုယခင်နှောင်းခေတ်တွေမှသည် ယနေ့ခေတ်အထိ မြင်းလှည်းများရှိနေကြခြင်းပင်ဖြစ်သည်။ ကုန်လွန်ခဲ့ပြီးသောသက္ကရာဇ်အချို့တွင် ရွှေဆံတော်ဘုရားတန်ဆောင်းခြေရင်းကို မြင်းလှည်းဆိုက်ရာ အရပ်အဖြစ်သတ်မှတ်၍ လိုရာခရီးသို့ စီးသွားနိုင်ခဲ့သည်။ စက်ဘီး၊ ဆိုက်ကားဆိုသည်မှာ မမြင်ဖူးကြချေ။ ယနေ့ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ဆိုင်ကယ်ကယ်ရီတွေ ပေါ်ပေါက်ခဲ့သည်။ တစ်ချိန်က မြင်းလှည်းဂိတ်နေရာကို ဆိုင်ကယ်ဂိတ်အဖြစ် နေရာယူခဲ့ကြသည်။

မြို့သူ၊ မြို့သားများအဖို့ ဟိုယခင်တစ်ချိန်က လိုရာခရီးကို ခြေကျင်( သို့မဟုတ် ) မြင်းလှည်းဖြင့် သွားလာခဲ့ရပေမယ့် ယခုအခါ ဆိုင်ကယ်ကယ်ရီများကိုသာ အသုံးပြုကြတော့သည်။ ဆိုင်ကယ်တစ်ခါစီး ၅၀၀ မှသည် ခရီးအတိုအရှည်ပေါ်သို့ မူတည်၍ ဈေးနှုန်းတောင်းကြသည်။ မြင်းလှည်းထက် ပိုမိုမြန်ဆန်သဖြင့် ဆိုင်ကယ်ကယ်ရီကိုသာ ဦးစားပေးစီးဖြစ်ကြတော့သည်။ မြို့လယ်ကောင်တွင်လည်း လွတ်လပ်ရေးကျောက်တိုင်ကြီးတစ်ခုနှင့် ပန်းခြံတစ်ခြံရှိလေသည်။ ထိုအနီးနားတွင် ကားဂိတ်တစ်ခုလည်းရှိလေသည်။

တွံတေးမှသည် ဒလ။ တွံတေးမှသည် ကွမ်းခြံကုန်း၊ ဒေးဒရဲ။ တွံတေးမှသည် လှိုင်သာယာ စသည်ဖြင့်လည်း နယ်စုံသွား၍ရနေပေတော့သည်။ မြို့လေးသည် မြို့အင်္ဂါရပ်နှင့်အညီ မြို့မဈေးကြီး၊ စူပါမားကက်များ၊ ဘဏ်၊ အားကစားကွင်းများနှင့် ဖွံ့ဖြိုးစည်ကားလေသည်။ ထိုမြို့လေးကို လာမည်ဆိုလျှင် ရေလမ်းဖြင့်လာနိုင်သလို ကုန်းလမ်းဖြင့်လည်း လာနိုင်ပေသည်။ ရန်ကုန်တစ်ဖက်ကမ်းမှသည် ဒလဘက်သို့ သင်္ဘောဖြင့် ဖြတ်သန်းလာလျှင် မြစ်ပြင်၏သန့်ရှင်းလတ်ဆတ်သည့် လေညင်းကို ထိတွေ့ခံစားနိုင်သလို ကုန်းလမ်းဖြင့်လာရာတွင် တံတားတစ်စင်းကို ဖြတ်အကျော်တွင် ရှင်းသန့်သောလေညင်းရနံ့ကို ထိတွေ့ခံစားရမည်။ မြို့လေးထဲကိုဝင်ဝင်ချင်းမှာပင် “တွံတေးမြို့မှ ကြိုဆိုပါ၏” ဆိုင်းဘုတ်လေး၏ ထည်ဝါမှုနှင့်အတူ ဘေးတစ်ဖက်တစ်ချက်စီတွင် စိမ်းညို့ညို့ရော်ဘာတန်းကြီးများက ကြိုဆိုနေလိမ့်မည်။ ကွဲ့ကော်ပင်များ အတန်းလိုက်စီတန်းထားသည့် ဖွေးလွလွပင်တန်းလေးများကို တွေ့ရမည်။ လက်ယာဘက်တွင် ရာဇဝင်တွင်ခဲ့ဖူးသော ကုန်သည်ညီနောင်တို့၏ ပေါက္ခရဝတီမြို့ဟောင်းလေးကို တွေ့ရပေလိမ့်မည်။

ကူးလူးဆက်သွယ်ရာ တူးမြောင်းကြီးလည်းရှိသည်။ လက်ဝဲဘက်တွင်လည်း မြွေကြီးများတည်ရှိရာ ဗောင်းတော်ချုပ်စေတီတည်ရှိသည်။ ထိုစေတီမှ လွန်မြောက်သော် ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော ရာဇဝင်ဇာတ်လမ်းထဲက ကျိုက်ဖူး၊ ကျိုက်ပါ စေတီနှစ်ဆူ တည်ရှိလိမ့်မည်။ သည်မြို့လေးသည်ရာဇဝင်တွင်သည့်၊ သမိုင်းကြောင်းများတည်ရှိသည့် နယ်မြို့လေးဖြစ်သည်။ သည်မြို့လေးကိုရောက်ရင် မဖူးမဖြစ်ဖူးမြော်ရမှာကတော့ ရွှေဆံတော်စေတီတော်မြတ်ပင်ဖြစ်သည်။

တစ်နှစ်တစ်ခါ နှောင်းတန်ခူးလရောက်တိုင်း ရွှေဆံတော်စေတီ၏ ဘုရားပွဲတော်ကျင်းပသည်။ ဘုရားပွဲတော်ရောက်တိုင်း ရပ်နီးရပ်ဝေးမှ လာရောက်ဖူးမြော်သည့်အတွက် နှစ်စဉ်စည်ကားသိုက်မြိုက်မြဲပင်ဖြစ်သည်။ သည်မြို့လေးသည် ရှေးဟောင်းအမွေနှစ်များစွာလည်းရှိသည်။ ဒဏ္ဍာရီဆန်သည့် ကျိုက်ဖူး၊ ကျိုက်ပါစေတီဘုရား၏ ရာဇဝင်ဇာတ်လမ်းလေးသည်လည်း မြို့သူ၊ မြို့သားတို့၏ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လည်း ဖြစ်ခဲ့သည်။ သည်မြို့လေးသည် ဝိညာဉ်ပေါင်းများစွာရှိသော မြို့လို့လည်းဆိုနိုင်ပေသည်။ မြို့လေးမှာ မြန်မာတို့၏ အထွတ်အမြတ်ထားရာ စေတီပုထိုးပေါင်း များစွာလည်းရှိသည်။

ကွဲ့ကော်ဖွေးဖွေးတွေပွင့်သောမြို့၊ ရော်ဘာ၊ သရက်၊ ပိန္နဲ၊ ကနစိုးသီးနှင့် ကွမ်းအမျိုးမျိုးတို့လည်း အများဆုံးထွက်ရှိသောမြို့လည်းဖြစ်သည်။

ပျော်ရာမှာမနေရ တော်ရာမှာသာနေရမယ်ဆိုသော စကားနှင့်အညီ “တာဝန်”ဆိုသည့် စကားရပ်ကြားမှာ ခွဲခွာခြင်းဆိုသည်က ကပ်ငြိလို့လာခဲ့ပြီ။ နှစ်ပေါင်း ၂၅ နှစ်တိုင်တိုင် သည်မြို့လေးမှာရှင်သန်ကြီးပြင်းခဲ့ရသည့် နေ့ရက်များကို ပြန်တွေးမိရင် ခွဲရတော့မယ်ဆိုသည့်အသိက ရင်မချိမဖြေသာခဲ့ပြီ။ ကားဂိတ်ကို ဆင်းလာသည့်လမ်းတစ်လျှောက် မြို့မဈေးကြီးထဲက ဈေးသည်များ၏ အော်သံများသည် နှုတ်ဆက်နေသယောင် ထင်မှတ်မှားခဲ့ရသည်။ အရာအားလုံးကို ကျောခိုင်းထွက်ခွာခဲ့ပါပြီ။ သည်မြို့လေးနှင့်ဝေးရတော့မည်။ စီးလာသည့်ကားလေးက တရိပ်ရိပ်နှင့် ရော်ဘာတောများကို ဖြတ်ကျော်လာခဲ့ပြီ။ ကိုယ်နှင့်အကျွမ်းတဝင်မရှိသည့် တောင်ပေါ်မြို့လေးကို ထွက်ခွာလာခဲ့ပြီမို့ ငယ်ဖော်မြို့လေးကို ခွဲခွာလို့ထားရစ်ခဲ့ရပြီ။ ကားလေးပေါ်မှာတော့ အတွေးပေါင်းမြောက်မြားစွာနှင့် ထွက်ခွာခါနီး အမေ့ကို နှုတ်ဆက်ကန်တော့အပြီး အမေမှာသည့်ဆုံးမစကားလေးကို ပြန်လည်လို့ကြားယောင်မိသည်။ မိသားစု၊ သူငယ်ချင်းအပေါင်းအသင်းနှင့် ဇာတိချက်ကြွေမွေးရပ်မြေလေးကို ဘယ်လောက်တွယ်တာ သံယောဇဉ်ကြီးသည်ဆိုတာကို အမေသိသည်။ မျက်ဝန်းမှ မျက်ရည်တို့ကတစ်ဆင့် ရင်ထဲကခံစားချက်တို့အထိ အမေကဖြေသိမ့်ပေးခဲ့သည့် စကားလည်းဖြစ်သည်။

“ဘဝဆိုတာမတည်မြဲဘူး သမီး။ ပျော်ရာမှာမနေရ တော်ရမှာသာနေရမယ်။ ခွဲခွာခြင်းဆိုတာရှင်လျက်နဲ့ ခွဲခွာကြရသလို သေဆုံးခြင်းနဲ့လည်း ခွဲခွာကြရတယ်။ အသက်တွေလည်းကြီးလာမယ်။ ကြီးပြင်းလာတဲ့ တစ်လျှောက် ဖြစ်ချင်တာတွေရှိမယ်။ လုပ်ချင်တာတွေရှိမယ်။ ဖြစ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရွေးချယ်တတ်ရမယ်။ ကိုယ့်ရွေးချယ်မှုဟာလည်း အမှန်ကန်ဆုံးလည်းဖြစ်ရမယ်။ အကောင်းဆုံးနဲ့ အရိုးသားဆုံး ကျင်လည်ဖို့တော့ လိုလိမ့်မယ်”

မြို့အဝင်ဆိုင်းဘုတ်လေးကို လှမ်းမြင်နေရပါပြီ။ ရင်ခွင်တစ်ခုလုံးလည်း ဆို့နင့်လို့လာခဲ့သည်။ တောတန်းလေးကို ဖြတ်တိုက်လာသည့် တူးမြောင်းရေပြင်ပေါ်က လေနုအေးလေးကို တဝကြီးရှူရှိုက်ရင်း မျက်ရည်တို့သည် အတားဆီးမဲ့ ကျလာခဲ့လေသည်။ ဆိုင်းဘုတ်လေးနှင့် နီးလေလေ ခွဲခွာခြင်းဆိုသည့်အသိက ဝင်လေလေဖြစ်လာခဲ့သည်။ ဆိုင်းဘုတ်လေးကတော့ ခံ့ညားစွာနှုတ်ဆက်နေခဲ့ပြီ။

“တွံတေးမြို့မှ လိုက်လံ့စွာ နှုတ်ဆက်ပါ၏”တဲ့ ကျော်လွန်ခဲ့ပါပြီ။ တစ်ဖက်မျက်နှာမှာကလည်း တွံတေးမြို့မှ ကြိုဆိုပါ၏”ဆိုတဲ့ စာတန်းလေးကိုလည်း ကျောခိုင်းခဲ့ပါပြီ။ ကားလေးကတော့ တရွေ့ရွေ့နဲ့သွားနေဆဲ။ ငယ်ကျွမ်းမြို့လေးကို ခွဲခဲ့ရပြီဆိုတဲ့အသိနဲ့တင် လည်ပြန်အလွမ်းတို့ကို မျက်ရည်များကဆွဲခေါ်သွားခဲ့ပြီ။ တိုက်ခတ်လာသည့် လေနုအေးနှင့်နှင်းစက်တို့က ဖြတ်အခြေမှာတော့ အတိတ်တို့ကို နှုတ်ဆက်လို့ “ဩော် ဘာလိုလိုနဲ့ငါတောင် တောင်ပေါ်မြို့လေးရဲ့ ပန်းကျောင်းတော်ကြီးဆီရောက်လို့ အနာဂတ်ပန်းလေးတွေကို ပြုစုပျိုးထောင်ပေးနေရတဲ့ ဆရာမတစ်ဦးတောင် ဖြစ်နေပါရောလား။ ။

## ငယ်ဘဝ...

မိုးစက်တွေ ဖျန်းလေပြီ
ဖြိုးလက်ဝေ ပန်းရွှေစီလို့
လွမ်းနေသည် ငယ်စဉ်ဝယ်
ရယ်ရွှင်ဖွယ် တို့ဘဝကို
ဆွေးမိရကြောင်း...
တို့များလေ အရင်ကွယ်
မြို့သားတွေ အမြင်ကျယ်လို့
အစဉ်ကွယ် မိုးအေးမှာ
ခိုးပြေးကာ ဘောကန်ကြတယ်
ပြောခံရကြောင်း...
ထမင်းဝိုင်း အမြဲစား
အတင်းဆိုင်း အမဲသားနဲ့
ခွဲထားတယ် သရက်သီးကို
မက်ကြီးလာ မျိုချကာရယ်
ချိုလှပါကြောင်း...
မြက်တောက တက်အလာ
ဆက်ပြောရ ခက်ပါရဲ့
လက်မှာကွဲ့ ကျွတ်နော
အလွတ်သာ ဘေးကုတ်နေတယ်
သွေးစုပ်လေကြောင်း...
ဩော်...
မိုးအပြေး အစပျို
ဟိုးကလေး ဘဝကို
အရလို တွေးမိလာ
ဆွေးထိနာ နွမ်းလျတယ်
လွမ်းလှပါကြောင်း ...

မောင်နှင်းခဲ(သံတွဲ)
AGTI Thandwe
(second year civil)

## မာတာမိခင်

ဈေးတောင်းကိုရွက် ချွေးသန်ထွက်၍
သားတွက်မည်ည်း နူးတွေကြီးစေ
ဝမ်းမီးအသက် ခရီးဆက်ရာ
မကွက်စိတ်ထား မေ့နှုတ်ဖျားက
မအားလပ်လည်း ပြုံးနေဆဲ။
ရလာငွေလည်း စားဝတ်နေရေး
ချင့်တွေးသူ့မှာ ခွဲခြမ်းဖြာပြီး
မျက်နှာမငယ် လူ့ရပ်ခွင်ဝယ်
ညစ်ဖွယ်ဂုဏ်ရှိန် မမှေးမှိန်ဖို့
တင်းတိမ်စွာစား ကျောင်းလည်းထားသည်
ငါ့သားလူမော် ကျော်စေသော်။
မေတ္တာစုပေါင်း မိခင်လောင်းက
ကြိမ်းမောင်းပြောဆို ရိုက်နှက်လိုလည်း
သင့်ကိုသွန်သင် တည့်မတ်ပြင်ရာ
သာချင်လွန်လျက် လိမ္မာသွက်ကွယ်
စိတ်ပျက်ဝမ်းခါး မဖြစ်ငြားဟု
သူကားမွေးကျိုး မမျှော်ကိုးဘဲ
ပိုတိုး၍သာ ချစ်မြဲပါ။

မောင်ငြိမ်း(ခရမ်းမြေ)

# ချီးကျူးခံရသောအခါ

ယမင်းခင်
2nd year M.B.B.S

ကျွန်မတို့သည် ပုထုဇဉ်လူသားများဖြစ်ကြသည့်အလျောက် ချီးမွမ်းခံရသည်ကို နှစ်သက်ကြသည်။ မိမိကို အကောင်းပြောလျှင်၊ အသိအမှတ်ပြုလျှင် မနောခွေ့တတ်ကြသည်။ အသိအမှတ်ပြုသော ချီးမွမ်းစကားလေးတစ်ခွန်းက ကိုယ့်ကိုအားတက်စေသည်။ ကိုယ့်လုပ်ရပ်ကို ချီးကျူးခံရသောအခါ ရှေ့ဆက်၍လုပ်ဆောင်ရမည့် ကိစ္စများကို အင်တိုက်အားတိုက် ပိုမို၍လုပ်ကိုင်လိုလာသည်။ ချီးမွမ်းဂုဏ်ပြုစကားလေးသည် ကိုယ့်အတွက် ခွန်အားဖြစ်လာသည်။

သို့သော် ချီးကျူးစကားသည် ကိုယ့်အတွက် ခွန်အားဖြစ်လာရမည့်အစား ကိုယ့်ကို တုပ်နှောင်သည့် ကြိုးလည်းဖြစ်လာနိုင်သည်။ ချီးကျူးစကားများကို သာယာနစ်မြောပြီး ကိုယ်ရှေ့ဆက်လုပ်ဆောင်သွားရမည့်ကိစ္စများကို မေ့လျော့သွားသောအခါတွင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ချီးမွမ်းခံရခြင်းဆိုသည့် လောကဓံတရားကို ကြံ့ကြံ့မခံနိုင်တော့သောအခါတွင်ဖြစ်ပါသည်။ ချီးကျူးခံရသည်ကိုသာယာပြီး ကိုယ့်ကိုယ်ကိုယ် တော်လှပြီဟုထင်နေသူသည် တံလျှပ်ကို ရေထင်နေသူနှင့်တူပါသည်။ ချီးကျူးခံရခြင်းသည် အောင်မြင်ခြင်းမဟုတ်ပါပေ။ အောင်မြင်ခြင်းဆိုသည်မှာ ကိုယ်တကယ်လေ့လာခဲ့သည်၊ ကိုယ်တကယ် ကြိုးစားခဲ့သည်ဟု ကိုယ့်ဘာသာလက်ခံနိုင်ဖို့ဖြစ်သည်။

ကိစ္စတစ်ခုကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးဆောင်ရွက်ရခြင်းသည်ပင် ကျေနပ်စရာအကောင်းဆုံးဖြစ်သည်။ အကောင်းဆုံး မကြိုးစားတော့သောအချိန်သည် ကိုယ်ရှုံးသွားသောအချိန်ပင်ဖြစ်သည်။ ကိုယ်အကောင်းဆုံးလုပ်ခဲ့သည်၊ မလုပ်ခဲ့သည်ကို ကိုယ်ကိုယ်တိုင် သိပါသည်။ ကိုယ်အကောင်းဆုံးမလုပ်ခဲ့သည်ကို သိနေပါလျက် အဘယ်မှာ လိပ်ပြာလုံတော့အံ့နည်း။ အဘယ်မှာ ယုံကြည်မှုရှိတော့အံ့နည်း။ ယုံကြည်မှုမရှိသူသည် အရှုံးနှင့် ရင်ဆိုင်ရမည်မှာ မလွဲပေ။ ထို့ကြောင့် ချီးမွမ်းစကားများကို ကိုယ်ဆက်လုပ်ရမည့်ကိစ္စများအတွက် "အား" ဖြစ်စေပြီး ကိုယ့်ကိုချည်နှောင်မည့် "ကြိုး"မဖြစ်စေရန် သတိချပ်သင့်ကြပါသည်။

# သူငယ်ချင်းသို့ပေးစာ

ဇေယျာသွေး

သူငယ်ချင်း...ငါစိတ်ဓာတ်ကျတဲ့ အခါတိုင်း စာအုပ်တွေ ပိုလို့ ဖတ်ဖြစ်လာတယ်။ ပြီးတော့ နှလုံးသားရင့်ကျက်မှု (emotional maturity)ရှိအောင် ကြိုးစားပြီးနေတတ်လာတယ်။ ပြီးတော့ စာတွေလည်း ရေးဖြစ်လာတယ်။ ငါ့လို စိတ်ဓာတ်ကျနေတဲ့အချိန် ငါ့သူငယ်ချင်းတွေဖတ်ဖို့ပေါ့။

တကယ်တော့ ငါတို့စိတ်ထဲက ခံစားမှုတွေကို ငါတို့အတွေးတွေက ဖန်တီးလိုက်တာပဲ သူငယ်ချင်း။ သင်္ချာမှာ ပုံသေနည်းတွေရှိပေမယ့် ဘဝမှာ ပုံသေနည်းမရှိဘူး သူငယ်ချင်း။ စဉ်းစားကြည့်တော့ ဒုက္ခဆိုတာ ငါတို့သွားတဲ့လမ်းကို မီးမောင်းထိုးပြနေတာပဲ။ အစတော့ ငါလည်း မီးလုံးကြီးတစ်လုံး နောက်ကလိုက်နေတယ်ဆိုပြီး ကြောက်ကြောက်လန့်လန့် ပြေးထွက်ခဲ့တယ်။ အမှန်တော့ ကိုယ်သွားရာလမ်းကို မီးမောင်းထိုးပြနေတယ်ဆိုတာ နောက်မှသိခဲ့ရတယ်။

သူငယ်ချင်း... ငါတို့ ဆုံးရှုံးမှုတွေ ကြုံလာတိုင်း ဝမ်းနည်းနေလို့မဖြစ်ဘူး။ ဆုံးရှုံးမှာကိုကြောက်နေရင် အဲ့ဒါကြောက်နေတဲ့အရာက ကိုယ့်ကို အနိုင်ယူသွားတတ်တယ်။ ဆုံးရှုံးမှုကနေ ငါတို့ သင်ခန်းစာ ယူလိုက်တာ အကောင်းဆုံးပေါ့။

အခက်အခဲဆိုတဲ့အတိုင်း အခက်ထဲမှာ ငါတို့ ခဲကြရမယ်။ အခက်အခဲကို ငါတို့ကတန်ဖိုးရှိအောင် အသုံးချကြရမယ်။ လူရယ်လို့ဖြစ်လာရင် တစ်ချိန်မဟုတ်တစ်ချိန် အခက်အခဲ ဒုက္ခဆိုတာ ကြုံတွေ့လာကြရမှာ ဓမ္မတာပဲ သူငယ်ချင်း။

ဒီတော့ ငါတို့ ဘာလုပ်ကြမလဲ။ ဒုက္ခကို ရှောင်နေလို့ မဖြစ်ဘူး။ ဒုက္ခကို ရှောင်နေတဲ့သူဟာ တကယ် အရည်အချင်းပြည့်ဝတဲ့သူမဟုတ်ဘူး။ လုပ်သင့်တာကို လုပ်ရမယ်။ လုပ်သင့်တာကို လုပ်လို့ ဒုက္ခတွေ့ရင်တောင် ဒုက္ခခံပြီး ဆက်လုပ်ကြရမယ်။ လူတစ်ယောက်အကြောင်းကို ကောင်းကောင်းသိချင်သလား။ ဒါဆို ဒုက္ခ ရောက်နေချိန် သူဘာလုပ်လဲဆိုတာသာ သေချာကြည့်လိုက်ပါတဲ့။ မင်းကရော . . . ဒုက္ခရောက်ချိန် ဘာလုပ်နေမှာလဲ။

စိတ် ထောင်ကျနေတာ ပိုဆိုးတာပဲ သူငယ်ချင်း။ အဲ့ဒီအတွေးတွေကြောင့် ဒုက္ခရောက်နေရတာတွေပေါ့။ Our Life is what our thoughts make it(ဘဝကို အတွေးကဖန်တီးသည်တဲ့ကွ)။ လကွယ်မရှိရင် လပြည့်ညဟာ သိပ်ပျော်စရာကောင်းမှာ မဟုတ်ဘူး သူငယ်ချင်း။ အခက်အခဲမရှိခဲ့တဲ့ ဘဝဆိုတာ ဆားမပါတဲ့ ဟင်းတစ်ခွက်လို အရသာပြည့်ဝမှုပေးနိုင်မှာ မဟုတ်ဘူး။

ငါတို့ရဲ့ဘဝမှာ လပြည့်ညတွေ ကြုံရဦးမယ်ဆိုတာ သိထားရမယ်။ ဒါကြောင့် ကံဆိုးသလား၊ ကံကောင်းသလား ဆိုတာ ငါတို့မပြောနိုင်သေးဘူး။

ဒါပေမယ့် ကံယုံပြီး ဆူးပုံမနင်းမိပါစေနဲ့။ ကံကိုတော့ ယုံပါ။ ဒါပေမယ့် ဆူးပုံကိုတော့ ဖယ်ရှားလိုက်ပါ သူငယ်ချင်း။

ဘဝဆိုတာ သင်္ချာပုံသေနည်းတစ်ခု မဟုတ်ဘူးလေ။ ဒုက္ခရောက်လို့ ပျင်းမနေနဲ့။ ပျင်းရင် ဖျင်းသွားမယ်။ ဖျင်းရင် အ သွားမယ်။ အ သွားတော့ သုံးမရတော့ဘူးပေါ့။ ငါတို့ သူငယ်ချင်းတွေလည်း ဘဝထဲက သင်ခန်းစာယူပြီး လောကဓံ လံကဓော ကို ရဲဝံ့စွာရင်ဆိုင်လိုက်ကြရအောင်လေ။

■

## ညှော်ဆိုးညှော်ကောင်း

* မနာလိုခြင်းဝန်တိုကင်း၍
စိတ်ရင်းဖြူစင် အေးရိပ်ဆင်ကာ
သွင်သွင်မေတ္တာထားရှိပါမူ
ထိုသူ့စိတ်ဝမ်းနှလုံးပန်းသည်
လန်းလန်းစွင့်စွင့် မွှေးထုံပွင့်၏။
* လမ်းလွဲကြိုးသ မစ္ဆရိယနှင့်
မောဟမကွာ ဒေါသပါ၍
ငါစွဲတရား လက်ကိုင်ထားလျက်
ပြုငြားနိုင်မှု လုံ့လပြုသော်
ထိုသူ့ဘဝင် စိတ်အစဉ်သည်
တွယ်ငင်မီးစ ပူလောင်လှ၏။
* ဘဝလူ့ရွာ ခဏလာတုန်း
ငါစွဲမာန မာန်မချဘဲ
အတ္တပြင်းထန် သုခံလွဲမှား
သူတစ်ပါးကို မိုက်မှားညှဉ်းဆဲ
ပြုဝံ့ရဲ၍ မလွဲဝင့်ကြွေး
အသစ်ပေးကာ အပူရာက
ဖြစ်ရာဘဝ ရှုံးပေစွတည့်။
* ကာယကိုရင်း ကုသိုလ်နှင်း၍
စိတ်ရင်းဖြူစင် ဝစီတွင်လည်း
ကြည်လင်သဒ္ဓါ ကုသိုလ်ပါအောင်
ငါစွဲကိုလျှော့ ဒေါသပေါ့သော်
ဦးမော့သိက္ခာ ဘေးကင်းကွာသည်
လူ့ရွာလာကျိုး နပ်လေပြီ။

မောင်စိုးဝေ(မြို့သာ)

## ဆောင်းငယ်

သူရိန်သေးနပ်၊ မာန်စွယ်ဖြုတ်၍
မိုးချုပ်လျှင်လျှင်၊ စောစောဝင်ပေါ့
အိပ်ချင်မှုးမှုး၊ လရောင်ဖူးလည်း
ညဥ့်ဦးကိုမျှ၊ ကြယ်ကိုယို၍
အေးချိုရွရွ၊ အလင်းစတို့
ဖွဖွပွင့်အန်၊ ဆောင်းတမန်လည်း
မြောက်ပြန်လေစီး၊ နှင်းစက်သီးတို့
ကာဆီးဝေ့လည်၊ မှုန်ရီရီနှင့်
အော်. . .
ညသည်ရင့်မှည့် လာပြီကိုး။
ရာသီတွန်းလှန်၊ မိုးကိုကန်၍
ပွင့်အန်လွင့်လူး၊ နှင်းစက်ဖူးတို့
မိုးဖြူးမြေဝယ်၊ မြူခိုးခြယ်လျက်
ဆောင်းငယ်နှင်းဥ၊ ဖဝါးနဖြင့်
ကွယ်လုစွတ်စို၊ ဝသန်အို၏
ယွင်းယိုတံခါး၊ အနီးနားဝယ်
ခြေဖျားထောက်ခုန်၊ မိုးပစ္စုန်ကို
ညင်းသုန်နှင်းပေါက်၊ တံခါးခေါက်၍
ဝင်ရောက်လိုကြောင်း၊ အခွင့်တောင်းသည်
အော်. . .
သည်ဆောင်းခြေလှမ်း စပြီကိုး။ ။

သာကီနွယ်နတ်မောက်

## ဘယ်သောအခါမှ

လှမ်းခွင့်မရှိ၊ နွမ်းချိချိရင်
သူမြင်မလား၊ မျှော်လင့်ငြားလည်း
မမြင်စိမ်းကားရက်သည်သာ။
နမ်းခွင့်မရှိ၊ တမ်းမိပါးပြင်
ကျွမ်းဝင်ချင်သား၊ မှန်းရည်ထားလည်း
မကြင်ငြင်းပယ်ရက်သည်သာ။
လွမ်းခွင့်မရှိ၊ တမ်းချင်မိသူ
ထမ်းပိုးလွမ်းနာ၊ လှမ်းကာမျှော်လည်း
ငြိုငြင်မုန်းချင်ရက်သူသာ။
မျှော်ခွင့်လည်းဖျက်၊ နမ်းမသက်နိုင်
မဆိုင်သူတဲ့၊ နိုင်ယူခဲ့သူ
ငြင်းပယ်ပြူလည်း
ကြည်ဖြူချစ်လျက် ရှိနေမှာ. . .။

သုမေ
BMed.Tech(Medical Laboratory Technology)

## ပျိုးဥယျာဉ်

ဘဝနားခို အပင်အိုကို
ခြောက်ပြိုနေလည်း အားကိုးဆဲနှင့်။
ပင်အိုကပွင့် ရနံ့တင့်၍
အဆင့်ဆင့်ကျန် မျှော်ရပြန်နှင့်။
အပင်ကသီး လိုခရီးသို့
ထီးထီးမားမား အားကိုးထားနှင့်။
ဒီမြေဒီရေ ဒီအခြေတွင်
အနေမှန်ရေး ဇာနည်သွေးဖြင့်
သန့်ဆေးကြည်လင် ပျိုးစေချင်ခဲ့။
ကမ္ဘာတစ်ဝန်း ရင်ပေါင်တန်း၍
လန်းဆန်းဝင့်ထည် နေတင့်တယ်ကာ
အနယ်နယ်ဖြန့် ရည်မွန်ခန့်ဖြင့်
ကျယ်ပြန့်ပန်းခင်း မွှေးလို့သင်းတည်း။

ရှုံးတံ "ပုလဲနှယ်"

## စစ်

စစ်ဆိုမုန်းတယ်တဲ့
ကော်ဖီကျ စစ်မှသောက်ချင်တယ်။
စစ်မှာ မတရားတာ မရှိဘူးတဲ့
လျှာပေါ်ကျ ခါးသက်သက် ကော်ဖီစက်တွေမှ
အရသာရှိချင်တယ်။
စစ်နိုင်တာ ဂုဏ်တဲ့
ကုန်သွားတဲ့ ကော်ဖီခွက်ကိုတောင်
အရသာရှိလွန်းလို့ ရွေချထားချင်ကြတယ်။
လေးနဲ့ မြားနဲ့ ပစ်ခတ်တဲ့ စစ်
သေနတ်နဲ့ ဒက် ဒက် ဒက် ပစ်တဲ့စစ်
ပုံးခိုကျင်းထဲက စစ်
ပြည်တွင်း စစ်
အဏုမြူ စစ်
စစ်တိုင်းမှာ
ကော်ဖီလိုစစ်မှ သောက်ချင်သူတွေ
ခါးသက်သက်မှ ခံတွင်းမြိန်သူတွေ
ကော်ဖီခွက်ကို ရွေချထားချင်သူတွေ
ရှိကိုရှိတယ်။
အသစ်အသစ် ဖြစ်ဖို့
စစ်ဖြစ်စရာ မလိုပါဘူး
အချစ် အချစ်တွေနဲ့
အသစ် ဖြစ်လို့ရပါတယ်။ ။

ပိုင်(ဆေး-၁)
နောက်ဆုံးနှစ် အပိုင်း(ခ) ဆေးတက္ကသိုလ်-၁ရန်ကုန်

## အရိပ်

မင်းဘယ်ကိုပဲသွားသွား
မင်းနဲ့အတူ ငါအမြဲလိုက်တယ်
ဒါပေမယ့် ငါက မင်းရဲ့အရိပ်လေ
မင်းအမှောင်ထုကို ထိုးထွင်းသွားခဲ့ရင်
ငါလုံးဝမလိုက်နိုင်ဘူး
မင်းရဲ့အတ္တတွေ မင်းရဲ့မာနတွေနဲ့
ငါ့ဘဝကြီး ပျက်စီးသွားလိမ့်မယ်...။

မြင့်မိုရ်အောင်
(တမာမြေ)

